www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နေလင်းအောင်

# ငြိဂံရွှေပြား

ဒုတိယပိုင်း ( ဇာတ်သိမ်း )

www.burmeseclassic.com

www.burmeseclassic.com



# ကယ်တင်ရှင်

ဘုံကျောင်းအတွင်း၌ မီးအိမ်တစ်ခုလုံး ထွန်းညှိထားသည်။

မီးရောင်ကြောင့် လင်းလင်းကျင်းကျင်း ဖြစ်နေသည်။

သို့သော် အချို့နေရာများ၌ မှောင်ရိပ်ပကွယ်နေ၏။

ထို့ကြောင့်လည်း ကျင်းစန်းက အမှောင်ရိပ်ထဲ ရောက်ရှိသွားသောအခါ မည်သူမျှ မမြင်နိုင်အောင် ဖြစ်သွားလေသည်။

ကျင်းစန်းသည် သွေးကြောပိတ်ခံထားရသဖြင့် မလှုပ်မယှက် ဖြစ်နေ၏။

ရသေ့နှင့်သူတော်ကို မယုံကြည်နိုင်စွာ ကြည့်နေမိ၏။

ရသေ့သည်လည်းကောင်း၊ သူတော်သည်လည်းကောင်း သိုင်းပညာရှင်များ ဖြစ်နေကြသည် မဟုတ်ပါလား။

သူတို့ သိုင်းပညာရှင်ဖြစ်မည်ဟု ကျင်းစန်း မယုံကြည်နိုင်ခဲ့ပါချေ။

ကျင်းစန်း ကြောင်အမ်းအမ်းဖြင့်ကြည့်နေစဉ်မှာပင် ဘုံ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအပြင်ဘက်မှ ခြေသံများထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လူတစ်ယောက်က ဘုံကျောင်းအတွင်းသို့ လက်နှစ်ဖက်နောက်ပစ်ကာ အေးအေးလူလူ လှမ်းဝင်လာနေခြင်းဖြစ်လေသည်။

ထိုလူကိုမြင်လျှင် ကျင်းစန်း ရင်ထိတ်သွားလေသည်။

ထိုလူမှာ အလွန်ရက်စက်ကြမ်းကြုတ်သည့် သွေးမြေခွေး ဖြစ်နေသည် မဟုတ်ပါလား။

ကျင်းစန်းက ရသေ့နှင့်သူတော်တို့အား လှမ်းကြည့်လိုက်သည်။

သူတော်နှင့်ရသေ့မှာ မျက်နှာချင်းဆိုင် ထိုင်နေကြ၏။ သူတို့၏ မျက်နှာများ တည်ကြည်လေးနက်နေကြသည်။

မည်သို့ဆိုစေ သွေးမြေခွေးရောက်လာခြင်းသည် ကောင်းသောလာခြင်း မဟုတ်ကြောင်း ကျင်းစန်း သဘောပေါက်ထား၏။

သွေးမြေခွေး၏ ရက်စက်ကြမ်းကြုတ်မှုကို သိထားရကား ရသေ့နှင့်သူတော်တို့အတွက် စိုးရိမ်ပူပန်လာလေသည်။

သွေးမြေခွေးသည် ဘုံကျောင်းအတွင်းသို့ ရောက်လာလျှင် ၎င်းတို့အား တစ်ချက်ဝေ့ကြည့်လိုက်ပြီး ...

"ဟား ဟား ဟား"



သဘောကျစွာ ရယ်မောလိုက်လေသည်။

သူ၏ရယ်သံသည် လိုဏ်သံပေါက်ကာ ဟိန်းထွက်လာလေသည်။

အတွင်းအား အလွန်ကောင်းသူဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေပါတော့သည်။

ရသေ့နှင့်သူတော်တို့ သက်ပြင်းချလိုက်ကြသည်။

ထိုင်ရာမှ ထရပ်လိုက်ကြလေသည်။

လူချင်းခွဲပြီး သွေးမြေခွေး၏ ဝဲယာတစ်ဖက်တစ်ချက်၌ ရပ်လိုက်ကြ၏။

သွေးမြေခွေးက ...

"ခင်ဗျားတို့နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်လည်း ကျုပ်ကိုနိုင်မယ်မထင်နဲ့၊ ကျုပ်က ခင်ဗျားတို့ကိုမမှုလို့ လာခဲ့တယ်ဆိုတာ မှတ်ထားပါ"

ဟု အေးတိအေးစက် ပြောလေသည်။

ရသေ့က ...

"သွေးမြေခွေး ... ခင်ဗျား သိုင်းလောကထဲ ပြန်ပြီးခြေချလာတာ အမှားကြီးမှားသွားပြီ"

ဟု ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကလည်း ...

"ဟုတ်တယ် ... သိုင်းလောကဟာ အပြောင်းလဲကြီး ပြောင်းလဲနေပြီ၊ အရင်က အခြေအနေမျိုး မဟုတ်တော့ဘူး၊ ခင်ဗျား သောင်းကျန်းချင်တိုင်း သောင်းကျန်းလို့ရမယ်ထင်ရင် မှားသွားမယ်"

ဟု ပြောလေသည်။

သူတို့နှစ်ယောက်၏စကားအဆုံးတွင် ...

"ဟား ဟား ဟား"

သွေးမြွေခွေးက ဟားတိုက်ရယ်မောလိုက်ပြန်လေသည်။

"ကျုပ်က ဘာကိုမှ အမှုမထားလို့ သိုင်းလောကထဲကို ပြန်ဆင်းလာခဲ့မယ်ဆိုတာ မှတ်ထားပါ"

ရသေ့က ...

"ခင်ဗျားက တစ်ကြိမ်ခံခဲ့ရတာကိုတောင် မမှတ်သေးဘဲကိုး၊ ခုတစ်ကြိမ်ဆိုရင်တော့ ခင်ဗျား ထွက်ပြေးနိုင်တော့မှာ မဟုတ်ဘူး"

သွေးမြွေခွေးက ...

"စိတ်ချ ... ဟိုတစ်ချိန်က ခင်ဗျားတို့ဟာ စည်းလုံးညီညွတ်မှု ရှိခဲ့ကြတယ်၊ ဒါ့ကြောင့် ကျုပ် အရေးနိမ့်ခဲ့ရတာ မဆန်းဘူး၊ အခုချိန်မှာတော့ ခင်ဗျားတို့အားလုံး သွေးကွဲနေကြပြီ၊ ကျုပ်ကို ဘယ်လိုရင်ဆိုင်ကြမလဲ"



မှောင်ရိပ်ထဲမှာ အကဲခတ်နေသော ကျင်းစန်းမှာ သွေးမြွေခွေး၏စကားကြောင့် ရသေ့နှင့်သူတော်တို့ မျက်နှာပျက်သွားကြသည်ကို သတိပြုမိလိုက်လေသည်။

ရသေ့က ...

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့က ခင်ဗျားကို မမှုသေးပါဘူး"

သွေးမြွေခွေးက ...

"ကောင်းပြီလေ၊ မမှုဘူးဆိုရင်လည်း စမ်းကြည့်တာပေါ့၊ ကျုပ်ကတော့ ခင်ဗျားတို့ဆီက ရွှေတြိဂံပြားကို ရအောင် ယူရမှာပဲ"

ရသေ့က ...

"စိတ်ချ ... ခင်ဗျား ယူနိုင်တယ်ဆိုရင် ကျုပ်တို့ကလည်း မပေးနိုင်စရာအကြောင်း မရှိပါဘူး"

စကားဆုံးလျှင် တိုက်ခိုက်ရန် ဟန်ပြင်ထားလိုက်လေသည်။

"ဟား ဟား ဟား"

သွေးမြွေခွေးက ဟားတိုက်ရယ်မောလိုက်ပြန်လေသည်။

သူ၏ရယ်မောသံသည် ပို၍ ကျယ်လောင်လာသည်။ ဘုံကျောင်း၏ခေါင်မိုးများပင် တုန်ခါသွားသည်ဟု ထင်မှတ်ရလေသည်။

သွေးကြောပိတ်ခံနေရသော ကျင်းစန်းသည်ပင် တစ်ကိုယ်လုံး တုန်ခါလာသည်။ သွေးများ ဆူပွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အုံ့ဩစရာကောင်းလောက်အောင်ပင် ပိတ်ဆို့နေသော သွေးကြောများ ပွင့်သွားလေတော့သည်။

ရသေ့နှင့်သူတော်တို့သည် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်ပြလိုက်ကြသည်။ ထို့နောက် ...

"ယား"

ဗြာသံပေးကာ ပြိုင်တူတိုက်ခိုက်လိုက်ကြလေတော့သည်။

သွေးမြေခွေးကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

သို့ဖြင့် ဘုံကျောင်းအတွင်း၌ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။



ကျင်းစန်းမှာ သွေးကြောများ အလိုအလျောက်ပွင့်သွားပြီ ဖြစ်သည်။

သို့သော် သူသည် အမှောင်ရိပ်ထဲ၌ မလှုပ်မယှက်ရှိနေသေး၏။

ကြောက်မက်ဖွယ်ကောင်းသော တိုက်ပွဲအား ထိတ်လန့်စွာ ကြည့်နေမိ၏။

ရသေ့နှင့်သူတော်တို့သည် သွေးမြေခွေးအား ပြင်းပြင်းထန် ထန် တိုက်ခိုက်နေကြလေသည်။

သူတော်သည် ငှက်တစ်ကောင်ဟုပင် ထင်မှတ်ရအောင် လေထဲသို့ ခုန်တက်ကာ ခြေနှစ်ချောင်းဖြင့် အဆက်မပြတ် ကန် ကျောက်တိုက်ခိုက်နေသည်။

ခြေထောက်တစ်ချက် လှုပ်ရှားလိုက်တိုင်း ဝှီးခနဲ ဝှီးခနဲ မြည် သံများ အဆက်မပြတ် ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခြေထောက်ကန်ချက်သည် သွေးမြေခွေး၏ ဦးခေါင်းနှင့်ရင်ဝကို အဓိကပစ်မှတ်အဖြစ် ထားရှိကာ တိုက်ခိုက်ခြင်းဖြစ်လေသည်။

ခြေတစ်ချက်ထိရုံဖြင့် မရှုမလှ ခံလိုက်ရမည်ဖြစ်လေသည်။

ရသေ့မှာမူ သူတော်နှင့် ဆန့်ကျင်ဘက် ဖြစ်လေသည်။

တိုက်ပွဲစသည်နှင့် ကြမ်းပြင်ပေါ် ဒူးထောက်ချလိုက်ပြီး သွေးမြေခွေး၏ ဝမ်းဗိုက်နှင့်ခြေထောက်ကို အဓိကထား၍ တိုက်ခိုက်လေသည်။

သူ၏လက်နှစ်ဖက်သည် လက်ဝါးအသွင်ဖြင့် လက်ချောင်းကလေးများ ကွေးဆန့်၍လည်းကောင်း၊ ပုံသဏ္ဍာန်အမျိုးမျိုး ပြောင်းလဲကာ တိုက်ခိုက်နေခြင်းဖြစ်လေသည်။

သူတို့၏ တိုက်ခိုက်မှုများသည် ဆန်းကြယ်လှပြီး သွေးမြေခွေး၏ တစ်ကိုယ်လုံး နေရာလပ်မကျန်အောင် တိုက်ခိုက်နေကြခြင်းဖြစ်လေသည်။

သူတို့၏ တိုက်ခိုက်မှုကြောင့် သွေးမြေခွေးမှာ လဲကျသေဆုံးသွားတော့မည်ဟုပင် ထင်ရလောက်ပေသည်။

ကျင်းစန်းသည် တိုက်ပွဲကိုကြည့်ပြီး အလယက်ရှုချန်ဖြင်းမေ့လျော့နေပေသည်။



သွေးမြေခွေး ဒုက္ခရောက်သွားတော့မည်ဟု ထင်မိလေသည်။

သို့သော် သွေးမြေခွေးမှာ ခေသူမဟုတ်ပါ။

ရသေ့နှင့်သူတော်တို့၏ တိုက်ခိုက်မှုကို ကြိုတင်သိရှိထားပုံမျိုး ဖြစ်သည်။

သူ၏လက်နှစ်ဖက်က သူတော်၏ခြေထောက်တိုက်ကွက်ကို ခုခံချေဖျက်နေ၏။ အခွင့်သာလျှင် သာသလို ပြန်လည်တိုက်ခိုက်လိုက်သည်။

ရသေ့၏တိုက်ကွက်ကိုမူ ခြေထောက်နှစ်ဖက်ဖြင့် တုံ့ပြန်လိုက်လေသည်။

လက်ကို ခြေထောက်၊ ခြေထောက်ကိုလက် အလှည့်သင့်သလို တုံ့ပြန်တိုက်ခိုက်နေသည်ဟုပင် ထင်မှတ်နေရသော်လည်း တကယ်တမ်းတွင် သူ၏တိုက်ကွက်များသည် အချက်ကျပြီး ကြောက်မက်ဖွယ်ကောင်းအောင် ထက်မြက်နေသည်ကို တစ်စထက်တစ်စ တွေ့မြင်လာရလေသည်။

ကျင်းစန်းသည် တိုက်ပွဲကိုကြည့်ရင်း အံ့သြလာသည်။

သွေးမြေခွေးသည် ... သိုင်းပညာနှင့်ပတ်သက်လာလျှင် အလွန်အဆင့်မြင့်သူဖြစ်ကြောင်း နားလည်လာသည်။

www.burmeseclassic.com

"သူဟာ သိုင်းပညာအစွမ်း ထက်ရဲ့သားနဲ့ ဘာကြောင့်များ လူဆိုးကြီးတစ်ယောက် ဖြစ်နေရတာလဲ၊ အဖြူရောင်သိုင်းသမားတစ်ယောက်ဖြစ်ရင် ဘယ်လောက် ကောင်းလိုက်မလဲ"

ဟူ၍ တွေးတောစဉ်းစားနေမိလေသည်။

တိုက်ပွဲသည် အရှိန်မြန်ဆန်လာသည်။ လူရိပ်များသည် တစ်ခုနှင့်တစ်ခု ပူးကပ်သွားသည်။

လူရိပ်သုံးခု ရောထွေးသွားပြီး မကြာမီ ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သော အသံများ ထွက်ပေါ်လာသည်။

ရုတ်တရက် သွေးမြေခွေးက နောက်သို့ ခုန်ဆုတ်လာသည်။ သူတော်သည် ဖွဲအိတ်ကြီးတစ်ခုအလား ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသွား၏။

ရသေ့မှာမူ အိုးတစ်လုံးပမာ လိမ့်ထွက်သွားပြီး ဘုံကျောင်းနံရံနှင့် အရှိန်ပြင်းစွာ ဝင်ဆောင့်မိလိုက်သည်။

ထို့နောက် တိုက်ပွဲပြီးဆုံးသွားလေတော့သည်။



တိုက်ပွဲပြီးဆုံးသွားပြီဖြစ်သည်။

ရသေ့နှင့်သူတော်တို့သည် မရှုမလှ အရေးနိမ့်သွားကြလေသည်။

သွေးမြေခွေးက ကြမ်းပြင်ပေါ် ၌ ပုံပျက်ပန်းပျက် လဲကျနေကြသော သူတော်နှင့် ရသေ့တို့ကိုကြည့်ကာ ...

"ဟား ဟား ဟား"

သဘောကျစွာ ရယ်မောလိုက်လေသည်။

ကျယ်လောင်လွန်းလှသော သူ၏ရယ်မောသံကြောင့် ကျင်းစန်း ကပျာကယာ နားပိတ်ထားလိုက်ရလေသည်။

သူ၏လှုပ်ရှားသံသဲ့သဲ့ကြောင့် သွေးမြေခွေးက ဖျတ်ခနဲ လှည့်ကြည့်လာပါသည်။

ကျင်းစန်း ပိုပြီး ထိတ်လန့်သွားလေသည်။

သွေးမြေခွေးသည် အလွန်ရက်စက်ကြမ်းကြုတ်သွားဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း သိထားသည်မဟုတ်ပါလား။

ကျင်းစန်း အသက်အောင့်ကာ ငြိမ်နေလိုက်မှ သွေးမြေခွေးသည် မျက်မှောင်ကြုတ်ကာ တစ်ဖက်သို့ လှည့်သွားလေသည်။

သွေးမြေခွေးသည် ရသေ့နှင့်သူတော်တို့အား ဂရုစိုက်နေသဖြင့် ကျင်းစန်း ကံကောင်းသွားခြင်း ဖြစ်ပေတော့သည်။

သွေးမြေခွေးသည် ရသေ့နှင့် သူတော်တို့ထံသို့ လှမ်းသွားလိုက်လေသည်။

သူတော်ရော ရသေ့ပါ တုတ်တုတ်မျှ မလှုပ်ကြတော့ပါ။ သွေးမြေခွေး၏ ပြင်းထန်သောတိုက်ကွက်ကြောင့် သေဆုံးသွားကြပြီဖြစ်လေသည်။

သွေးမြေခွေးသည် သူတော်နှင့်ရသေ့တို့အနီးသို့ လှမ်းသွားပြီး သူတို့၏ခန္ဓာကိုယ်ပေါ်၌ ရှာဖွေကြည့်လိုက်သည်။

မကြာပါချေ ...။

ရွှေရောင်တလက်လက် တောက်ပနေသော တြိဂံပုံ ရွှေဆွဲပြားလေးနှစ်ခု သွေးမြေခွေး၏လက်ထဲ၌ ပါလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ဟား ဟား ဟား"

သွေးမြေခွေး ဟားတိုက်ရယ်မောလိုက်ပြန်သည်။



"တြိဂံရွှေပြားကလေးတွေကို မင်းတို့တစ်သက်လုံး သိမ်းထားလို့ ရမယ်ထင်ရင် မှားသွားမှာပေါ့၊ ကိုင်း ... ခုတော့ ဘယ့်နှယ်ရှိစ၊ ကျုပ်လက်ထဲကို ရောက်လာရပြီ မဟုတ်လား"

ဟု ပြောလေသည်။

ကျင်းစန်းက ထိုတြိဂံရွှေပြားလေးများကို စိတ်ဝင်စားသွားလေသည်။

ထိုရွှေပြားလေးများသည် မည်သို့သောသဘော ဆောင်နေပါသနည်း။

ထိုရွှေပြားလေးများကြောင့် သွေးမြေခွေးက လူလိုက်သတ်နေခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

ထိုသို့တွေးရင်း တြိဂံရွှေပြားတစ်ခုအား သူတွေ့မြင်ခဲ့ဖူးသည်ဟု အမှတ်ရလာလေသည်။

"ဟုတ်တယ် ... ဒီလိုရွှေပြားတစ်ခုကို ငါတွေ့ဖူးတယ် ... ဘယ်နေရာမှာ တွေ့ဖူးပါလိမ့်"

ကျင်းစန်း စဉ်းစားသော်လည်း သွေးမြေခွေးအား ကြောက်ရွံ့သည့်စိတ်က လွှမ်းမိုးနေသဖြင့် ရုတ်တရက် အဖြေမရပါချေ။

သွေးမြေခွေးသည် ရွှေပြားလေးနှစ်ချပ်ကို အင်္ကျီရင်ဘတ်ကြား၌ အကျအန သိမ်းဆည်းထားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ကျင်းစန်းရှိနေသည့် အမှောင်ရိပ်ဘက်သို့ ကြည့်လိုက်လေသည်။

"ဒုက္ခပဲ ... ငါပုန်းနေတာ သိသွားပြီထင်တယ်"

ကျင်းစန်း ကြောက်လန့်သွားသည်။ ထွက်ပြေးသွားရန် စိတ်ကူးလိုက်မိသည်။

သွေးမြေခွေးသည် တောအုပ်ထဲ၌ ပုန်းအောင်းနေခဲ့သော ထိုက်ကျိုဂိုဏ်းသားများအား ဖော်ထုတ်ကာ သုတ်သင်ရှင်းလင်းပစ်ခဲ့သေးသည် မဟုတ်ပါလား။

သူ၏အသက်ရှူသံကို ကြားသွားမည်မှာ သေချာပါသည်။ ကျင်းစန်းသည် ထွက်ပြေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ...

'ဝုန်း'

"အား"

"အောင်မလေး"

အပြင်ဘက်မှ စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟင်"

သွေးမြေခွေး လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

ကျင်းစန်း ဝမ်းသာသွားသည်။



သွေးမြေခွေး အာရုံပြောင်းသွားပြီ မဟုတ်ပါလား။

မှန်ပေသည် ...။

သွေးမြေခွေးသည် ချက်ချင်းပင် ဘုံကျောင်းအပြင်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

သွေးမြေခွေးသည် ဘုံကျောင်းအတွင်းမှ ပြေးထွက်သွားပြီ ဖြစ်လေသည်။

ကျင်းစန်း ကံကောင်းသွားသည်။

သို့မဟုတ်ပါက သူ့ထံသို့ လှမ်းလာတော့မည် မဟုတ်ပါလား။

အမှောင်ရိပ်ထဲ၌ သူပုန်းအောင်းနေသည်ကို သွေးမြေခွေး သိရှိထားသည်မှာ သေချာလှပေတော့သည်။

ကျင်းစန်းသည် အမှောင်ရိပ်ထဲမှ ကပျာကယာ ထွက်လိုက်သည်။

လဲကျနေသော သူတော်နှင့်ရသေ့တို့ထံသို့ ချဉ်းကပ်သွားပြီး စစ်ဆေးကြည့်လိုက်လေသည်။

သူတော်နှင့်ရသေ့တို့ကား သေဆုံးနေကြချေပြီ။

သူတို့သည် ထိပ်တန်းသိုင်းသမားများဖြစ်ကြောင်း ထင်ရှား



ပေါ်လွင်နေပါသည်။

သို့သော် သွေးမြေခွေးနှင့် ရင်ဆိုင်လိုက်ရသောအခါ မရှု မလှ ခံလိုက်ကြရပြီး သေဆုံးသွားကြလေတော့သည်။

သူတို့အချင်းချင်းလည်း သိကျွမ်းနေကြပုံရှိလေသည်။

"တြိဂံရွှေပြားဟာ လူတွေရဲ့အသက်ကို ဒုက္ခပေးနေပါလား"

ကျင်းစန်း ညည်းတွားလိုက်လေသည်။

ဆရာဖြစ်သူက သိုင်းလောကအတွေ့အကြုံရှာဖွေဖို့ မှာကြားလိုက်ပါသည်။

ယခုတော့ သိုင်းလောကအတွေ့အကြုံ ရှာမည်ကြံသေးသည် ... သိုင်းလောက၏ အလွန်လျှို့ဝှက်ဆန်းကြယ်သော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရပြီ ဖြစ်လေသည်။

ထိုစဉ် ...

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ...

"ကိုင်း ဘယ့်နှယ်ရှိစ ... ဘိုးဘိုးရောက်လာတော့ ရှင်တို့ ဘာမှမတတ်နိုင်ကြတော့ဘူး မဟုတ်လား"

ချိုလွင်သောစကားသံလေးတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

"ဟယ်"

ကျင်းစန်း အံ့သြသွားလေသည်။

ထိုစကားသံကို ကြားလိုက်ရသည်နှင့် သူက ချောမောလှပသော မိန်းကလေး ကြံ့လင်း၏မျက်နှာကို မြင်ယောင်လာလေသည်။

ကြံ့လင်းသည် ဘုံကျောင်းအပြင်ဘက်၌ ရောက်ရှိနေသည်မှာ သေချာလှပေသည်။

ကြံ့လင်းကြောင့် သွေးမြေခွေးက ဘုံကျောင်းအပြင်ဘက်သို့ ထွက်သွားခြင်းဖြစ်ကြောင်းလည်း ထင်ရှားလေသည်။

ကျင်းစန်းသည် ဘုံကျောင်းတံခါးပေါက်ဆီသို့ ပြေးသွားပြီး အပြင်ဘက်သို့ ချောင်းကြည့်လိုက်လေသည်။

ထိုအခါ ကောင်းကင်ပေါ်၌ လဝန်းရှိနေရာ လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး လင်းလင်းကျင်းကျင်း ဖြစ်နေသည်ကိုလည်းကောင်း၊ ဘုံကျောင်းရှေ့၌ ပြင်းထန်သောတိုက်ပွဲတစ်ခု ဖြစ်ပေါ်နေ



သည်ကိုလည်းကောင်း တွေ့ရလေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူတစ်စုသည် ကြံ့လင်းအား ဝိုင်း၍တိုက်ခိုက်နေကြရာ ကြံ့လင်း အခက်ကြုံနေစဉ် သွေးမြေခွေးရောက်လာကာ ဝင်ရောက်တိုက်ခိုက်လိုက်သည်နှင့် ထိုလူများ အရေးနိမ့်ကာ ဖရိုဖရဲဖြစ်သွားကြသည်ကို တွေ့ရလေသည်။

ထိုလူများသည် သွေးမြေခွေးအား ထိတ်လန့်သွားပြီး ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

သွေးမြေခွေးကလည်း ဆက်လက်တိုက်ခိုက်ခြင်း မပြုဘဲ ကြံ့လင်းဘက်သို့လှည့်ကာ ...

"ငါ့မြေး ... မင်း ဘယ်လိုနေသေးသလဲ"

ဟု မေးလိုက်လေသည်။

"ခစ် ခစ် ခစ်"

ကြံ့လင်းက တခစ်ခစ် ရယ်မောလိုက်လေသည်။

"ကျွန်မက သူတို့ကို ကြောက်နေမယ်ဆိုရင် ဘိုးဘိုးရဲ့မြေး ဘယ်လုပ်ပါတော့မလဲ"

သွေးမြေခွေး သဘောကျသွားလေသည်။

"ဟဲ ဟဲ ... ဒါမှ ငါ့မြေး"

ဟု ချီးကျူးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများဘက်သို့ လှည့်လိုက်လေသည်။

ထိုလူများအား စူးရှတောက်ပသောမျက်လုံးများဖြင့် အကဲခတ်ကြည့်လိုက်လေသည်။

ထိုလူများသည် ဓားလှံလက်နက် ကိုယ်စီကိုင်ဆောင်ထားကြပြီး တိုက်ခိုက်ရန် အသင့်ပြင်ထားကြလေသည်။

သွေးမြေခွေး မဲ့ပြုံးပြုံးလိုက်သည်။

"ထိုက်ကျူးပြိုင်ပွဲကိုလာတဲ့ သိုင်းလောကသားတွေ ... မင်းတို့ကို ဘယ်သူက သွေးဆောင်ပြီးခေါ်လာတာလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်လေသည်။

ထိုစဉ် ...

"ရှင် မဆိုးဘူး"

အဝေးမှ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သွေးမြေခွေး မျက်မှောင်ကုတ်သွားလေသည်။

"ဘယ်သူလဲ ... ထွက်လာခဲ့စမ်း"

ဟု ပြောလိုက်သည်။

အတွင်းအားကိုအသုံးပြု၍ ပြောလိုက်ခြင်းဖြစ်ရာ သူ၏



အသံသည် ကျယ်လောင်စွာ ဟိန်းထွက်လာလေသည်။

အရောင်အသွေးစုံလင်စွာ ဝတ်ဆင်ထားကြသူများ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

"ကျွန်မအသံ ကြားတာတောင် ဘယ်သူဘယ်ဝါဆိုတာ မသိနိုင်သေးဘူးလားရှင့်"

စကားသံက ထပ်မံထွက်ပေါ်လာပြန်သည်။

မရှေးမနှောင်းမှာပင် လူရိပ်တစ်ခုသည် ဘုံကျောင်းရှေ့သို့ ရိပ်ခနဲ ရောက်ရှိလာသည်။

ထိုလူမှာ မီးခိုးရောင် ဝတ်ဆင်ထားသော အဘွားအို တစ်ယောက် ဖြစ်လေသည်။

ထိုအဘွားအိုအား မြင်လျှင် ထိုက်ကျူးမြို့၌ တွေ့မြင်ခဲ့ဖူးသော ရုပ်ဆိုးအဘွားအိုဖြစ်ကြောင်း ကျင်းစန်း ချက်ချင်း သတိပြုမိလိုက်လေသည်။

အဘွားအိုသည်လည်း ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်လေသည်။

သူမ၏လှုပ်ရှားပုံနှင့် စကားပြောဆိုပုံကို ကြည့်ကာ ကျင်းစန်း ရိပ်မိလိုက်ခြင်း ဖြစ်လေသည်။

အဘွားအိုကိုမြင်လျှင် သိုင်းသမားများက ဦးညွှတ်အရိုအသေပြု

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ အဘွားအိုက ...

"ကြံ့ရှမ်း ... ရှင်က ခုချိန်ထိ မိုက်မဲနေတုန်းပဲလား၊ ရသေ့နဲ့ သူတော်ကို ဘာလုပ်လိုက်ပြီလဲ ... ပြောပါဦး"

ဟု မေးလေသည်။

"ဟား ဟား ဟား"

သွေးမြေခွေး (ဝါ) ကြံ့ရှမ်းက ဟားတိုက်ရယ်မောလိုက်လေသည်။

"သူတို့ ဘာဖြစ်သွားသလဲဆိုတာ သိချင်ရင် ဘုံကျောင်းထဲကို ဝင်ကြည့်ပေါ့"

ဟု ပြောလေသည်။

အဘွားအို မကျေမနပ် ဖြစ်သွား၏။

"ရှင်က သူတို့ကို သတ်ပစ်လိုက်ပြီ ... ဟုတ်လား"

သွေးမြေခွေးက ...

"ဟုတ်တယ်"

"ရှင် တော်တော် ရက်စက်ပါလား၊ ရှင့်ရင်ထဲက ရက်စက်ကြမ်းကြုတ်တဲ့စိတ်တွေ ခုချိန်ထိတောင် မကုန်သေးဘူးလား"

အဘွားအိုက ဒေါသတကြီး ပြောလေသည်။ သွေးမြေခွေးက ...



"ကျုပ်က တြိဂံရွှေဆွဲပြား ခုနစ်ခုကို ရပြီဆိုရင်တော့ တောင်ပင်လယ်ကို ပြန်သွားမှာပါ"

ဟု ပြောလေသည်။ အဘွားအိုက ...

"ရှင့်လက်ထဲကို တြိဂံရွှေပြားခုနစ်ခု ရသွားပြီဆိုရင် သိုင်းလောကတစ်ခုလုံး ဒုက္ခရောက်ရတော့မှာပေါ့"

သွေးမြေခွေးက ...

"ဒါတွေ ကျုပ် နားမလည်ဘူး၊ ရွှေပြားတွေ ကျုပ်လက်ထဲရောက်လာဖို့ပဲ သိတယ်၊ ကဲ ... မင်းဆီက ရွှေပြားကိုလည်း အေးအေးဆေးဆေး ထုတ်ပေးပေတော့"

အဘွားအိုက ...

"ရှင် တကယ်လိုချင်လို့လား"

သွေးမြေခွေးက ...

"ကျုပ် မလိုချင်ဘဲ သိုင်းလောကထဲကို ဆင်းလာပါ့မလား"

အဘွားအို ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ရှင်လိုချင်တယ်ဆိုရင် ကျွန်မဆီမှာရှိနေတယ်လေ၊ ဘာကြောင့် လာမယူသေးတာလဲ"

"ဟား ဟား ဟား"

သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြံ့လင်းဘက်သို့ လှည့်ကာ လက်ဝှေ့ယမ်းပြလိုက်ပြီး ...

"နောက်ဆုတ်နေစမ်း"

ဟု ပြောလိုက်သည်။

"ကောင်းပါပြီ ဘိုးဘိုး"

ကြံ့လင်းက နောက်ဆုတ်လိုက်လေသည်။

သွေးမြေခွေးက လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းလိုက်ပြီး ...

"သတိသာ ထားပေတော့"

ဟု ကြုံးဝါးကာ အဘွားအိုထံသို့ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

အဘွားအိုကလည်း လက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်ကာ ထိပ်တိုက်ရင်ဆိုင်လိုက်လေသည်။

ကြံ့လင်းသည်လည်းကောင်း၊ သိုင်းလောကသားများသည်လည်းကောင်း နောက်ဆုတ်သွားကြပြီး တိုက်ပွဲကို အကဲခတ်ကြည့်နေကြလေသည်။

အဘွားအိုနှင့် သွေးမြေခွေးတို့ကား သူတစ်ပြန် ကိုယ်တစ်ပြန် ပြင်းထန်စွာ တိုက်ခိုက်နေကြလေသည်။

သူတို့၏တိုက်ပွဲကား ကြောက်မက်ဖွယ်ကောင်းအောင်



ပြင်းထန်လွန်းလှသည်။

'ဟူး ဟူး ဟူး'

လေတိုးသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

နံဘေး၌ ရပ်ကြည့်နေသော သိုင်းလောကသားများနှင့် ကြံ့လင်းတို့မှာ နောက်သို့ ထပ်မံဆုတ်လိုက်ကြပြန်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

အဘွားအိုနှင့် သွေးမြေခွေးတို့ ပြိုင်တူ နောက်ဆုတ်လိုက်ကြရလေသည်။

"ဟား ဟား ဟား"

သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်လေသည်။

"မင်းဟွာ ... မင်းရဲ့သိုင်းပညာ အတော့်ကို တိုးတက်လှပါလား"

ဟု ပြောလေသည်။

အဘွားအို (ဝါ) မင်းဟွာသည် မဲ့ပြုံးပြုံးလိုက်ပြီး ...

"ကြံ့ရှမ်း ... ရှင့်ကို သေသွားပြီလို့ အားလုံးက ထင်မှတ်ထားပြီး ပျော်ပျော်တန်တန် နေခဲ့ကြတယ်၊ ကျွန်မကတော့ ရှင်သေသွားပြီလို့ မယုံကြည်ခဲ့ဘူး၊ ဒါကြောင့် သိုင်းပညာကို အဆက်မပြတ် လေ့

www.burmeseclassic.com

www.burmeseclassic.com



ကျင့်နေခဲ့တာပဲ"

သွေးမြေခွေးက ...

"မင်းပွှာ ... မင်းက သိုင်းပညာလေ့ကျင့်နေခဲ့ပေမယ့် ကျုပ်ကို ယှဉ်လို့ရမယ် မထင်ပါနဲ့"

ရုပ်ဆိုးအဘွားအို မင်းပွှာက ...

"စိတ်ချ ... ဟိုအရင်တစ်ခါကလည်း ကျွန်မကြောင့် ရှင် ဒုက္ခရောက်ခဲ့ရတာပဲ၊ ခုတစ်ခါလည်း ကျွန်မက ရှင့်ရဲ့လုပ်ရပ်တွေကို တားမြစ်ဦးမှာပဲ"

"ကောင်းပြီ ... မင်း ဘယ်လောက်တတ်နိုင်မလဲ ကြိုးစားကြည့်ပေတော့"

စကားဆုံးလျှင် လျှပ်တစ်ပြက် ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

"ဟင်း ဟင်း ဟင်း"

ရုပ်ဆိုးအဘွားအိုမင်းပွှာက ရယ်မောပြီး နောက်သို့ ခုန်ဆုတ်လိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ ပြေးထွက်သွားလေသည်။

သွေးမြေခွေး ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ခပ်လှမ်းလှမ်းသို့ရောက်သွားသော ရုပ်ဆိုးအဘွားအို မင်း



ပွှာ၏ မျက်လုံးများပြူးကာ ကြည့်လိုက်ပြီး ...

"မင်း ဘာကြောင့် ထွက်ပြေးတာလဲ"

မင်းပွှာက ရယ်မောရင်း ...

"ကျွန်မက ထွက်ပြေးတာမဟုတ်ဘူး၊ ရှင်နဲ့ကိုယ်ဖော့ပညာ ပြိုင်မလို့၊ ဘယ်လိုလဲ ... ကျွန်မကို မီအောင်လိုက်နိုင်ပါ့မလား"

ဟု ပြောလေသည်။ သွေးမြေခွေး မကျေမနပ် ဖြစ်သွားလေသည်။

"မင်းက ဘယ်လောက်များ စွမ်းလို့လဲ၊ ကဲ ... လွတ်အောင် ပြေးနိုင်ရင် ပြေးစမ်း"

ဟု ငေါက်ကာ တစ်ဟုန်ထိုး ပြေးလိုက်သွား၏။ မင်းပွှာကလည်း ...

"ရှင်လိုက်နိုင်ရင် လိုက်ခဲ့ပေတော့"

စကားဆုံးလျှင် တစ်ဟုန်ထိုး ပြေးလွှားသွားလေသည်။

သူတို့နှစ်ယောက် ရှေ့ဆင့်နောက်ဆင့် ပြေးလွှားသွားကြရင်း တစ်ခဏအတွင်းမှာပင် မြင်ကွင်းမှ ပျောက်ကွယ်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သွေးမြေခွေးနှင့်မင်းဟွာတို့ မြင်ကွင်းမှ ကွယ်ပျောက်သွား ပြီ ဖြစ်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"အင်း … ဆရာက သိုင်းလောကထဲဆင်းပြီး အတွေ့အကြုံ ရှာခိုင်းတာဟာ သိုင်းလောကမှာ ထူးခြားထက်မြက်တဲ့ပညာရပ် အမျိုးမျိုး ရှိနေသေးတယ်ဆိုတာကို သိစေချင်လို့ပဲ ဖြစ်ရမယ်"

ဟု တွေးလာမိလေသည်။

တစ်ဖန် …

"ငါတို့ဟာ ကိုယ်တတ်ထားတဲ့ပညာ ကောင်းလှပြီဆိုပြီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ် ဝင်နေကြတာပဲ၊ သူတစ်ပါးရဲ့ ထက်မြက်တဲ့ပညာရပ်တွေ လေ့လာသင့်သေးတယ်"

ဟု အတွေးဝင်လာသည်။

ဤတွင် ရသေ့၊ သူတော်နှင့် သွေးမြေခွေးတို့ ရင်ဆိုင်တိုက်



ခိုက်ခဲ့ကြပုံကို ပြန်လည်မြင်ယောင်လာလေတော့သည်။

သူတို့၏ တိုက်ပွဲသည် လျင်မြန်သွက်လက်လှပြီး အချိန်တို တိုဖြင့် ပြီးဆုံးသွားခြင်း ဖြစ်လေသည်။

သို့သော် ကျင်းစန်းသည် အလွန်ဉာဏ်ကောင်းပြီး သိုင်းပ ညာနှင့်ပတ်သက်လာလျှင် ပါရမီထူးချွန်သူဟု ဆိုနိုင်လောက်ပေ သည်။

သူသည် သွေးမြေခွေးအသုံးပြုခဲ့သော သိုင်းကွက်များကို လည်းကောင်း၊ ရသေ့နှင့်သူတော်တို့ အသုံးပြုခဲ့သော သိုင်းကွက်များ ကိုလည်းကောင်း အံ့သြစရာကောင်းလောက်အောင်ပင် အသေးစိတ် မှတ်မိနေလေသည်။

ကျင်းစန်းသည် သိုင်းသမားကြီးသုံးယောက်၏ တိုက်ပွဲကို မြင်ယောင်နေစဉ် …

"မင်း ဘယ်ပြေးမလဲ"

ကျယ်လောင်သော အော်ငေါက်သံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း သတိဝင်လာပြီး လှမ်းကြည့်လိုက်သောအခါ သိုင်းသမားများသည် ကြုံလင်းအား ဝိုင်းရံထားလိုက်ကြသည်ကို တွေ့မြင်လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျင်းစန်း ရင်ထိတ်သွားသည်။

ထိုသိုင်းသမားများသည် သွေးမြေခွေး၏ မြေးဖြစ်သော ကြို့လင်းအား ချမ်းသာပေးကြမည်မဟုတ်ကြောင်း သဘောပေါက်ဖိ သည် မဟုတ်ပါလား။

သိုင်းသမားများသည် ကြို့လင်းအား လေးဖက်လေးတန်မှ ဝိုင်းရံထားလိုက်ကြပြီးလျှင် ...

"သူ့ကို မလွတ်စေနဲ့"

"မှတ်လောက်သားလောက်အောင် ဆုံးမရမယ်"

"ကြာတယ် ... ချကွာ"

"သေပေတော့"

တစ်ယောက်တစ်ပေါက် အော်ငေါက်ပြောဆိုလိုက်ကြပြီး ကြို့လင်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်ကြလေသည်။ ကြို့လင်းက လည်း ပြန်လည်တိုက်ခိုက်လိုက်၏။

ဘုံကျောင်းရှေ့ မြေကွက်လပ်တွင် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာပြန်လေသည်။

ကြို့လင်းမှာလည်း ခေသူမဟုတ်ပါချေ။

သူမသည် ခြေလက်များအသုံးပြုကာ ဝိုင်းရံလာသူများ



အား ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

ဤတွင် ...

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှကျယ်လောင်သော အော်ဟစ်သံများ တစ်ခဲနက် ထွက် ပေါ်လာလေသည်။

ဝိုင်းရံထားသော သိုင်းသမားများ ဖရိုဖရဲဖြစ်သွားကြ၏။

သို့သော် ...

"ဒီကောင်မလေးကို မလွတ်စေနဲ့"

ဟု အော်ငေါက်ကာ ဓားလှံလက်နက်များ အသုံးပြု၍ ပြင်း ပြင်းထန်ထန် တိုက်ခိုက်ကြပြန်လေသည်။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာသည်။

သိုင်းသမားများ အထိနာသွားကြသလို ကြို့လင်းသည် လည်း ထိခိုက်ဒဏ်ရာ ရရှိလာလေတော့သည်။

'ဝုန်း'

"အောင်မလေး"

www.burmeseclassic.com

www.burmeseclassic.com



သူမ ကပျာကယာ နောက်ဆုတ်လိုက်ရလေသည်။

သိုင်းသမားများကား အင်အားကောင်းလှသဖြင့် ကြိုလင်း၏လက်ချက်ကြောင့် ဒဏ်ရာရသူများ ရှိသော်လည်း ကျန်လူများက ဆက်လက်တိုက်ခိုက်နိုင်ကြလေသည်။

ကြိုလင်းမှာမူ ...

"မလွတ်စေနဲ့"

"ဝိုင်းထား"

"အရှင်ရအောင်ဖမ်းကြ"

ကြွေသံပေးသံများ ထွက်ပေါ်လာသည်။

သိုင်းသမားများသည် ကြိုလင်းအား အထပ်ထပ်ဝိုင်းရံထားလိုက်ကြသည်။

ကြိုလင်းမှာ အံကြိတ်ကာ ပြန်လည်ရင်ဆိုင်လိုက်လေသည်။

တိုက်ပွဲကား အဆုံးမသတ်နိုင်တော့ပြီ။

သူတို့ ထိပ်တိုက်ရင်ဆိုင်မိကြလျှင် ...

'ဝုန်း'

"အား"

"အောင်မလေး"



စူးရှသောအသံများ ထွက်ပေါ်လာ၏။

ရှေ့ဆုံးမှပြေးဝင်လာသော သိုင်းသမားနှစ်ယောက်မှာ ကြိုလင်း၏ခြေထောက်ကန်ချက်ထိကာ လွင့်စဉ်သွားကြသည်။

ထို့အတူ နောက်ကျောဘက်မှ အလစ်ဝင်ရောက် တိုက်ခိုက်လိုက်သော သိုင်းသမားတစ်ယောက်၏ တုတ်ရိုက်ချက်က ကြိုလင်း၏ ကျောပြင်ကို ထိမှန်သွားလေသည်။

'ဖုန်း'

"အား"

ကြိုလင်း ရှေ့သို့ ငိုက်ကျသွားလေသည်။

ထိုစဉ် ...

"သေပေတော့"

"မိအောင်ဖမ်း"

သိုင်းသမားများသည် အော်ဟစ်ကြုံးဝါးရင်း ကြိုလင်းထံ ပြေးဝင်ကြပြန်သည်။

ကြိုလင်းက ပြန်လည်ရင်ဆိုင်လိုက်သည်။

အများနှင့်တစ်ယောက် ရင်ဆိုင်နေရသည်က တစ်ကြောင်း၊ သူ ရင်ဆိုင်နေရသူများမှာ ထိပ်တန်းသိုင်းသမားများ ဖြစ်နေကြသည်က တစ်ကြောင်းမို့ ကြိုလင်း အခက်ကြုံသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမားများ၏ ဝိုင်းရံတိုက်ခိုက်မှု ခံလိုက်ရသောအခါ

"အောင်မလေး"

စူးရှစွာအော်ဟစ်ရင်း ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရပြန်လေသည်။

သိုင်းသမားများသည် ကြံ့လင်းအား လက်ရဖမ်းဆီးနိုင်တော့မည်မို့ ဝမ်းသာသွားကြပြီး စုရုံးချဉ်းကပ်လာကြ၏။

ထိုစဉ် ...

"ရပ်လိုက်"

ဟန့်တားသံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် ဘုံကျောင်းရှေ့မြေကွက်လပ်သို့ ရောက်ရှိလာ၏။

ထိုလူသည် လျှပ်တစ်ပြက်ရောက်ရှိလာပြီး ကြံ့လင်းအား အလစ်ချောင်းကာ လက်နက်ပုန်းဖြင့်ပစ်ခတ်မည့်သူတစ်ယောက်အား တိုက်ခိုက်လိုက်လေသည်။

'ဝုန်း'

"အား"

ထိုသိုင်းသမားမှာ အဝေးသို့ လွင့်စဉ်သွားတော့သည်။

မမျှော်လင့်ဘဲ ကြံ့လင်းဘက်မှ ကူညီမည့်သူတစ်ယောက်



ရောက်ရှိလာသဖြင့် သိုင်းသမားများ ရင်ထိတ်သွားကြသည်။

ကပျာကယာ နောက်ဆုတ်သွားကြလေသည်။

သူတို့သည် ရုတ်တရက်ရောက်ရှိလာသူအား ကြည့်လိုက်သောအခါ လူငယ်တစ် ယောက်ဖြစ်နေသည်ကို တွေ့ရသဖြင့် ပိုပြီးအံ့အားသင့်သွားကြလေသည်။

ကြံ့လင်းကား ဝမ်းသာသွားသည်။

ထိုလူငယ်သာ ကူညီခြင်းမပြုလျှင် သူမ ဒုက္ခရောက်ရတော့မည်ဖြစ်ကြောင်း သဘောပေါက်ထားလေသည်။

လူငယ်ကို ကျေးဇူးတင်သောအကြည့်ဖြင့် လှမ်းကြည့်လိုက်မိ၏။

လူငယ်မှာ ကျင်းစန်းဖြစ်ပါသည်။

ကျင်းစန်းသည် သူတိုက်ခိုက်ခဲ့သော ကြံ့လင်းအား အလစ်ချောင်းတိုက်ခိုက်ရန် ကြံစည်နေသူအား တစ်ချက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက အလစ်ချောင်းတိုက်ခိုက်တာ မကောင်းပါဘူးဗျာ"

ဟု ပြောလိုက်လေသည်။

ထိုလူက မကျေမနပ်ဖြင့် ...

"မင်းနဲ့ ဘာဆိုင်သလဲ၊ သူဟာ သွေးမြေခွေးရဲ့ မြေးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား၊ သွေးမြေခွေးဟာ သိုင်းလောကကို ဖျက်ဆီးမယ့်လူပဲ၊ မင်းက သူတို့ဘက်က ကူညီမယ်ဟုတ်လား၊ မင်းကိုလည်း ချမ်းသာမပေးနိုင်ဘူး"

သူ၏စကားအဆုံးတွင် ...

"ဟုတ်တယ်"

"ဒီကောင့်ကိုပါ ချမ်းသာမပေးနဲ့"

"ချကွာ"

ကျန်လူများက တစ်ယောက်တစ်ပေါက် ဝိုင်းဝန်းပြောဆိုကြပြီး တိုက်ခိုက်ရန် ဟန်ပြင်လိုက်ကြလေသည်။

ကျင်းစန်းက ...

"ခင်ဗျားတို့ဟာ အဖြူရောင်သိုင်းသမားတွေ မဟုတ်လားဗျာ၊ ဘာကြောင့်များ မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီး အနိုင်ကျင့်ချင်ရတာလဲ"

ဟု အချက်ကျကျ ပြောလိုက်လေသည်။

သိုင်းသမားများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြလေသည်။

ကျင်းစန်းက ...

"ခင်ဗျားတို့နဲ့ ပြဿနာရှိတာ သူလား၊ သူ့အဘိုးလား"



ဟု မေးလိုက်ပြန်သည်။

သိုင်းသမားများ တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြပြီး ဘာမှမပြောကြချေ။

ကျင်းစန်းက...

"ပြဿနာရှိရင် သူ့အဘိုးနဲ့ ဖြေရှင်းသင့်ပါတယ်၊ မဆိုင်တဲ့သူကို ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ"

ဟု မေးလိုက်ပြန်သည်။

သိုင်းသမားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

တစ်ယောက်က ...

"ဟေ့ ... သွေးမြေခွေးဟာ တစ်ချိန်တုန်းကလည်း သိုင်းလောကကို ဒုက္ခပေးပြီးပြီ၊ ခုတစ်ခါလည်း ဒုက္ခပေးဖို့ သိုင်းလောကမှာ ပြန်ပေါ်လာတာ၊ သူရော သူနဲ့ပတ်သက်နေသူတွေရော ချမ်းသာမပေးနိုင်ဘူး"

"ဟုတ်တယ် ဟုတ်တယ်"

"ကြာပါတယ် ... ဒီကောင့်ကိုပါ ဆုံးမလိုက်ရအောင်"

"တိုက်ကြဟေ့"

ကျန်လူများကလည်း အော်ပြောလိုက်ကြပြီး ချက်ချင်းပင် ပြေးဝင်တိုက်ခိုက်လာကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်း မတတ်သာတော့ပါချေ။

"ညီမ နောက်ဆုတ်လိုက်ပါ"

ဟု ကြုံလင်းကို သတိပေးကာ သိုင်းသမားများနှင့် ရင်ဆိုင်လိုက်ရပေသည်။

ကြုံလင်း၏ နှုတ်ခမ်းထောင့်မှ သွေးများ ယိုစီးကျနေသည်။ သူမသည် အတွင်းဒဏ်ရာ ရရှိသွားပြီ ဖြစ်လေသည်။

သို့တိုင် ...

"ကျွန်မက သူတို့ကို မကြောက်သေးဘူး"

ဟုပြောကာ တိုက်ပွဲဝင်ရန် ဟန်ပြင်လေသည်။

ကျင်းစန်း မတတ်သာတော့ဘဲ ကြုံလင်းအား လျစ်လျူရှုကာ သိုင်းသမားများနှင့် ရင်ဆိုင်လိုက်ရလေသည်။

တိုက်ပွဲဖြစ်ပေါ်လာပြန်သည်။

ကြုံလင်းနှင့် ကျင်းစန်းတို့ သည် သိုင်းလောကသားများနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ကြလေသည်။

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျာ"



ရှုးရှကျယ်လောင်သော အသံများ တစ်ခဲနက် ထွက်ပေါ်လာသည်။

ကျင်းစန်းသည် မိုးကြိုးလက်ဝါး ရှောင်ကောင်း၏ သိုင်းပညာရပ်များကို ထုတ်ဖော်အသုံးပြုလိုက်သောအခါ သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် အဝေးသို့ လွင့်စဉ်သွားကြလေသည်။

ကြုံလင်းသည် ကျင်းစန်း၏ သိုင်းပညာထက်မြက်ပုံကို ကြည့်ပြီး အံ့သြသွားလေသည်။

"ရှင့်ရဲ့သိုင်းပညာ ဘယ်ဆိုးလို့လဲ"

ဟု ချီးကျူးလိုက်လေသည်။

ကျင်းစန်းက ...

"ဒါက အရေးမကြီးဘူး၊ ကျုပ်တို့ ဒီနေရာက မြန်မြန်ထွက်သွားမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

ကြုံလင်း မဲ့ပြုံးပြုံးလိုက်သည်။

"ဘာဖြစ်လို့ ထွက်သွားရမှာလဲ၊ သူတို့ကို မှတ်လောက်သားလောက်ဖြစ်အောင် ဆုံးမရမှာပေါ့ရှင်"

ကျင်းစန်း လက်မခံပါ။

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... ကျုပ်က သိုင်းလောကသားတွေနဲ့ ရန်ငြိုး မထားချင်ဘူး၊ ရှောင်ထွက်သွားတာ အကောင်းဆုံးပဲ၊ ကဲ ... လာခဲ့"

စကားဆုံးလျှင် ကြုံလင်း၏လက်ကို ဖျတ်ခနဲ လှမ်းဆွဲကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေသည်။

"ရှင် ... အို"

ကြုံလင်းမှာ အမှတ်တမဲ့မို့ ရုန်းကန်ခြင်း မပြုနိုင်တော့ဘဲ ကျင်းစန်း ခေါ်ဆောင်ရာ နောက်သို့ လိုက်ပါသွားရလေသည်။

ကျင်းစန်းသည် ကြုံလင်းကိုဆွဲကာ တစ်ဟုန်ထိုး ပြေးထွက်သွားလျှင် ...

"ပြေးပြီဟေ့"

"လိုက်ကြ"

သိုင်းသမားများက ဩသံပေးကာ လိုက်လာကြလေသည်။

သို့သော် ကျင်းစန်းနှင့် ကြုံလင်းတို့သည် တောအုပ်ထဲသို့ ပြေးဝင်ကာ ခြေရာဖျောက်လိုက်ကြလေသည်။

သိုင်းသမားများ လိုက်ရှာသော်လည်း မတွေ့ရတော့ချေ။



အချောင်သမား

တောအုပ်ထဲ၌ မှောင်မိုက်နေ၏။

ကျင်းစန်းနှင့်ကြုံလင်းတို့သည် တောအုပ်အတွင်းသို့ ရောက်သွားကြပြီဖြစ်လေသည်။

နှစ်ယောက်သား သစ်ပင်ချုံနွယ်များကို အကာအကွယ် ယူကာ အခြေအနေစောင့်ကြည့်နေလိုက်ကြ၏။

"ဒီဘက်ကို ပြေးတာကွ"

"ဟုတ်တယ် ... ဒီနားတင် ပျောက်သွားတယ်"

"လိုက်ရှာကြစမ်း"

"တွေ့ရင်တော့လားကွာ"

လိုက်ရှာနေကြသော သိုင်းသမားများ၏ ကြုံးဝါးသံများကို ကြားလိုက်ရလေသည်။

စကားသံများ၊ ခြေသံများသည် တစ်စထက်တစ်စ ဝေးသွားပြီး နောက်ဆုံး ပျောက်ကွယ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစန်း သက်ပြင်းချလိုက်သည်။

"သူတို့သွားကုန်ကြပြီ"

ဟု ပြောလိုက်လေသည်။

ကြံ့လင်းက ...

"ကျွန်မက သူတို့ကိုမကြောက်ပါဘူး"

ဟုပြောလေသည်။

ကျောင်းစန်း မျက်မှောင်ကြုတ်သွားသည်။ ကြံ့လင်းကို အကဲခတ်ကြည့်လိုက်၏။

ကြံ့လင်းမှာ ဒဏ်ရာရထားသည့်တိုင် အလျှော့ပေးလိုပုံမရပါချေ။

"ကျွန်မ ခုလိုထွက်ပြေးလာတာကို ဘိုးဘိုးသာသိသွားမယ်ဆိုရင် ကျိန်းသေအပြစ်တင်မှာပဲ"

ဟု ပြောလေသည်။

ကျောင်းစန်းက ...

ခက်တာပဲ၊ ညီမက ရှောင်ထွက်မလာရင် ဒုက္ခရောက်သွားနိုင်တာပေါ့"

"ဟွန်း ... ကျွန်မကို ဒုက္ခရောက်အောင် လွယ်လွယ်နဲ့လုပ်လို့ မရပါဘူးရှင်"



ကျောင်းစန်း ခေါင်းကုတ်လိုက်လေသည်။

ကြံ့လင်းက ...

"နေပါဦး ... ရှင်က ဘယ်သူလဲ"

ကျောင်းစန်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ မေးလာလေသည်။

ကျောင်းစန်းက ...

"ကျုပ်နာမည် ကျောင်းစန်းလို့ခေါ်ပါတယ်၊ မုရန်မြို့သားပါ"

ဟု ပြောပြလိုက်မိ၏။

ကြံ့လင်းက ...

"ကျွန်မနာမည် ကြံ့လင်းလို့ ခေါ်တယ်၊ ကျွန်မရဲ့အဘိုးဘယ်သူဘယ်ဝါဆိုတာတော့ ရှင်သိပြီးလောက်ရောပေါ့"

ကျောင်းစန်း ခေါင်းညိတ်လိုက်လေသည်။

"ကျုပ် သိပြီးပါပြီ"

အမှန်တော့ သူကိုယ်တိုင်လည်း သွေးမြေခွေး၏ ရက်စက်ကြမ်းကြုတ်မှုအပေါ် သဘောမကျနိုင်အောင် ဖြစ်ခဲ့ရပြီး ကြောက်ရွံ့နေရကား သူ၏လေသံတွင် ရွံ့မုန်းသည့်အသံများ ပါဝင်နေတော့သည်။

ကြံ့လင်း မျက်မှောင်ကြုတ်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ရှင်က ကျွန်မအဘိုးကို သဘောမကျဘူး မဟုတ်လား"

ဟု မေးလာလေသည်။

ကျင်းစန်းက တည်ကြည်သော မျက်နှာထားဖြင့် ...

"ဟုတ်တယ်"

"ရှင် ဘယ်လိုပြောလိုက်တာလဲ"

"ကျုပ်က မှန်ရာကိုပြောတာပါ"

"ရှင် ... ရှင် ..."

"ညီမရဲ့အဘိုးဟာ အတော့်ကို ရက်စက်ကြမ်းကြုတ်တယ်၊ သူဟာ တြိဂံရွှေပြားရဖို့ ဘယ်သူ့ကိုမဆို သတ်ပစ်ဖို့ ဝန်မလေးဘူး၊ သူ့ရဲ့ရက်စက်မှုကို ဘယ်သူကမှ လက်ခံကြမှာ မဟုတ်ဘူး"

ကြုံလင်း တွေဝေသွားလေသည်။ သူမသည် အတန်ကြာ ငေးငိုင်နေပြီးမှ ...

"ဘိုးဘိုးရဲ့လုပ်ရပ်တွေကို ကျွန်မလည်း သဘောမကျပါဘူး၊ ဒါပေမဲ့ တြိဂံရွှေပြားတွေကို ဘိုးဘိုး ပြန်ရမှဖြစ်မှာရှင့်"

ဟု ပြောလေသည်။

သူမ၏စကားကြောင့် ကျင်းစန်း စိတ်ဝင်စားသွားပြီး ...

"ပြန်ရမှဖြစ်မယ်ဆိုတော့ တြိဂံရွှေပြားတွေဟာ ညီမဘိုးဘိုး



ရဲ့ ပစ္စည်းတွေမို့လား"

ဟု မေးလိုက်လေသည်။

ကြုံလင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဟင်"

ကျင်းစန်း အံ့သြသွားသည်။

တြိဂံရွှေပြားကြောင့် သိုင်းလောက၌ လျှို့ဝှက်ဆန်းကြယ်သောကိစ္စများ ဖြစ်ပွားခဲ့ကြောင်း သတိပြုမိလိုက်သည်။

သူသည် စိတ်ဝင်စားလာသလို သိလိုစိတ်များ ပြင်းပြလာ၏။ ထို့ကြောင့် ...

"တြိဂံရွှေပြားနဲ့ ညီမတို့ ဘယ်လိုပတ်သက်နေသလဲဆိုတာကို ပြောပြနိုင်မလားဟင်"

ဟု မေးလိုက်မိလေသည်။ ကြုံလင်းက ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း ... ပြောလို့မဖြစ်ဘူးရှင့်"

"ဘာဖြစ်လို့လဲ"

"ဘယ်သူ့ကိုမှ ပြောမပြရဘူးလို့ ဘိုးဘိုးက မှာထားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

မသိရနိုင်သောအခါ ပို၍ သိလိုလာသည်မှာ လူသားတို့၏ စိတ်ဆန္ဒပင် ဖြစ်လေသည်။

ကျင်းစန်းလည်း ပို၍သိလိုလာပြီး တိတ်တဆိတ် စုံစမ်းကြည့်ရန် ဆုံးဖြတ်လိုက်လေသည်။

ကြုံလင်းက …

"ကျွန်မကို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မကြောင့် သိုင်းလောကသားတွေက ရှင့်အပေါ် မကျေမနပ် ဖြစ်နေကြမှာ စိတ်မကောင်းပါဘူး၊ တကယ်ဆိုရင် ကျွန်မလည်း ဘယ်သူနဲ့မှ ပြဿနာမဖြစ်ချင်ပါဘူး၊ သိုင်းလောကကြီးရဲ့ သာယာလှပပုံကို ကြားသိရလို့ အလည်အပတ် လိုက်ခဲ့တာပါရှင်"

ဟု ပြောလာလေသည်။

ကျင်းစန်းက …

"ဒါဖြင့် ညီမဟာ ပြည်မကို တစ်ခါမှ မရောက်ဖူးဘူးပေါ့ … ဟုတ်လား"

"ဟုတ်ပါတယ်ရှင် … ကျွန်မတို့ဟာ တောင်ပင်လယ်က ကျွန်းကလေး တစ်ကျွန်းပေါ်မှာ နေထိုင်ခဲ့ကြတာပါ"

ကျင်းစန်း စိတ်မကောင်းဖြစ်သွားလေသည်။



ကြုံလင်းသည် အပြစ်မဲ့သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း နားလည်လာလေသည်။ ထို့ကြောင့် သူမအား ငေးမောကြည့်နေမိတော့သည်။

ကြုံလင်းသည် ကျင်းစန်းက စိုက်ကြည့်နေသဖြင့် မနေတတ် မထိုင်တတ် ဖြစ်လာပုံရှိလေသည်။

သူမ၏မျက်နှာလေး နီရဲသွားကာ ခေါင်းငုံ့ထားလိုက်လေသည်။

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"ညီမမှာ ဒဏ်ရာရထားသေးတယ်၊ ဒါကြောင့် အချိန်မီကုမှဖြစ်မယ်"

ဟု ပြောလိုက်သည်။

ကြုံလင်းက လက်ကာပြလိုက်လေသည်။

"ကိစ္စမရှိပါဘူးရှင်၊ ကျွန်မမှာ ဘိုးဘိုးပေးထားတဲ့ အသက်ကယ်ဆေးရှိပါတယ်၊ သိုင်းလောကထဲရောက်လာရင် ဘယ်လိုအခက်အခဲ ပြဿနာတွေနဲ့ ကြုံတွေ့ရမယ်ဆိုတာကို ကြိုတင်ပြောပြထားပါတယ်ရှင်"

သူမသည် ဆေးပုလင်းလေးတစ်လုံး ထုတ်ယူလိုက်သည်။ ထိုဆေးပုလင်းလေးထဲ၌ အနီရောင်ဆေးလုံးလေးများ ရှိနေ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

သူမသည် အနီရောင်ဆေးလုံးလေးတစ်လုံး ထုတ်ယူကာ သောက်ချလိုက်လေသည်။

ထို့နောက် မြေပေါ်၌ တင်ပျဉ်ခွေထိုင်ချကာ လက်ဝါးနှစ်ဖက်ကို ပေါင်ပေါ်တင်၍ မျက်လုံးမှိတ်ထားလိုက်၏။

ကျင်းစန်း သက်ပြင်းချလိုက်ပြန်သည်။

ကြုံလင်းက အတွင်းအားခြေ အတွင်းအားကို ကုသနေချိန်၌ သူက ကာကွယ်စောင့်ရှောက်ပေးရမည် မဟုတ်ပါလား။

ကျင်းစန်းက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်လေသည်။

ထိုစဉ် ...

'ဟူး ဟူး ဟူး'

အဝတ်အစားလေတိုးသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်း ရင်ထိတ်သွားပြီး လှမ်းကြည့်လိုက်၏။

ထိုအခါ လူရိပ်တစ်ခု ရိပ်ခနဲ ရိပ်ခနဲ ပြေးလွှားလာနေသည်ကို တွေ့ရလေသည်။

ထိုလူရိပ်သည် တစ်ခဏအတွင်းမှာပင် ကျင်းစန်းတို့အနီးသို့



ရောက်ရှိလာကြလေသည်။

ကျင်းစန်း မနေနိုင်တော့ဘဲ ...

"ရပ်လိုက်"

ဟု အော်ငေါက်ဟန့်တားလိုက်လေသည်။

လက်ဦးအောင် ဆီးကြိုတိုက်ခိုက်ရန်လည်း ဟန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် ... ,

"ညီလေး"

ကျယ်လောင်သောခေါ်သံ ထွက်ပေါ်လာလေသည်။

ကျင်းစန်း အံ့ဩသွားသည်။

"ဟင် ... အစ်ကိုကြီးလီထင်း"

"ဟုတ်တယ် ညီလေး"

"တော်ပါသေးရဲ့ဗျာ"

ပြေးလွှားရောက်ရှိလာသူမှာ လီထင်းဖြစ်နေသည်ကို တွေ့ရမှ ကျင်းစန်း စိတ်သက်သာရာ ရရှိသွားလေသည်။

လီထင်းက ...

"ညီလေး ... ကျုပ် မြို့ထဲကပြန်လာတော့ ဘုံကျောင်းရှေ့မှာ သိုင်းသမားတွေနဲ့တွေ့ပြီး အခြေအနေမေးကြည့်တော့ ညီလေး

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း သိလိုက်ရတာနဲ့ စိတ်ပူပြီး လိုက်လာခဲ့တာပဲ”

ဟု ပြောလေသည်။

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

“ဟုတ်တယ် အစ်ကိုကြီး ... အများနဲ့တစ်ယောက် ဖြစ်နေတော့ ကျွန်တော်လည်း မတရားဘူးထင်ပြီး ဝင်ကူညီမိခဲ့တာပါ”

လီထင်းက ...

“ညီလေးက လူဆိုးတွေကို ကူညီမိပြီဆိုတာကော သတိထားမိရဲ့လား”

ဟု မေးလိုက်လေသည်။

ကျင်းစန်းက လက်မခံပါချေ။

“သူက လူဆိုးမဟုတ်ပါဘူး”

ကြိုလင်းကို ညွှန်ပြကာ ပြောလိုက်လေသည်။

လီထင်းက ...

“သူက သွေးမြေခွေးရဲ့ မြေးပဲ မဟုတ်လား”

“ဒါ မှန်တယ်၊ ဒါပေမဲ့ သွေးမြေခွေးရဲ့လုပ်ရပ်တွေဟာ သူနဲ့မဆိုင်ပါဘူး”

လီထင်း ရယ်မောလိုက်လေသည်။

“ငါ့ညီက လူဆိုးမလေးဘက်က ကာကွယ်လှချည်လား”



ဟု ခနဲ့လိုက်လေသည်။

ကျင်းစန်းက ...

“သူဟာ လူဆိုးမလေး မဟုတ်ပါဘူး”

ဟု ထပ်ပြောလိုက်၏။

လီထင်းက ...

“ညီလေး ... မင်းက သူတို့အကြောင်း ဘယ်လောက်များ သိလို့လဲ၊ သူတို့ဟာ တစ်ချိန်တုန်းက သိုင်းလောကကို ကိုင်လှုပ်ခဲ့ကြတဲ့ လူဆိုးကြီးတွေကွ၊ ဇော်ဂင်ပင်လယ်ကနေပြီး ပြည်မကို လာဒုက္ခပေးနေကြတာ၊ သိုင်းလောကသားတွေ စုပေါင်းပြီး တိုက်ခိုက်ခဲ့လို့ သွေးမြေခွေးဟာ တစ်ကြိမ်ရှုံးနိမ့်ပြီးပြီ၊ သူသေသွားပြီထင်ပြီး သိုင်းသမားတွေက အေးအေးဆေးဆေးနေခဲ့ကြတာ၊ ခုတစ်ခါ ပြန်ပေါ်လာတာပဲ”

ကျင်းစန်းက ...

“သူတို့အကြောင်းကို အစ်ကိုကြီး သိထားတယ် ... ဟုတ်လား”

ဟု မေးလိုက်သည်။

လီထင်း ခေါင်းညိတ်လိုက်သည်။

“ဟုတ်တယ် ... ကျုပ်က ညီလေးနဲ့ လမ်းခွဲပြီး သိုင်းလော

www.burmeseclassic.com

www.burmeseclassic.com



ကထဲ ဆင်းခဲ့သေးတယ်၊ အဲဒီမှာ သွေးမြေခွေးအကြောင်းကို ကြားခဲ့ရတာ"

ကျင်းစန်းက ...

"ဒါဖြင့် သူတို့ လိုက်ရှာနေကြတဲ့ တြိဂံရွှေပြားအကြောင်းကိုကော အစ်ကိုကြီးသိမှာပေါ့"

လီထင်းက ...

"ဟုတ်တယ် ... သိုင်းလောကမှာကြားခဲ့ရတဲ့ သတင်းအရတော့ တစ်ချိန်က သိုင်းလောကမှာ ကျော်ကြားခဲ့တဲ့ ခုနစ်စဉ်ကြယ်ဂိုဏ်းဆိုတာ ရှိခဲ့ဖူးတယ်၊ ခုနစ်စဉ်ကြယ်ဂိုဏ်းလေးရဲ့ ထူးခြားချက်က တခြားဂိုဏ်းတွေလို ဂိုဏ်းချုပ်တစ်ယောက်တည်းကနေပြီး ဦးဆောင်အုပ်ချုပ်တာ မဟုတ်ဘဲ ခေါင်းဆောင်ခုနစ်ဦးက စုပေါင်းအုပ်ချုပ်ခဲ့တာ ဖြစ်တယ်"

ကျင်းစန်း ပိုပြီး စိတ်ဝင်စားသွားလေသည်။

"အစ်ကိုကြီး ... ခုနစ်စဉ်ကြယ်ဂိုဏ်းအကြောင်းကို သိရင်ပြောပြပါလား"

ဟု မေးလိုက်လေသည်။

လီထင်းက သက်ပြင်းချလိုက်ပြီး ...

"ကျုပ်ကလည်း သိတယ်ရယ်လို့ မဟုတ်ပါဘူး၊ သိုင်းလောကသားတွေ ပြောဆိုနေကြတာကို ကြားဖူးခဲ့တာပါ၊ ကျုပ် သိသလောက်တော့ ပြောပြနိုင်ပါတယ်"



"ကျေးဇူးပါပဲ အစ်ကိုကြီးရယ်"

လီထင်းက ခုနစ်စဉ်ကြယ်ဂိုဏ်းအကြောင်း ပြောပြလေသည်။

"ခုနစ်စဉ်ကြယ်ဂိုဏ်းဟာ သိုင်းလောကမှာ ဦးဆောင်နိုင်အောင် အောင်မြင်ခဲ့တယ်၊ ခေါင်းဆောင်ခုနစ်ယောက်ရဲ့ သိုင်းပညာအစွမ်းထက်မြက်လှပြီး အဖွဲ့သားတွေရဲ့ စည်းလုံးညီညွတ်မှုကြောင့်လည်း ဖြစ်တယ် ...၊

သူတို့ဟာ သိုင်းလောကမှာ နှစ်ပေါင်းနှစ်ဆယ်ကျော် လှုပ်ရှားခဲ့ကြပြီး ခေါင်းဆောင်ခုနစ်ဦးဟာ ဇရာပိုင်းကို ရောက်လာတဲ့အခါမှာ သူတို့ရဲ့ဂိုဏ်း ရေရှည်တည်တံ့ခိုင်မြဲအောင် သူတို့ရဲ့နေရာကို ဆက်ခံမယ့်ခေါင်းဆောင်တွေ မွေးထုတ်နိုင်မှဖြစ်မယ်ဆိုတာကို တွက်ဆမိလာကြတယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဒါဟာ မှန်ကန်တဲ့ကိစ္စပါပဲ"

လီထင်းက ...

"ခေါင်းဆောင်ခုနစ်ဦးဟာ လက်ရွေးစင်တပည့် ခုနစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို ရွေးချယ်ပြီး သူတို့ရဲ့သိုင်းပညာတွေကို သင်ပေးခဲ့ကြတယ်၊ ဒါပေမဲ့ တပည့်တွေဟာ ဆရာ့ခြေရာကို မမီနိုင်အောင် ဖြစ်ခဲ့ကြပြန်တယ်"

ကျင်းစန်း ပင့်သက်ရှိုက်လိုက်မိလေသည်။

ဆရာကောင်းရှိသော်လည်း တပည့်ကောင်းရဖို့ လိုသေးသည် မဟုတ်ပါလား။

တပည့်မကောင်းလျှင် ဆရာ၏ပညာသည် သဲထဲရေသွန်ပစ်ရပေလိမ့်မည်။

လီထင်းက ...

"ဒီလိုနဲ့ နှစ်တွေကြာမြင့်လာတယ်၊ ဆရာလုပ်သူတွေဟာ အသက်အရွယ် ပိုပြီးကြီးရင့်လာကြတယ်၊ သူတို့ရဲ့ ပညာကုန် တတ်မြောက်အောင် သင်ပေးဖို့ သက်ဆိုးရှည်နိုင်ပါ့မလားလို့ အတွေးဝင်လာကြတယ်၊ ဒါနဲ့ပဲ သူတို့ရဲ့ပညာတွေကို တြိဂံရွှေပြားလေးတွေပေါ်မှာ မှတ်တမ်းတင်ပြီး တပည့်တွေကို လက်ဆင့်ကမ်းခဲ့ကြတာပဲ ...၊

ဒါပေမဲ့ နောက်ပိုင်းမှာဆက်ခံတဲ့ ခေါင်းဆောင်ခုနစ်ဦးဟာ အကြောင်းအမျိုးမျိုးနဲ့ အချင်းချင်း မသင့်မြတ်ခဲ့ကြတဲ့ စိတ်ဝမ်းကွဲခဲ့ကြတယ်၊ ခုနစ်စဉ်ကြယ်ဂိုဏ်းလည်း ပြိုကွဲပျက်စီးသွားတယ်"

ကျင်းစန်းက ...



"ရွှေပြားခုနစ်ခုကကော"

ဟု အလောတကြီး မေးလိုက်သည်။

လီထင်းက ...

"ခေါင်းဆောင်ခုနစ်ဦးဆီမှာ အသီးသီး ရှိခဲ့ကြပေမယ့် နောက်ပိုင်းမှာ တိမ်မြုပ်ပျောက်ကွယ်သွားခဲ့တယ်၊ လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ဆယ်လောက်မှ သိုင်းလောကမှာ ပြန်ပေါ်လာတာပဲ"

ကျင်းစန်းက ...

"ဒီကိစ္စကို ဘယ်သူက စဖော်တာလဲဟင်"

လီထင်း မဲ့ပြုံးပြုံးလိုက်ပြီး ...

"ဘယ်သူ ရှိမလဲ ... သွေးမြေခွေးပေါ့"

"သွေးမြေခွေး ... ဟုတ်လား"

"ဟုတ်တယ် ... သူဟာ တြိဂံရွှေပြားတစ်ခုကို ရထားတယ်၊ အဲဒီရွှေပြားပေါ်က သိုင်းပညာရပ်တွေကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ထားတယ်၊ သူဟာ သိုင်းလောကထဲကို ဆင်းလာပြီး တခြား တြိဂံရွှေပြားတွေကို လိုက်ရှာတော့တာပဲ၊ ဒီလိုနဲ့ တြိဂံရွှေပြား ဆက်ခံရရှိထားသူတွေ ထွက်ပေါ်လာခဲ့တယ်"

"သူတို့ဟာ သွေးမြေခွေးနဲ့ ရင်ဆိုင်ခဲ့ကြရတာပေါ့ ... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ညီလေး၊ ဒါပေမဲ့ အဲဒီအချိန်က ကျန်တဲ့ လူခြောက်ယောက်ဟာ သွေးမြေခွေးရဲ့ ကြောက်စရာကောင်းပုံကို သိတော့ စုပေါင်းရင်ဆိုင်ခဲ့ကြတယ်၊ ဒါကြောင့် သွေးမြေခွေး အရေးနိမ့်သွားတာပဲ၊ အားလုံးက သူ့ကို သေပြီလို့ ထင်မှတ်ထားကြတာ ... ခုတော့ ပြန်ပေါ်လာတာကြောင့် သိုင်းလောကတစ်ခုလုံး ထိတ်လန့်တုန်လှုပ်နေကြရပြီ"

ကျင်းစန်းက ...

"သွေးမြေခွေးဟာ သူ့ဆီမှာ ရွှေပြားတစ်ခုရှိပါလျက်နဲ့ ဘာကြောင့်များ ကျန်တဲ့ရွှေပြားတွေကို လိုချင်ရတာလဲ"

လီထင်းက ...

"သွေးမြေခွေးက လောဘကြီးတယ်လေ၊ ရွှေပြားခုနစ်ခုစလုံးရရင် သိုင်းလောကမှာ သူ့ကို ဘယ်သူမှယှဉ်နိုင်တော့မှာမဟုတ်ဘူးဆိုတာကို သိတယ်၊ ဒါကြောင့် လုယူဖို့ ကြိုးစားနေတာပဲ၊ ခုဆိုရင် ရွှေပြားသုံးလေးခုလောက်တော့ ရသွားပြီထင်တယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူဟာ ကျားဘီလူး၊ ရသေ့ကြီးနဲ့ သူတော်တို့ သုံးယောက်ဆီက ရွှေပြားသုံးခုကို ရသွားပြီး သူ့ဆီမှာ တစ်ခုရှိတယ်ဆိုတော့ အားလုံးပေါင်း လေးခုရထားပြီ၊ ကျန်တဲ့သုံးခုက"



သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

လီထင်းက ...

"တစ်ခုကတော့ ရုပ်ဆိုးအဘွားအို မင်းတွာဆီမှာ ရှိနေတာကို သတင်းရတယ်၊ မင်းဟွာကို ထိုက်ကျူးမြို့ထဲမှာ တွေ့တဲ့လူက တွေ့လိုက်တယ်"

ကျင်းစန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ... သွေးမြေခွေးဟာ မင်းဟွာနောက်ကို လိုက်သွားပြီ"

ဘုံကျောင်းရှေ့၌ ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်လေသည်။

လီထင်းက ...

"ညီလေး ... မင်းကို ပြောစရာရှိတယ်"

သူ၏လေသံ တိုးသွားသည်။ သူ၏မျက်နှာသည်လည်း အလွန်လျှို့ဝှက်သည့်အသွင် ဆောင်လေသည်။

ကျင်းစန်း အံ့သြသွားပြီး ...

"ဘာပြောမလို့လဲ အစ်ကိုကြီး"

ဟု မေးလိုက်လေသည်။

လီထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ... သူဟာ သွေးမြေခွေးရဲ့မြေး မဟုတ်လား"

တင်ပျဉ်ခွေထိုင် မျက်စိမှိတ်ကာ မလှုပ်မယှက်ရှိနေသည့် ကြံ့လင်းကို ညွှန်ပြကာ မေးလိုက်လေသည်။

ကျင်းစန်းက ...

"ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ အစ်ကိုကြီး"

လီထင်းက ...

"ဘာဖြစ်ရမလဲ၊ သူ့ကို သွေးမြေခွေးက သိပ်ချစ်တယ်လို့ လူတိုင်းက ပြောနေကြတာ"

ကျင်းစန်းက ...

"ဟုတ်တယ် ... အစ်ကိုကြီးပြောတာ ဖြစ်နိုင်ပါတယ်"

"အေး ... ဒါဟာ တို့အတွက် အကွက်ကောင်းပဲကွ"

"ဗျာ ... အစ်ကိုကြီး ဘာကိုဆိုလိုတာလဲ"

ကျင်းစန်းက နားမလည်နိုင်စွာဖြင့် မေးလိုက်လေသည်။

လီထင်းက ...

"ဘာကို ဆိုလိုရမလဲ ... သူ့ကို ဖမ်းထားလိုက်ရင် သွေးမြေခွေး ဘာတတ်နိုင်မှာလဲ"

"ဗျာ"

ကျင်းစန်း ရင်ထိတ်သွားလေသည်။



"ညီမလေးကြံ့လင်းကို ဖမ်းထားလိုက်ရမယ် ... ဟုတ်လား"

"ဟုတ်တယ်လေ"

"ဟာ ... အစ်ကိုကြီးကလည်း"

ကျင်းစန်း ထိတ်လန့်သွားလေသည်။

လီထင်းက ...

"ဘာဖြစ်လို့လဲကွ ... သူ့ကိုဖမ်းထားလိုက်မယ်ဆိုရင် သွေးမြေခွေး ဘာမှတတ်နိုင်တော့မှာမဟုတ်ဘူး၊ သူ့ကို အကျပ်ကိုင်လိုက်ရင် တြိဂံရွှေဆွဲပြားတွေကို ရနိုင်မယ် မဟုတ်လားကွ"

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ဒီပစ္စည်းတွေကို ကျွန်တော် မမက်မောပါဘူး အစ်ကိုကြီးရယ်"

ဟု ပြောလိုက်၏။

လီထင်း မကျေမနပ် ဖြစ်သွားသည်။

"ညီလေး ... မင်း ဘာဖြစ်တာလဲ၊ ငါတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်း လမ်းပေါ်ရောက်နေပြီဆိုတာ မသိဘူးလား၊ ရွှေပြားတွေပေါ်က သိုင်းပညာတွေကိုသာ လေ့လာနိုင်မယ်ဆိုရင် သိုင်းလောကမှာ ပြိုင်ဘက်ကင်းသိုင်းသမားတွေ ဖြစ်လာမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



မသိဘူးလား"

ကျင်းစန်းက ...

"အစ်ကိုကြီးပြောတာ ကျွန်တော်နားလည်ပါတယ် ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ... ပြောစမ်းပါဦး"

"ကျွန်တော်က မတရားတာ မလုပ်ချင်လို့ပါ"

"ဘာကွ"

"ညီမလေးကြို့လင်းကို ဖမ်းထားပြီး အကျပ်ကိုင်ရမယ်ဆိုတာကို ကျွန်တော် လက်မခံနိုင်ပါဘူး ခင်ဗျာ"

"ညီလေး မင်း"

လီထင်း ဒေါပွသွားလေသည်။

ကျင်းစန်းအား မျက်ထောက်နီကြီးဖြင့် စိုက်ကြည့်လိုက်၏။ ကျင်းစန်းက ...

"ကျွန်တော့်ကို ခွင့်လွှတ်ပါ အစ်ကိုကြီး"

ဟုပြောကာ ခေါင်းငုံ့ထားလိုက်လေသည်။

"ဟား ဟား ဟား"

လီထင်းက ကောက်ကာငင်ကာ ဟားတိုက်ရယ်မောလိုက်လေသည်။



ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ လီထင်းအား အထိတ်တလန့် ကြည့်လိုက်သည်။

လီထင်းက ...

"ကျင်းစန်း ... မင်းမလုပ်ချင်ရင် အသာဘေးဖယ်နေလိုက်စမ်း၊ ငါ့ဘာသာလုပ်မယ်"

ဟု ခပ်ပြတ်ပြတ် ပြောလေသည်။

ကျင်းစန်းက ...

"အစ်ကိုကြီး မလုပ်ပါနဲ့"

ဟု တောင်းပန်လိုက်လေသည်။

သို့သော် ...

"ကျင်းစန်း ... ငါ့ကို တားမြစ်မယ်ဆိုရင် မင်းနဲ့ငါ ရန်သူတွေဖြစ်သွားမယ်"

လီထင်းက ခြိမ်းခြောက်လိုက်လေသည်။

ကျင်းစန်းက ...

"အစ်ကိုကြီးရယ် ဒီလိုမလုပ်ပါနဲ့ ... မကောင်းပါဘူးဗျာ"

သူက တောင်းပန်လိုက်သော်လည်း လီထင်းက လက်မခံပါချေ။

"ဘေးဖယ်လိုက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်ငေါက်ကာ ရှေ့တိုးလာလေသည်။

ကျင်းစန်းက ကြံ့လင်းကို လှမ်းကြည့်လိုက်သည်။

ကြံ့လင်း အမြန်ဆုံး သက်သာသွားပါစေဟု ဆုတောင်းမိလေသည်။

သူမသာ သက်သာသွားမည်ဆိုပါက ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မည် မဟုတ်ပါလား။

ကြံ့လင်းကား မလှုပ်မယှက်ရှိနေ၏။ လီထင်းက ရှေ့တိုးလာသည်။

"မလုပ်ပါနဲ့ အစ်ကိုကြီးရယ်"

ကျင်းစန်းမနေနိုင်တော့ဘဲ ဟန့်တားလိုက်လေသည်။

လီထင်း ဒေါပွသွားလေသည်။

"မင်းက ငါ့ကိုဟန့်တားမယ် ... ဟုတ်လား၊ မင်းရဲ့ပညာက ငါ့ထက်သာတယ်ဆိုပြီး မောက်မာတာပေါ့လေ ... သေဖို့သာပြင်ထား"

ဟု ကြုံးဝါးကာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။

ကျင်းစန်းက ...

"အစ်ကိုကြီးရယ် ကျွန်တော့်ကို အထင်မမှားပါနဲ့ ... ကျွန်တော် တောင်းပန်ပါတယ်"



သူက မည်သို့ပင်တောင်းပန်သော်လည်း လီထင်းကား အလျှော့မပေးချေ။

ကျင်းစန်းမှာ လီထင်းနှင့် ရင်ဆိုင်တိုက်ခိုက်ရတော့မည့် အခြေအနေနှင့် ကြုံတွေ့လိုက်ရလေသည်။

ထိုစဉ်မှာပင် ...

"မင်းတို့ ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ လူတစ်ယောက် ပြေးလွှားရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အော်ဝေါက်သံ ထွက်ပေါ်လာသည်။

လူရိပ်တစ်ခု ပြေးလွှားရောက်ရှိလာလေသည်။

လီထင်း ရင်ထိတ်ကာ ကပျာကယာ နောက်ဆုတ်လိုက်၏။

ကျင်းစန်းသည်လည်း သွေးမြေခွေး ရောက်လာပြီဟု ထင်ကာ ထိတ်လန့်သွားလေသည်။

သို့သော် ပြေးလွှားရောက်ရှိလာသူမှာ သွေးမြေခွေးမဟုတ်ဘဲ ရုပ်ဆိုးအဘွားအို မင်းဟွာဖြစ်နေသည်ကို တွေ့ရလေသည်။

မင်းဟွာသည် လီထင်း၊ ကျင်းစန်းနှင့် မလှမ်းမကမ်း၌ ရှိနေသော ကြုံလင်းကိုမြင်လျှင် မဲ့ပြုံးပြုံးလိုက်လေသည်။

"ဟင်း ဟင်း … မင်းတို့ ဘာတတ်နိုင်မှာလဲ"

ဟု ပြောကာ ရှေ့တိုးလာလေသည်။

ကျင်းစန်း မနေနိုင်တော့ဘဲ ရှေ့သို့ လှမ်းထွက်လိုက်သည်။

မင်းဟွာနှင့် ရင်ဆိုင်လိုက်လေသည်။



မင်းဟွာက ခြေလှမ်းရပ်ကာ ကျင်းစန်းကို မျက်မှောင်ကုတ်ပြီး ကြည့်လိုက်လေသည်။

ကျင်းစန်းက လက်နှစ်ဖက်ဆုပ်ကာ ဦးညွှတ်လိုက်သည်။

"ဘွားဘွား … ကျွန်တော် မေတ္တာရပ်ခံပါရစေ ခင်ဗျား … သူဟာ သွေးမြေခွေးရဲ့မြေး ဖြစ်တာမှန်ပေမယ့် သွေးမြေခွေးရဲ့ လုပ်ရပ်တွေနဲ့ ဘာမှမပတ်သက်ပါဘူး၊ သူ့ကို ခွင့်လွှတ်စေချင်ပါတယ်"

ဟု တောင်းပန်လိုက်လေသည်။

မင်းဟွာက …

"သွေးမြေခွေးရဲ့မြေးဆိုမှတော့ မပတ်သက်ဘဲ နေတော့မလား"

ဟု ပြောလေသည်။

ကျင်းစန်းက …

"ဘွားဘွား သူဟာ …"

"နေပါဦး … ဘုံကျောင်းရှေ့မှာ ငါ့လူတွေကို တိုက်ခိုက်ခဲ့တာ မင်း မဟုတ်လား"

မင်းဟွာ မကျေမနပ်ဖြစ်သွားလေသည်။

ကျင်းစန်းက …

www.burmeseclassic.com

www.burmeseclassic.com



"ဘွားဘွား ... အဖြူရောင်သိုင်းသမားတွေဟာ တစ်ယောက်တည်းကို အများနဲ့ဝိုင်းပြီး တိုက်ခိုက်လေ့မရှိပါဘူး၊ ဒါကြောင့် ကျွန်တော်က မဖြစ်သင့်တာ မဖြစ်ရလေအောင် ကြားဝင် တားမြစ်ခဲ့တာပါ ခင်ဗျာ"

ဟု ပြောလေသည်။

မင်းဟွာသည် လက်ထဲကိုင်ထားသော တောင်ဝှေးကို မြေပေါ် တစ်ချက်ဆောင့်ချလိုက်ပြီး ...

"စကားမရှည်နဲ့ ... ဘေးဖယ်လိုက်စမ်း"

ဟု ငေါက်လိုက်လေသည်။

ကျင်းစန်းက တုတ်တုတ်မျှပင် မလှုပ်ချေ။

မင်းဟွာက ...

"မင်း သေချင်ပြီထင်တယ်"

ဟု ကြုံးဝါးလိုက်လေသည်။

ကျင်းစန်းက ...

"ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ သူ့ကို ဒုက္ခမပေးပါနဲ့၊ သူဟာ ဒဏ်ရာလည်းရထားပါတယ်"

ဟု တောင်းပန်လိုက်လေသည်။

ထိုစဉ် ...



"ဘွားဘွား ... သူဟာ သွေးမြေခွေးကို ကူညီနေတဲ့ လူတစ်ယောက်ပဲ၊ သူ့ကို ချမ်းသာမပေးပါနဲ့"

လီထင်းက အော်ပြောလာလေသည်။ ကျင်းစန်း အံ့သြသွားလေသည်။

"အစ်ကိုကြီး"

ဟုခေါ်ရင်း လီထင်းကို မယုံနိုင်စွာ လှမ်းကြည့်လိုက်လေသည်။

လီထင်းက တင်းမာသောမျက်နှာထားဖြင့် ...

"ဟေ့ကောင် ... မင်းဟာ ဆရာ့စကားကို နားမထောင်ဘဲ သွေးမြေခွေးဘက်ကနေ ကူညီခဲ့တယ်၊ ဒါကြောင့် မင်းနဲ့ငါ ပညာသင်ဘက် ညီအစ်ကိုတွေ မဟုတ်တော့ဘူး၊ မင်းဟာ ငါ့ရဲ့ရန်သူ ဖြစ်သွားပြီ"

ဟု ပြတ်သားစွာ ပြောလေသည်။

"အစ်ကိုကြီးရယ် ... ဘယ်လိုပြောလိုက်တာလဲဗျာ"

ကျင်းစန်းက မရှိတင်ကဲ ညည်းတွားလိုက်လေသည်။

လီထင်းက ...

"ကျင်းစန်း ... မင်းကို ငါကိုယ်တိုင်ဖမ်းပြီး ဆရာ့ဆီ ပို့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ ရှေ့တိုးလာသည်။

ထိုစဉ် ...

"မင်း နောက်ဆုတ်လိုက်စမ်း"

မင်းဟွာက အော်ငေါက်လိုက်လေသည်။ လီထင်း မျက်နှာပျက်သွားသည်။

"ကျွန်တော်"

"နောက်ဆုတ်လိုက်စမ်း"

မင်းဟွာက ထပ်မံအော်ငေါက်လိုက်သောအခါ လီထင်း ဘာမှမပြောဝံ့တော့ဘဲ နောက်ဆုတ်လိုက်လေသည်။

သို့တိုင် နောက်ဆုတ်မလိုနှင့် ကြိုလင်းအနီးသို့ ချဉ်းကပ်သွားလိုက်ခြင်း ဖြစ်ပေတော့သည်။

မင်းဟွာက အမှုမထားပါချေ။ ကျင်းစန်းအား စိုက်ကြည့်လိုက်ပြီး ...

"မင်းဟာ သွေးမြေခွေးဘက်က ပါဝင်ကူညီခဲ့တဲ့အတွက် မင်းကို ဆုံးမရလိမ့်မယ်"

ဟုပြောကာ လက်ဝှေ့ယမ်းလိုက်လေသည်။

ကျင်းစန်းသည် ထိပ်သီးသိုင်းပညာရှင်တစ်ယောက်နှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း သဘောပေါက်လိုက်မိသည်။



ထို့ကြောင့် ပေါ့ပေါ့တန်တန် သဘောမထားဘဲ လက်နှစ်ဖက်နှင့် အတွင်းအားအပြည့်အဝ စုစည်းကာ ခုခံလိုက်လေသည်။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သော အသံတစ်ချက် ထွက်ပေါ်လာလေသည်။

မင်းဟွာက မလှုပ်မယှက် ရပ်နေသည်။

ကျင်းစန်းကား ဒယီးဒယိုင်ဖြင့် ခြေသုံးလေးလှမ်းခန့် ဆက်တိုက်ဆုတ်ပေးလိုက်ရလေသည်။

သို့တိုင် ကျင်းစန်းသည် အရှိန်သတ်ကာ ခြေလှမ်းရပ်လိုက်ပြီး မင်းဟွာနှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားလိုက်လေသည်။

အဘယ်ကြောင့်မှန်းမသိ ... ကြိုလင်းအား ကာကွယ်ရမည်ဟု သိရှိနေလေသည်။

မင်းဟွာ မျက်မှောင်ကုတ်သွားသည်။ မားမားမတ်မတ် ရပ်နေသော ကျင်းစန်းကိုကြည့်ကာ ...

"မင်း ဘယ်ဆိုးလို့လဲ ... ငါ့ရဲ့လက်ဝါးတစ်ချက်ကိုတောင် ခံနိုင်ရည် ရှိတာပဲ၊ ကောင်းပြီ ... မင်း ဘယ်လောက်ခံနိုင်မလဲ ကြည့်ကြသေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးလျှင် လျှပ်တစ်ပြက် ရှေ့တိုးလာပြီး ကျင်းစန်းအား တိုက်ခိုက်လိုက်လေသည်။

ကျင်းစန်းလည်း လက်ဝါးနှစ်ဖက်ကို အသုံးပြုကာ ပြန်လည် တိုက်ခိုက်လိုက်လေသည်။

သူတို့နှစ်ယောက် ရင်ဆိုင်လိုက်သောအခါ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေတော့သည်။

ရုပ်ဆိုးအဘွားအို မင်းဟွာသည် သိုင်းလောကၡ လျှမ်းလျှမ်းတောက် ကျော်ကြားနေသော ထိပ်သီးသိုင်းသမားကြီးတစ်ယောက် ဖြစ်လေသည်။

ကျင်းစန်းက မင်းဟွာနှင့် ရင်ဆိုင်လိုက်သောအခါ ရှုံးမလှ အရေးနိမ့်သွားမည်ဖြစ်ကြောင်း လီထင်း ယုံကြည်ထားလေသည်။

ထို့ကြောင့် သူက ကျင်းစန်းနှင့်မပတ်သက်ကြောင်း မျက်နှာမထောက်ဘဲ ပြောချလိုက်ခြင်းဖြစ်သည်။

ထို့အပြင် အခွင့်အရေးရသည်နှင့် ကြိုလင်းအနီးသို့ လျှပ်တစ်ပြက် ချဉ်းကပ်သွားလိုက်ရလေသည်။

ကြိုလင်းကား အတွင်းအားဖြင့် ဒဏ်ရာကို ကုသနေခြင်းဖြစ်သည်။ သူမသည် သတိကင်းကာ လောကကြီးတစ်ခုလုံးနှင့် ကင်းကွာနေပါတော့သည်။

လီထင်းသည် ထိုအခြေအနေကိုမြင်လျှင် သဘောကျသွား

www.burmeseclassic.com

www.burmeseclassic.com



၏။

"ဒါ ငါ့အတွက် အခွင့်အရေးပဲ"

ဟု စိတ်ထဲမှ ရေရွတ်လိုက်သည်။

ထို့နောက် ကြိုလင်းအနီးသို့ တိတ်တဆိတ် ချဉ်းကပ်သွားလိုက်လေသည်။

သူ၏လုပ်ရပ်ကို မည်သူမျှ သတိမထားမိလိုက်ကြပါချေ။

လီထင်းသည် တိုက်ခိုက်နေကြသော ကျင်းစန်းနှင့်မင်းဟွာတို့ကို တစ်ချက်ကြည့်လိုက်ပြီး ကြိုလင်း၏ပခုံးပေါ်မှ သွေးကြောတစ်ခုကို လျှပ်တစ်ပြက် ထိုးပိတ်လိုက်လေသည်။

"အင့်"

ကြိုလင်း၏ မသဲမကွဲ ညည်းညူသံ ထွက်ပေါ်လာလေသည်။

သူမသည် သွေးကြောပိတ်ခံရကာ မလှုပ်မယှက် ဖြစ်သွားတော့သည်။

လီထင်း ဝမ်းသာသွားသည်။ ကြိုလင်းအား ဆတ်ခနဲဆွဲယူကာ ပခုံးပေါ်ထမ်းလိုက်ပြီး တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

✹



လီထင်းက ကြိုလင်းကို ဖမ်းဆီးကာ ထွက်ပြေးသွားပြီ ဖြစ်သည်။

ကျင်းစန်းနှင့် မင်းဟွာတို့ကား ထိုကိစ္စကိုမသိဘဲ ရင်ဆိုင်တိုက်ခိုက်နေကြဆဲ။

ကျင်းစန်းသည် ဆရာဖြစ်သူရှောင်ကောင်း၏ မိုးကြိုးလက်ဝါးသိုင်းကွက်များကို အသုံးပြုကာ ရင်ဆိုင်နေခြင်းဖြစ်လေသည်။

တိုက်ပွဲမှာ တစ်စထက်တစ်စ ပြင်းထန်လာလေသည်။

မင်းဟွာသည် လူငယ်တစ်ယောက်ဖြစ်သော ကျင်းစန်းအား အလွယ်တကူ အနိုင်မရသဖြင့် အံ့သြနေမိလေသည်။

ကျင်းစန်း၏သိုင်းကွက်များကို တွေ့ရလျှင် သူမသည် တိုက်ခိုက်ရင်း ...

"ကဲ ပြောစမ်း ... မင်းဟာ မိုးကြိုးလက်ဝါးရှောင်ကောင်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလိုက်လေသည်။

ကျင်းစန်း အံ့ဩသွားသည်။

"ဟင် ... ဘွားဘွားက ကျွန်တော့်ကိုသိတယ် ... ဟုတ်လား"

မင်းဟွာက ...

"လက်စသတ်တော့ မင်းဟာ ရှောင်ကောင်းရဲ့တပည့်ကိုး၊ မင်းရဲ့ဆရာက သိုင်းလောကအကြောင်း ပြောပြမထားဘူးလား"

အမှန်တော့ သူမ၏အကြောင်း ပြောပြမထားဘူးလားဟု မေးလိုခြင်း ဖြစ်လေသည်။

ရှောင်ကောင်းက မရိပ်မိဘဲ ...

"ဆရာဟာ သိုင်းလောကအတွေ့အကြုံရှာဖို့ ကျွန်တော့်ကို သိုင်းလောကထဲ ဆင်းခိုင်းလိုက်တာပါ"

ဟု ရှင်းပြလိုက်လေသည်။

သူတို့သည် စကားပြောဆိုနေကြရင်း ခြေလက်များကလည်း ခပ်သွက်သွက်လှုပ်ရှားကာ တိုက်ခိုက်နေကြသည်။

မင်းဟွာသည် ကျင်းစန်း၏တိုက်ကွက်များ ထက်မြက်နေသည်ကို ကြည့်ကာ အံ့ဩနေလေသည်။

အမှန်တော့ ကျင်းစန်းသည် ရှောင်ကောင်းတီထွင်ထား



သော မိုးကြိုးလက်ဝါးသိုင်းကို သမားရိုးကျ အသုံးမပြုဘဲ သိုင်းကွက်အချင်းချင်း ပေါင်းစပ်ကာ အသုံးပြုနေခြင်းဖြင့် မင်းဟွာအား ရင်ဆိုင်နေနိုင်ခြင်း ဖြစ်လေသည်။

မည်သို့ဆိုစေ သူ၏သိုင်းကွက်များသည် မိုးကြိုးလက်ဝါးသိုင်းကွက်များဖြစ်ကြောင်းကား ထင်ရှားပေါ်လွင်နေ၏။

မင်းဟွာသည် ကျင်းစန်းအား အလွယ်တကူ အနိုင်မယူနိုင်သဖြင့် သူမ၏သိုင်းကွက်များကိုလည်း ပြောင်းလဲလိုက်လေသည်။

'ဗိုး ဗိုး'

ပြင်းထန်သော လေတိုးသံများ ထွက်ပေါ်လာသည်။

လေပွေလှိုင်းများသည် ကျင်းစန်းထံသို့ အရှိန်အဟုန်ဖြင့် တိုးဝင်လာလေသည်။

ကျင်းစန်း ထိတ်လန့်သွားသည်။

မင်းဟွာ၏ လက်ချက်ကြောင့် ဒုက္ခရောက်ရတော့မည် ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

သေလျှင်သေ၊ မသေလျှင် အပြင်းအထန် ဒဏ်ရာရသွားမည်မှာ သေချာနေပါတော့သည်။

ကျင်းစန်း ကပျာကယာ နောက်ဆုတ်လိုက်သည်။

သို့တိုင် လေပွေလှိုင်းများသည် အရှိန်လျော့မသွားဘဲ ဆက်

www.burmeseclassic.com

www.burmeseclassic.com



လက်၍ ပြင်းထန်စွာ တိုးဝင်လာလေသည်။

ကျင်းစန်းသည် ရှောင်တိမ်းရန် မဖြစ်နိုင်တော့မှန်း သဘော ပေါက်လိုက်လေသည်။

အကြောင်းကား ...

လေပွေလှိုင်းများ ရိုက်ထုတ်ပြီးသည်နှင့် မင်းဟွာက မာန် သွင်းကာ ခုန်ဝင်တိုက်ခိုက်လာသည် မဟုတ်ပါလား။

"ယား"

ငှက်ကြီးတစ်ကောင်အလား ခုန်ပျံကာ တိုးဝင်တိုက်ခိုက်လာ သော မင်းဟွာအား မည်သို့ရင်ဆိုင်ရမည်နည်း။

ကျင်းစန်းက ခြေနှစ်ဖက်ကို မြေပေါ်ခွဲကာ မားမားမတ် မတ် ရပ်လိုက်လေသည်။

တစ်ဖန် တည်ငြိမ်သောအသွင်ဖြင့် လက်ဝါးနှစ်ဖက်ကို ပူး ကာ ရှိနိုးကန်တော့သည့်အသွင်ဖြင့် တိုက်ခိုက်လိုက်လေသည်။

အမှန်တော့ ကျင်းစန်းသည် ကြံရာမရဖြစ်သွားစဉ် ရသေ့ နှင့်သူတော်တို့က ဗိုင်းဝန်းတိုက်ခိုက်ကြသောအခါ သွေးမြေခွေး၏ ခုခံချေဖျက်သောတိုက်ကွက်ကို မြင်ယောင်လာသည်။

ဤတွင် သွေးမြေခွေး၏ သိုင်းကွက်ကို အတုခိုးကာ ရင်ဆိုင် လိုက်ခြင်းဖြစ်လေသည်။



နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိလိုက်ကြသည်နှင့် ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

ကျင်းစန်းကော မင်းဟွာပါ နောက်သို့ ခြေတစ်လှမ်းစီ ပြိုင် တူ ဆုတ်လိုက်ကြရလေသည်။

✲

www.burmeseclassic.com

www.burmeseclassic.com

တိုက်ပွဲကား ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

ကျင်းစန်းသည် မင်းဟွာ၏တိုက်ခိုက်မှုကို ကံကောင်းထောက်မစွာဖြင့် ခုခံချေဖျက်နိုင်ခဲ့လေသည်။

မင်းဟွာ ကြောင်အမ်းအမ်း ဖြစ်နေသည်။ ကျင်းစန်းကို မယုံကြည်နိုင်စွာကြည့်ကာ ...

"မင်း ... မင်း ..."

စကားထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။

ကျင်းစန်းက ဦးညွှတ်လိုက်သည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ ... ကျွန်တော်"

သူ၏စကားမဆုံးမီ မင်းဟွာက အော်ငေါက်လိုက်လေသည်။

"တိတ်စမ်း ... မင်းက သွေးမြေခွေးနဲ့ ဘယ်လိုပတ်သက်နေ



သလဲဆိုတာ ပြောစမ်း"

"ဗျာ"

မမျှော်လင့်သောစကားကြောင့် ကျင်းစန်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

မင်းဟွာက တောင်ဝှေးကို မြေပေါ် ဆောင့်ကာ ...

"ဟေ့ ... သွေးမြေခွေးနဲ့ ဘယ်လိုပတ်သက်နေတယ်ဆိုတာ မြန်မြန်ပြောစမ်း"

ဟု ထပ်မံအော်ငေါက်လိုက်လေသည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျွန်တော်နဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး ခင်ဗျာ"

"မင်း လိမ်ပြောတာ"

"ကျွန် ... ကျွန် ..."

မင်းဟွာက ...

"ပြောစမ်း ... သွေးမြေခွေးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ကျင်းစန်း သက်ပြင်းချလိုက်လေသည်။

သူက သွေးမြေခွေး၏သိုင်းကွက်ကို အတုခိုးကာ အသုံးပြုမိလိုက်ခြင်းသာ ဖြစ်သည်။

ထို့ကြောင့် သူက မည်သို့ပင် ရှင်းပြသည်ဖြစ်စေ၊ မင်းဟွာ

www.burmeseclassic.com

www.burmeseclassic.com



က လက်ခံတော့မည်မဟုတ်ကြောင်း နားလည်မိလေတော့သည်။

မင်းဟွာက ...

"မင်းဟာ သွေးမြေခွေးရဲ့တပည့်ပဲ၊ မင်းကို ဘယ်နည်းနဲ့မှ ချမ်းသာမပေးနိုင်ဘူး"

ဟု အော်ငေါက်လိုက်သည်။

ထို့နောက် ...

"ယား"

ဩသံပေးကာ တောင်ဖေးကို ဇွေ့ယမ်းကာ ကျင်းစန်းထံ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်လှပေသည်။

ကျင်းစန်းအား သုတ်သင်ရှင်းလင်းပစ်တော့မည့် သဘော ဖြစ်လေသည်။

ကျင်းစန်း ထိတ်လန့်သွားသည်။

ကပျာကယာ အပေါ်သို့ခုန်တက်ကာ ရှောင်တိမ်းလိုက် လေသည်။

မင်းဟွာက ...

"မင်း ပြေးလို့လွတ်မလား"



ဟု အော်ငေါက်ရင်း တောင်ဖေးဖြင့် ထိုးနှက်တိုက်ခိုက်လိုက် ပြန်သည်။

ကျင်းစန်းသည် ရိပ်ခနဲ ရိပ်ခနဲ တိုးဝင်လာသော တောင် ဖေးတိုက်ကွက်များမှ လွတ်မြောက်ဖို့မလွယ်ကြောင်း သတိပြုမိလိုက် သည်။

မင်းဟွာ၏တိုက်ကွက်များသည် မိုးသီးမိုးပေါက်ပမာ အ ဆက်မပြတ် တိုးတိုးဝင်လာသည်ဖြစ်ရကား ရှောင်တိမ်းနေခြင်းဖြင့် လွတ်မြောက်မည်မဟုတ်ဘဲ ဒုက္ခရောက်ဖို့သာ ရှိလေကြောင်း နား လည်လိုက်လေသည်။

မည်သို့ပင် ပြန်လည်ခုခံရမှန်းလည်း မသိနိုင်အောင် ဖြစ် သွား၏။ ရုတ်တရက် ...

'ဗိုး'

တောင်ဖေးထိုးနှက်ချက်သည် သူ၏ရင်ဝတည့်တည့်သို့ တိုး ဝင်လာလေသည်။

"ဟာ"

ကျင်းစန်း လွှတ်ခနဲ အော်လိုက်မိသည်။

လက်နှစ်ဖက်က ကြက်ခြေခတ်ကာ တောင်ဖေးကို ဖျတ်ခနဲ ဖမ်းညှပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းပင် ...

"ယား"

ဖြာသံပေးကာ ခြေထောက်နှစ်ချောင်းဖြင့် မင်းဟွာအား သုံးလေးချက်မျှ ဆင့်ကာ ဆင့်ကာ ကန်ကျောက်လိုက်လေသည်။

သူ အသုံးပြုလိုက်သောသိုင်းကွက်မှာ ရှောင်ကောင်းသင် ကြားပေးလိုက်သော သိုင်းကွက်မဟုတ်ပါချေ။

လက်ယှက်သိုင်းကွက်သည် ဘုံကျောင်း၌ တွေ့ခဲ့ရသော ရသေ့ကြီး၏တိုက်ကွက်ဖြစ်ပြီး ခြေကန်ချက်များကား သူတော်၏ တိုက်ကွက်ကို အတုခိုးကာ အသုံးပြုလိုက်ခြင်းသာ ဖြစ်သည်။

ထိုသိုင်းကွက်များကို အတုခိုးကာ အသုံးပြုမှသာလျှင် မင်းဟွာအား ခုခံနိုင်မည်ဟု သူ၏မသိစိတ်ထဲက နားလည်နေ၏။

ကျင်းစန်းသည် သိုင်းကွက်တစ်ကွက်ကို တွေ့မြင်လိုက်သည်နှင့် ထိုသိုင်းကွက်အား ချက်ချင်းမှတ်မိနိုင်သော ပါရမီဉာဏ်ရှိသူဖြစ်လေသည်။

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာလေသည်။

မင်းဟွာသည် မသဲမကွဲ ညည်းညူကာ နောက်ဆုတ်သွားရလေတော့သည်။



တိုက်ပွဲသည် မမျှော်လင့်သောရလဒ်ဖြင့် ပြီးဆုံးသွားလေတော့သည်။

တိုက်ပွဲပြီးဆုံးသွားပြီ ဖြစ်လေသည်။

ကျင်းစန်းက နောက်ဆုတ်လိုက်သည်။ မင်းဟွာလည်း နောက်ဆုတ်လိုက်၏။

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် မယုံနိုင်စွာ ကြည့်လိုက်ကြသည်။

ကျင်းစန်းက မင်းဟွာအား အနိုင်ယူနိုင်လိမ့်မည်ဟု မယုံကြည်နိုင်ခြင်းဖြစ်သည်။

မင်းဟွာကလည်း ကျင်းစန်းအား အရှုံးနိမ့်မည်ဟု မည်သို့မျှ မယုံနိုင်ခြင်း ဖြစ်ပေတော့သည်။

မင်းဟွာသည် ကျင်းစန်းကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ...

"မင်း ... မင်း ..."

စကား ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေသည်။

ကျင်းစန်းက နောက်ဆုတ်လိုက်ပြန်သည်။ မင်းဟွာ ပင့်သက်ရှိုက်လိုက်သည်။

"မင်းဟာ ရသေ့နဲ့ ဘယ်လိုပတ်သက်နေသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးလာပြန်သည်။

ကျင်းစန်းက ...

"ဘယ်လိုမှ မပတ်သက်ပါဘူးဗျာ"

မင်းဟွာက ...

"သူတော်နဲ့ကော ဘယ်လိုပတ်သက်နေသလဲ"

ကျင်းစန်းက ...

"ဘယ်လိုမှ မပတ်သက်ပါဘူးဗျာ"

"ဘာပြောတယ်"

"ဘွားဘွားပြောတဲ့လူတွေ ဘယ်သူနဲ့မှ မပတ်သက်ပါဘူး ခင်ဗျာ"

ကျင်းစန်းက အမှန်အတိုင်းပြောလိုက်သော်လည်း မင်းဟွာက ယုံကြည်ခြင်း မရှိပါချေ။

"မင်းက သူတို့နဲ့ မပတ်သက်ဘူးဆိုရင် သူတို့ရဲ့သိုင်းကွက်တွေကို ဘယ်လိုလုပ်ပြီး တတ်မြောက်နေတာလဲ"

ဟု မေးလေသည်။

ကျင်းစန်းက ...

"ကျွန်တော်က သူတို့ရဲ့သိုင်းကွက်တွေကို မှတ်ထားလိုက်လို့ပါ ခင်ဗျာ"



"မှတ်ထားလိုက်လို့"

"ဟုတ်ပါတယ်"

"ဘယ်လို မှတ်ထားတာလဲ ... ပြောစမ်းပါဦး"

မင်းဟွာသည် ခနဲ့သောလေသံဖြင့် မေးလေသည်။

ကျင်းစန်းက ...

"ဘုံကျောင်းထဲမှာ ရသေ့နဲ့သူတော်တို့ဟာ သွေးမြေခွေးနဲ့ တိုက်ခိုက်ခဲ့ကြပါတယ်၊ သူတို့ရဲ့တိုက်ပွဲကို တွေ့မြင်ခဲ့ရတဲ့အတွက် တိုက်ကွက်တွေကို မှတ်သားထားလိုက်မိပါတယ်"

မင်းဟွာက ...

"မင်းလိမ်ပြောတာ"

"ကျွန်တော်"

"ဟေ့ကောင်လေး ... မှန်မှန်ပြောစမ်း၊ မပြောရင် မင်းကို"

သူမ စကားဆုံးအောင် မပြောလိုက်ရပါချေ။ အကြောင်းကား ...

"ဟား ဟား ဟား"

ကျယ်လောင်သော ရယ်မောသံတစ်ချက်နှင့်အတူ လူရိပ်တစ်ခု ပြေးလွှားလာနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်သံကြားသည်နှင့် သွေးမြေခွေး ရောက်လာပြီဖြစ်ကြောင်း ကျင်းစန်းကော မင်းဟွာပါ သိလိုက်ကြလေသည်။

မင်းဟွာ မျက်နှာပျက်သွားလေသည်။ ကျင်းစန်းကို မကျေမနပ်ကြည့်လိုက်ပြီး ...

"တို့နှစ်ယောက် နောက်မှတွေ့ကြသေးတာပေါ့"

ဟုပြောကာ တစ်ဟုန်ထိုး ပြေးထွက်သွားလေတော့သည်။

BURMESE CLASSIC .com



သွေးမြေခွေး ရောက်လာပြီဖြစ်လေသည်။

မင်းဟွာသည် သွေးမြေခွေးအား မယှဉ်နိုင်ကြောင်း ထင်ရှားပေါ်လွင်နေပေသည်။

ထို့ကြောင့်သာလျှင် သူမက ရှောင်တိမ်းသွားခြင်း မဟုတ်ပါလား။

မင်းဟွာ ထွက်သွားလျှင် ကျင်းစန်း ကြောင်အမ်းအမ်းဖြင့် ကျန်ရစ်ခဲ့သည်။

ထိုစဉ် ...

"မင်းတို့ ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ သွေးမြေခွေး ပြေးလွှားရောက်ရှိလာလေသည်။

လေမုန်တိုင်းတစ်ခု တိုက်ခတ်လာသည့်ပမာ ရောက်ရှိလာသော သွေးမြေခွေးကြောင့် ကျင်းစန်း ထိတ်လန့်ကာ ကပျာကယာ

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုတ်လိုက်လေသည်။

သွေးမြေခွေးသည် တောအုပ်ထဲသို့ရောက်လာလျှင် အထိတ်တလန့်ဖြစ်ကာ ရပ်နေသော ကျင်းစန်းကိုလည်းကောင်း၊ မင်းဟွာကိုလည်းကောင်း တွေ့မြင်သွားလေသည်။

သွေးမြေခွေး၏မျက်နှာတွင် ရက်စက်ကြမ်းကြုတ်သော အပြုံးရိပ်များ ပေါ်လွင်လာလေသည်။

"မင်းဟွာ ... မင်း ပြေးလို့ရမလား"

ဟု ကြုံးဝါးလိုက်သည်။ ထို့နောက် ...

"သွားစမ်း"

ကျင်းစန်းအား လက်ပြန်ရိုက်ထုတ်လိုက်လေသည်။

ကျင်းစန်းမှာ သွေးမြေခွေးက မင်းဟွာနောက်သို့ ပြေးလိုက်သွားသဖြင့် စိတ်သက်သာရာရသွား၏။

သို့သော် သူ မမျှော်လင့်သည့်အချိန်တွင် သွေးမြေခွေးက ဖြတ်ပြေးသွားရင်း လက်ပြန်ရိုက်ထုတ်သွားလေသောကြောင့် အငိုက်မိကာ မရှောင်တိမ်းနိုင်ဘဲ ဖြစ်သွားရလေတော့သည်။

'ဝုန်း'

"အား"

စူးရှကျယ်လောင်သောအသံများ ထွက်ပေါ်လာသည်။

BURMESE CLASSIC .com



ကျင်းစန်းမှာ ပြင်းထန်သော လက်ပြန်ရိုက်ချက်ကြောင့် အဝေးသို့ လွင့်စဉ်သွားသည့်အပြင် မြေပေါ် သုံးလေးပတ်မျှ လိမ့်သွားလေသည်။

ကျင်းစန်း ကပျာကယာ လူးလိမ့်ထလိုက်လေသည်။

သွေးမြေခွေးက ထပ်မံတိုက်ခိုက်လာလျှင် ခုခံရန် အသင့်ပြင်ထားလိုက်၏။

သို့သော် သွေးမြေခွေးက တိုက်ခိုက်ခြင်းမပြုဘဲ မင်းဟွာနောက်သို့ ပြေးလွှားလိုက်ပါသွားပြီဖြစ်လေသည်။

ကျင်းစန်း ပင့်သက်ရှိုက်လိုက်၏။

သွေးမြေခွေးကသာ မင်းဟွာနောက်သို့ လိုက်မသွားဘဲ သူ့အား တိုက်ခိုက်လာမည်ဆိုပါက သူ၏အသက် သေဆုံးသွားဖို့သာ ရှိတော့သည် မဟုတ်ပါလား။

ယခု သွေးမြေခွေး ထွက်သွားသဖြင့် ကံကောင်းသွားသည်ဟု မှတ်ယူနေစဉ်မှာပင် ရင်ထဲ အောင့်သက်သက်ဝေဒနာ ခံစားလာရလေသည်။

ကျင်းစန်း ရင်ထိတ်သွား၏။

ဟိုဟိုသည်သည် ကြည့်လိုက်သောအခါ ကြိုလင်းနှင့်လီထင်းတို့ကိုလည်း မတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ကျင်းစန်းသည် ကြိုလင်းအတွက် စိတ်ပူသွားလေသည်။

လီထင်းက ကြိုလင်းအား ဖမ်းဆီးခေါ်ဆောင်သွားပြီ ဖြစ်ကြောင်း သဘောပေါက်လိုက်လေသည်။

ထို့ကြောင့် လီထင်းအား လိုက်လံရှာဖွေရန် ဟန်ပြင်လိုက်စဉ် ရင်ထဲမှဝေဒနာသည် ဗို၍ဆိုးဝါးလာလေသည်။

ကျင်းစန်း မျက်နှာပျက်သွားသည်။ ခန္ဓာကိုယ် တဆတ်ဆတ် တုန်ယင်လာလေသည်။

'ဝေါ့'

ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်သည်။ ထို့နောက်...

'ဝုန်း'

မြေပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။

BURMESE CLASSIC .com



တောအုပ်တစ်နေရာတွင် ကျောက်ဂူကြီးတစ်ခု ရှိလေသည်။

ကြိုလင်းအား ပခုံးပေါ်ထမ်းကာ ပြေးလာသော လီထင်းသည် ထိုကျောက်ဂူကြီးကိုမြင်လျှင် ဝမ်းသာသွားလေသည်။

"အတော်ပဲ ... ဒီကျောက်ဂူကြီးကို အသုံးချရမယ်"

ဟု တွေးလိုက်သည်။

ချက်ချင်းပင် ကျောက်ဂူကြီးဆီသို့ ဦးတည်ပြေးသွားလိုက်လေသည်။

ကျောက်ဂူကြီးမှာ ကြီးမားကျယ်ဝန်းလှပေသည်။

ကျောက်ဂူရှေ့တွင် သစ်ပင်ချုံနွယ်များ ရှုပ်ထွေးနေပြီး ရုတ်တရက် တွေ့မြင်နိုင်မည် မဟုတ်ချေ။

လီထင်းက ကံကောင်းထောက်မစွာဖြင့် တွေ့မြင်သွားခြင်းဖြစ်သည်။

လီထင်းသည် ကျောက်ဂူရှေ့သို့ရောက်လျှင် ကြိုလင်းအား

www.burmeseclassic.com

www.burmeseclassic.com



မြေပေါ် ချထားလိုက်သည်။

ထို့နောက် သစ်ကိုင်းခြောက်တစ်ခုကိုကောက်ယူကာ အကျို အနည်းငယ်ကို ဆုတ်ဖြဲပြီး မီးတုတ်တစ်ခု ပြုလုပ်လိုက်သည်။ မီးခတ်ကျောက်ကိုအသုံးပြုကာ မီးရှို့လိုက်၏။

ထိုသစ်ကိုင်းခြောက်မီးတုတ်ကို အသုံးပြုကာ ကျောက်ဂူကြီးအတွင်းသို့ ဝင်လိုက်လေသည်။

သူ၏လက်တစ်ဖက်ကလည်း ကျောက်ခဲတစ်လုံးကို ကောက်ယူထားလိုက်သည်။ ကျောက်ဂူအတွင်းသို့ ခြေဆယ်လှမ်းခန့် လှမ်းဝင်မိလျှင် ...

“ကဲ ... ကြည့်ရအောင်”

ဟုရေရွတ်ကာ လက်ထဲကိုင်ဆောင်ထားသော ကျောက်တုံးကို အမှောင်ထုဖုံးလွှမ်းနေသော ကျောက်ဂူထဲသို့ ပစ်သွင်းလိုက်လေသည်။

‘ဂျောက် ဂျလောက်’

ကျောက်ခဲက လိမ့်ဝင်သွားပြီး မရှေးမနှောင်းမှာပင် ...

‘ဖူး ဟူး’

‘ဖလပ် ဖလပ်’

ကျယ်လောင်သောမြည်သံများ ထွက်ပေါ်လာကာ လင်းနို့



တစ်အုပ် ဝုန်းခနဲ ပျံထွက်လာလေသည်။

လီထင်း ထိတ်လန့်သွား၏။

“သွားစမ်း သွားစမ်း”

အသံကုန်အော်ဟစ်ကာ မီးတုတ်ကို ဝှေ့ယမ်းလိုက်၏။

လင်းနို့များက တစ်ဟုန်ထိုး ပျံလာသဖြင့် မီးတုတ်ကို ဝင်တိုးမိကြလေသည်။

လီထင်းမှာ လက်ထဲမှ မီးတုတ်ပြုတ်ကျသွားလျှင် မနေဝံ့တော့ဘဲ ကျောက်ဂူအပြင်ဘက်သို့ ပြေးထွက်လာခဲ့တော့သည်။

ကျောက်ဂူအပြင်ဘက်ရောက်လာသောအခါ လီထင်းမှာ မောဟိုက်နေလေသည်။

ကျောက်ဂူနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး အမောဖြေလိုက်သည်။

နဖူးပေါ် စီးကျလာသောချွေးများကိုလည်း သုတ်ပစ်လိုက်၏။

ထိုကျောက်ဂူကြီးသည် လူမနေသောကျောက်ဂူကြီးတစ်လုံးဖြစ်ကြောင်း သိလိုက်ရ၏။

ကြူလင်းအား ထိုကျောက်ဂူကြီးအတွင်း၌ ဖမ်းဆီးထားပြီး သွေးမြေခွေးအား အကျပ်ကိုင်ရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုလင်းကို လှမ်းကြည့်လိုက်သောအခါ

"ဟာ"

လီထင်း လွှတ်ခနဲ အော်လိုက်မိလေသည်။

အကြောင်းကား ...

ကြိုလင်းမှာ ထားခဲ့သောနေရာ၌ မရှိတော့ဘဲ ပျောက်ခြင်းမလှ ပျောက်ဆုံးနေခြင်းကြောင့် ဖြစ်လေသည်။

လီထင်း အထိတ်တလန့်ဖြစ်သွားလေသည်။

"သူ ဘယ်ရောက်သွားပြီလဲ"

ဟု ရေရွတ်လိုက်သည်။

ထိုင်ရာမှ ခုန်ထကာ ဟိုဟိုသည်သည် ရှာဖွေကြည့်လိုက်၏။

ထိုစဉ် ...

"ရှင်က ဘာကိုလိုက်ရှာနေတာလဲ"

ဟု မေးလာပြန်လေသည်။

လီထင်းက ...

"မင်းကို ရှာတာပေါ့"

"ကျွန်မကို"

"ဟုတ်တယ်"



"နေပါဦး ... ဘာကြောင့် ကျွန်မကို ရှာရတာလဲ"

"ကျုပ်က"

လီထင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

ကြိုလင်းအား သူက သွေးကြောပိတ်လာခဲ့ပါသော်လည်း သူမသည် သွေးကြောပွင့်ကာ လှုပ်ရှားသွားလာနိုင်ပြီဖြစ်လေသည်။

သူမသည် ကြောက်စရာကောင်းသူဖြစ်ကြောင်း ထင်ရှားနေ၏။

အဖြစ်မှန်ကိုသာ သိသွားလျှင် မလွယ်လှဟု တွေးမိလိုက်သည်။

ထို့ကြောင့် ပြုံးရွှင်နေသော မျက်နှာထားဖြင့် ...

"ညီမ ဘာမှမဖြစ်ဘူးနော်၊ ညီမ တော်တော်ကံကောင်းတာပဲ"

ဟုပြောလိုက်သည်။

သူ၏အသွင်သည် အလွန်ခင်မင်ရင်းနှီးသောအသွင်မျိုး ဖြစ်နေပါတော့သည်။

ကြိုလင်း မျက်မှောင်ကြုတ်သွားလေသည်။

"ရှင်က ကျွန်မကို သိလို့လား"

ဟုမေး၏။

www.burmeseclassic.com

www.burmeseclassic.com



လီထင်းက ...

"သိတာပေါ့၊ ညီမဟာ ဆရာကြီးသွေးမြေခွေးရဲ့ မြေး ကြိုလင်း မဟုတ်လား"

ကြိုလင်း ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်တယ်"

လီထင်းက ရယ်မောလိုက်ပြီး ...

"ညီမကကော ကျုပ်ကိုသိသလား"

ဟု မေးလိုက်လေသည်။

ကြိုလင်းက ...

"ရှင်က ဘယ်သူလဲ"

"လီထင်းပါ"

"ရှင့်နာမည် လီထင်း ... ဟုတ်လား"

"ဟုတ်ပါတယ်ဗျာ"

ကြိုလင်းသည် လီထင်းအား ခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး ...

"နေပါဦး ... ရှင့်ကို ကျွန်မလည်းမသိပါလား"

ဟုပြောလေသည်။

လီထင်းက ...



"ညီမက မသိပေမယ့် ကျုပ်က ကျင်းစန်းနဲ့ပတ်သက်ပြီး ညီမကို သိပါတယ်"

"ကျင်းစန်း"

"ဟုတ်တယ် ... သူက ညီမကို ဘုံကျောင်းရှေ့က ခေါ်လာတာလေ"

"ဪ"

ကြိုလင်းသည် သူမအား ကူညီခဲ့သူမှာ ကျင်းစန်း ဖြစ်ကြောင်း သိထားလေသည်။

"ရှင်က ကျင်းစန်းနဲ့ ဘယ်လိုပတ်သက်နေသလဲ"

"ကျုပ်က"

လီထင်းက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်၏။

သူ၏အသွင်မှာ အလွန်စိတ်မကောင်းသည့် ပုံသဏ္ဌာန်မျိုး ဖြစ်သွားလေသည်။

ကြိုလင်း မျက်မှောင်ကြုတ်သွားပြန်သည်။

"ရှင် ဘာဖြစ်တာလဲ ... ပြောစမ်းပါဦး"

ဟု မေးလိုက်သည်။

လီထင်းက ...

"ကျုပ်က"

www.burmeseclassic.com

"ပြောစရာရှိတာ မြန်မြန်ပြောပါ"

ကြိုလင်းက လောလိုက်သည်။

လီထင်းက ...

"သူက သစ္စာဖောက်တစ်ယောက် ဖြစ်နေလို့ပါ"

"ဘာရှင့်"

"သူဟာ ညီမကို ဒုက္ခပေးမယ့်သူဖြစ်နေလို့ ကျုပ်က ကြားဝင် ကာယ်တင်လာရတာပါ"

လီထင်းက မှင်သေသေဖြင့် ပြောလိုက်လေသည်။

"ဘာရှင့်"

ကြိုလင်း မယုံနိုင်အောင် ဖြစ်သွားလေသည်။ လီထင်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"ကျင်းစန်းက ကျွန်မအပေါ် မကောင်းကြံခဲ့တယ် ... ဟုတ်လား၊ မဖြစ်နိုင်တာ မပြောပါနဲ့ရှင်၊ ဘုံကျောင်းရှေ့မှာ သူကူညီလို့ ကျွန်မ ဒုက္ခမရောက်တာ၊ ကျွန်မ ဒုက္ခရောက်စေချင်ရင် သူက ဝင်ကူညီစရာ မလိုပါဘူး၊ အေးအေးဆေးဆေး လက်ပိုက်ကြည့်နေမှာပေါ့"

ဟုပြောလေသည်။

လီထင်း ရင်ထိတ်သွား၏။



ကြိုလင်းက ကျင်းစန်းအပေါ် ယုံကြည်မှုရှိနေသည် မဟုတ်ပါလား။

လီထင်းသည် အနည်းငယ် စဉ်းစားလိုက်ပြီး ...

"အဲဒါ ညီမကို သူက အယုံသွင်းလိုက်တာပဲ"

ဟု ပြောလိုက်သည်။

ကြိုလင်းက ...

"ဘာရှင့် ... အယုံသွင်းလိုက်တာ ... ဟုတ်လား၊ ဘယ်လို အယုံသွင်းလိုက်တာလဲ ... ပြောစမ်းပါဦး"

လီထင်းက ...

"ဒီလိုလေ ... ညီမဟာ ဆရာကြီး သွေးမြေခွေးရဲ့ မြေး မဟုတ်လား၊ ညီမကို အယုံသွင်းထားနိုင်မယ်ဆိုရင် ဆရာကြီး သွေးမြေခွေးကိုပါ အယုံသွင်းနိုင်မယ် မဟုတ်လား၊ ဒီလိုဆိုရင် တစ်ချိန်ချိန်မှာ အလွယ်တကူ အကောက်ကြံနိုင်မှာပေါ့"

ကြိုလင်းက ...

"သူက ဘာကြောင့် ကျွန်မတို့ မြေးအဘိုးကို အကောက်ကြံမှာလဲ ... ပြောစမ်းပါဦး"

"ရှင်းပါတယ် ... တြိဂံပုံရွှေပြားကြောင့်ပါ"

"တြိဂံရွှေပြား"

www.burmeseclassic.com



"ဟုတ်တယ်"

ကြို့လင်း တွေဝေသွားလေသည်။

လီထင်းက ...

"ကျင်းစန်းဟာ ကိုယ့်ဆရာအပေါ်မှာတောင် ကျေးဇူးကန်းတဲ့ လူစားမျိုးပါ။ သူဟာ ဖြိုင်ဘက်ကင်းသိုင်းသမား ဖြစ်ရမယ်ဆိုပြီး ဆရာကိုအာခံပြီး ထွက်လာခဲ့တာ၊ ကျုပ်က သူ အမှားတွေ ကျူးလွန်မိမှာစိုးရိမ်လို့ လိုက်ရှာပြီး ကူညီနေတာ၊ ညီမကို သွေးဆောင်ဖြားယောင်းနေတာကိုတွေ့ရလို့ မနေနိုင်ဘဲ ခုလို ခေါ်ထုတ်လာခဲ့တာပါ။ ကျုပ်နဲ့သာ မတွေ့ရင် ညီမ ဒုက္ခရောက်မှာ အသေအချာပါပဲ"

ကြို့လင်း သက်ပြင်းချလိုက်သည်။

"အင်း ... ရှင်ပြောချင်တဲ့စကားတွေဟာ နားထောင်လို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ ယုံရဖို့ ခက်တယ်ရှင့်"

ထိုစကားကြားလျှင် လီထင်း မျက်နှာပျက်သွားလေသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ...

"ညီမ ကျုပ်ပြောတာကို မယုံရင် သက်သေပြနိုင်ပါတယ်"

ဟု ခွန်စားပြီးပြောလိုက်သည်။ ကြို့လင်း စိတ်ဝင်စားသွားသည်။

"ဘယ်လို သက်သေပြမှာလဲ ... ပြောပါဦး"



လီထင်းက ...

"ကျုပ်တို့နှစ်ယောက် ကျင်းစန်းနဲ့ သွားတွေ့ကြမယ်၊ မျက်နှာချင်းဆိုင် ဖြေရှင်းလိုက်ကြမယ် ... မကောင်းဘူးလား"

ကြို့လင်း သဘောကျသွားလေသည်။

"သိပ်ကောင်းတာပေါ့ရှင်၊ သူ ဘယ်မှာလဲ ... ပြောပါ"

လီထင်းက အရှေ့ဘက်တောအုပ်ဆီသို့ ညွှန်ပြပြီး ...

"သူဟာ ဟိုရှေ့က တောအုပ်ထဲမှာ ကျန်ရစ်ခဲ့ပါတယ်၊ သွားရှာရင်တွေ့မှာပါ"

"ဒါဖြင့် သွားမယ်"

ကြို့လင်းက ခပ်သွက်သွက် လှမ်းထွက်သွားလေသည်။

လီထင်း လိုက်ပါသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အဖော်

... နေခြည်ဖြာကျနေသည်။

တောက်ပသော နေရောင်ခြည်အောက်တွင် ဇန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။

မှိုင်းညို့ညို့ တောင်တန်းများ၊ စိမ်းလန်းသောတောအုပ်များ ဖုံးလွှမ်းထားသော ဇိုက်ကျူးမြို့ပြင်တစ်နေရာတွင် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ ကြိုလင်းက ခပ်သွက်သွက် ထွက်သွားနေ၏။

လီထင်းက နောက်ကလိုက်သွားသည်။

ကြိုလင်းသည် မိမိပြောသည့်စကားကို မယုံကြောင်း လီထင်း ကောင်းစွာသိထားလေသည်။

ကြိုလင်းအား မည်သို့လိမ်ညာလှည့်စားရမည်ကို တွေးတောစဉ်းစားလာခဲ့သည်။

သို့ဖြင့် ကျင်းစန်းနှင့် ဆုံတွေ့ခဲ့ရသည့်နေရာသို့ ပြန်လည်



ရောက်ရှိလာကြလေသည်။

ကြိုလင်းက ခြေလှမ်းရပ်လိုက်သည်။ လီထင်းဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ကျွန်မစိတ်ထင် ဒီနေရာပဲမဟုတ်လား"

ဟု မေးလေသည်။

လီထင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ညီမ"

"ဒါဖြင့် ကျင်းစန်းက ဘယ်မှာလဲ"

"သူ ... သူ ..."

လီထင်း မည်သို့ပြောရမှန်းမသိ ဖြစ်သွားလေသည်။

အကြောင်းကား ...

ပတ်ဝန်းကျင်၌ ကျင်းစန်းကိုလည်းကောင်း၊ ရုပ်ဆိုးအဘွားအို မင်းဟွာကိုလည်းကောင်း မတွေ့ရတော့ခြင်းကြောင့် ဖြစ်လေသည်။

ကြိုလင်းက ...

"ကျွန်မနဲ့ကျင်းစန်း ဘုံကျောင်းရှေ့က ထွက်ပြေးလာကြရင်း ဒီနေရာကို ရောက်လာကြတာပဲရှင့်"

လီထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... ကျုပ်က ညီမကို ကျင်းစန်းရဲ့လက်ထဲက ကယ်တင်ခဲ့တာလည်း ဒီနေရာပဲပေါ့"

"ဒါဖြင့် သူ ဘယ်မှာလဲ ... ပြောစမ်းပါဦး"

"ကျုပ်လည်း မသိဘူး"

"ဘာရှင့်"

"ကျုပ်"

လီထင်း မည်သို့ ပြောရမှန်းမသိ ဖြစ်နေပါသည်။ ကြိုလင်း မကျေမနပ် ဖြစ်သွားလေသည်။

"ရှင်က ကျင်းစန်းကို တစ်ခုခုလုပ်လိုက်ပြီလား"

"ဟာ ... မဟုတ်တာ ညီမရယ်"

"ဒါဖြင့် သူ့ကို ဘာကြောင့် ရှာမတွေ့ရတာလဲ"

"ကျုပ်က ညီမကို ကယ်ထုတ်သွားတော့ သူလည်း ရှောင်တိမ်းသွားတာ ဖြစ်မှာပေါ့"

ကြိုလင်းက ...

"ဘယ်သူ့ကို ရှောင်တိမ်းရမှာလဲ"

သူမသည် မေးခွန်းများကို စစ်စစ်ပေါက်ပေါက် မေးမြန်းနေလေသောအခါ လီထင်း အခက်ကြုံနေရတော့သည်။

ထိုစဉ် ...



"မြန်မြန်လာကြဟေ့"

အဝေးမှ အော်ဟစ်ပြောဆိုသံများနှင့်အတူ ခြေသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

လီထင်း ရင်ထိတ်သွားသည်။

"ညီမ ... ညီမကိုလိုက်ရှာနေတဲ့ သိုင်းသမားတွေ ထင်တယ်"

ဟု ပြောလိုက်သည်။

ကြိုလင်း နှာခေါင်းရှုံ့လိုက်သည်။

"ကျွန်မက သူတို့ကို ကြောက်ရမှာလား"

ဟု ပြောလေသည်။ လီထင်း ပို၍ အခက်ကြုံသွားလေတော့သည်။

ကြိုလင်းက ...

"ဒီတစ်ခါ ကျွန်မကိုလာပြီး နှောင့်ယှက်ရင် မှတ်လောက်သားလောက်အောင်ကို ဆုံးမလိုက်မယ်"

ဟု ကြုံးဝါးနေသေးသည်။ လီထင်းက ...

"ညီမ ... ကျုပ်တို့ ဒီနေရာက မြန်မြန်ထွက်သွားရင် ကောင်းမယ်၊ အန္တရာယ်များလှပါတယ်"

ဟု ဖျောင်းဖျလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကြိုလင်း လက်မခံပါချေ။

"ဘာဖြစ်လို့သွားရမှာလဲ"

လီထင်းသည် ချုံရှည့်ညည်အသံများ ထွက်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်လေသည်။

ထိုစဉ် လက်နက်ကိုယ်စီကိုင်ဆောင်ထားသော လူတစ်စု သည် သစ်ပင်ချုံနွယ်များကြားမှ ဖြတ်ကာ တစ်ဟုန်ထိုး ပြေးလွှား လာနေကြသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူများကား ရှပ်ဆိုးအာဘွားဆိုမင်းပွဲ၏ စည်းရုံးမှု ကြောင့် သွေးမြေခွေးအား ရှင်ဆိုင်ရန် လိုက်ရှာနေကြသူများပင် ဖြစ် နေပါတော့သည်။

သိုင်းသမားများသည် လီထင်းနှင့်ကြိုလင်းတို့အား တွေ့ မြင်သွားကြလေသည်။

"ဟိုမှာ တွေ့ပြီဟေ့"

"မလွှတ်စေနဲ့"

"ဝိုင်းထား"

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြပြီး ချက်ချင်း ပြေးလာကြကာ ဝိုင်းရံထားလိုက်ကြလေသည်။

သိုင်းသမားတစ်ယောက်သည် ဝိုင်းရံထားသူညများကြားမှ အ



လောတကြီး ပြေးထွက်လာ ပြီး ...

"နေပေတော့"

ဟု အော်ပေါက်ကာ ကြိုလင်းအား တိုက်ခိုက်လိုက်လေ သည်။ ...

ကြိုလင်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ပေ။

"သွားစမ်း"

ဟုပေါက်ကာ လက်ဝါးဖြင့် ရိုက်ထုတ်လိုက်လျှင် ...

'ဝုန်း'

ထိုလူမှာ လူတခြား လက်နက်တခြားဖြစ်ကာ အဝေးသို့ လွင့်စဉ်သွားလေတော့သည်။

"ဟာင်"

လီထင်း ရင်ထိတ်သွားသည်။

ကြိုလင်းသည် ခေသူမဟုတ်သည်ကို ပိုပြီးနားလည်သွား ၏။

အခြေအနေအရ ဝိုင်းရံထားသော သိုင်းသမားများကို ကြို လင်းက ရှင်ဆိုင်နိုင်စွမ်းရှိမှန်းလည်း ရိပ်မိလိုက်၏။

ဤတွင် ...

"ညီမ ... နောက်ဆုတ်လိုက်ပါ၊ ဒီလူတွေကို ကျုပ် ရင်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းလိုက်မယ်"

ဟု ပြောကာ ရှေ့သို့ ခုန်ထွက်လိုက်လေသည်။

ဝိုင်းရံထားကြသော သိုင်းသမားများသည် အဖော်တစ်ယောက် ခံလိုက်ရသည်ကို တွေ့ရလျှင် ခံပြင်းသွားကြပြီး ...

"တိုက်ကြဟေ့"

ဗြာသံပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

လီထင်းက ...

"ရပ်လိုက်"

ဟု ကပျာကယာ ဟန့်တားလိုက်၏။

သူက စိတ်ထားပြောင်းလဲသွားပြန်ပြီဖြစ်လေသည်။

သိုင်းသမားများနှင့် ပူးပေါင်းကာ ကြိုလင်းကို ဖမ်းဆီးပြီး သွေးမြေခွေးအား အကျပ်ကိုင်ဖို့ ဖြစ်လေသည်။

သိုင်းသမားများသည် ကိုယ်ရှိန်သတ်ကာ ရပ်လိုက်ကြ၏။

အကြောင်းကား ...

ထိုက်ကျူးမြို့တွင် လီထင်းက စော်ကားထားသော ချန်းစုဆိုသူအား ဆုံးမခဲ့သည်ကို တွေ့မြင်ထားသူများ ပါဝင်နေကြခြင်းကြောင့် ဖြစ်လေသည်။

ထိုလူများသည် လီထင်းအား မှတ်မိနေကြပြီး ကြိုလင်းနှင့်



မည်သို့မည်ပုံ ပတ်သက်နေသည်ကို စိတ်ဝင်စားနေကြလေသည်။

ကြိုလင်းက သိုင်းသမားများအား ဝေ့ကြည့်လိုက်ပြီး ...

"မိတ်ဆွေတို့ ဟောဒီမိန်းကလေးဟာ"

ရုတ်တရက် သူ၏စကားသံ တစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားသည်။

-- မလှမ်းမကမ်းရှိ သစ်ပင်များကြား၌ လူတစ်ယောက်ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

ထိုလူမှာ ကြိုလင်း၏အဘိုး သွေးမြေခွေးပင် ဖြစ်ပါတော့သည်။

သွေးမြေခွေးရောက်လာသည်ကို မမျှော်လင့်ဘဲ တွေ့မြင်လိုက်ရခြင်းကြောင့် လီထင်း ကံကောင်းသွားသည်ဟု ဆိုရမည်ဖြစ်လေသည်။

သွေးမြေခွေးရောက်လာမှ ကြိုလင်းကို အကောက်ကြံ၍ မရနိုင်တော့ပါ။

ဝိုင်းရံထားသော သိုင်းသမားများကိုလည်း မှုစရာမလိုတော့ပါချေ။

လီထင်းသည် ချက်ချင်းပင် စိတ်ကူးပြောင်းလိုက်ပြန်လေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"ခင်ဗျားတို့ မသေချင်ရင် ဒီနေရာက အမြန်ဆုံး ထွက်သွားကြပါ၊ ကျုပ်ရဲ့ညီမ ကြိုလင်းကို ဒုက္ခပေးမယ်ဆိုရင် ကျုပ်က ဘယ်နည်းနဲ့မှ လက်ခံမှာမဟုတ်ဘူး၊ အားလုံးကို ပြတ်ပြတ်သားသားဆုံးမရလိမ့်မယ်"

ဟု ပြောလိုက်လေသည်။

သူ၏အသံ မိုးခြိမ်းသံပမာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

သိုင်းသမားများ ကြောင်အမ်းအမ်း ဖြစ်သွားကြလေသည်။

ကြိုလင်း မျက်မှောင်ကုတ်သွားလေသည်။

လီထင်းသည် သူမဘက်မှ ကာကွယ်ပြောဆိုနေသည် မဟုတ်ပါလား။

သိုင်းသမားများ ချက်ချင်း သတိဝင်လာကြလေသည်။

"တောက် ... ဒီကောင်က သွေးမြေခွေးဘက်ကို ဘယ်လိုရောက်သွားတာလဲ"

"ဘာပဲဖြစ်ဖြစ် သူ့ကိုပါ ဆုံးမလိုက်ကြတာပေါ့"

"ကောင်းတယ် ... ချကွာ"

တစ်ယောက်တစ်ပေါက် ပြောကာ တစ်ဟုန်ထိုး ဝင်ရောက်



တိုက်ခိုက်လိုက်ကြလေသည်။

လီထင်းကလည်း ချက်ချင်းပင် ပြန်လည် တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သောတိုက်ပွဲ ရုတ်ခြည်း ဖြစ်ပွားလာလေသည်။

လီထင်းသည် မိုးကြိုးလက်ဝါးရှောင်ကောင်းထံမှ သင်ကြားလာခဲ့သော သိုင်းကွက်များကို အသုံးပြုကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်လေသည်။

မိုးကြိုးလက်ဝါးပညာသည် အစွမ်းထက်သော ပညာရပ်တစ်ခုဖြစ်သည်။

လက်တွေ့တိုက်ပွဲတွင် အသုံးဝင်လှကြောင်း ထင်ရှားပေါ်လွင်လာလေသည်။

သိုင်းသမားများနှင့် ထိပ်တိုက်ရင်ဆိုင်လိုက်လျှင် ...

'ဝုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏအတွင်းမှာပင် သိုင်းသမားများ ဖရိုဖရဲဖြစ်သွားလတော့သည်။

လီထင်းက ရင်ကော့လိုက်ပြီး ...

"ခင်ဗျားတို့ အေးအေးဆေးဆေး နောက်ကြောင်းလှည့်ပြန်သွားကြရင် ကောင်းမယ်"

ဟု ပြောလိုက်လေသည်။

သိုင်းသမားများသည် လီထင်း၏မောက်မာမှုကြောင့် ပိုပြီး မကျေမနပ် ဖြစ်သွားကြလေသည်။

'ခွမ်း ခွမ်း ခွမ်း'

ချက်ချင်းပင် လက်နက်ကိုယ်စီ ဆွဲထုတ်လိုက်ကြလေသည်။

ထို့နောက် ...

"သေဖို့သာ ပြင်ထား"

ဟု အော်ငေါက်ကာ လီထင်းထံသို့ တစ်ဟုန်ထိုး ပြေးဝင်တိုက်ခိုက်လာကြလေသည်။

ထိုအချိန်မှာပင် ...

"တော်တော် အတင့်ရဲပါလား"

အော်ငေါက်သံတစ်ချက် ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခုသည် တိုက်ပွဲအတွင်းသို့ ခုန်ဝင်လာလေသည်။



ထိုလူရိပ် ရောက်ရှိလာသည်နှင့် ...

'ဂုန်း'

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ တစ်ခဲနက် ထွက်ပေါ်လာလေသည်။

သိုင်းသမားများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

သိုင်းသမားများအား ဝင်ရောက်တိုက်ခိုက်လိုက်သူမှာ သွေးမြေခွေး ဖြစ်ပါသည်။

သွေးမြေခွေးအား တွေ့ရလျှင် ကြုံလင်း ဝမ်းသာသွားပြီး

"ဘိုးဘိုး"

ဟု အော်ခေါ်လိုက်သည်။

လီထင်းကလည်း ချက်ချင်းပင် မြေပေါ် ဒူးထောက်ချလိုက်ပြီး ...

"ဆရာကြီးသွေးမြေခွေးကို ဂါရဝပြုပါတယ် ခင်ဗျာ"

ဟု ပြောလိုက်သည်။

သိုင်းသမားများသည် သွေးမြေခွေးရောက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



တွေ့ရလျှင် အထိတ်တလန့် ဖြစ်ကုန်ကြလေသည်။

"သွေးမြေခွေး ရောက်လာပြီဟေ့"

"ပြေးကြ ပြေး"

တစ်ယောက်တစ်ပေါက် အော်ပြောလိုက်ကြသည်။

ထို့နောက် ယှဉ်ပြိုင်တိုက်ခိုက်ရန် စိတ်မကူးဘဲ ထွက်ပြေးသွားကြလေတော့သည်။

သို့သော် ...

"မင်းတို့ ပြေးလို့လွတ်မလား"

သွေးမြေခွေးက အော်ငေါက်လိုက်သည်။

သူ၏လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်သောအခါ ...

'ဝှစ် ဝှစ် ဝှစ်'

စူးရှသော လေတိုးသံများနှင့်အတူ လက်နက်ပုန်းလေးများသည် သိုင်းသမားများထံသို့ တစ်ဟုန်ထိုး ပင့်လွင့်သွားလေသည်။

ဤတွင် ...

"အား"

"အောင်မလေး"

"သေပါပြီဗျ"

စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာသည်။



သိုင်းသမားများ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားကြလေသည်။

ကျန်ရှိနေသော သိုင်းသမားများလည်း ပြေးမလွတ်နိုင်ကြတော့ပါချေ။

သွေးမြေခွေးသည် လှစ်ခနဲ ပြေးလိုက်သွားပြီး လက်ဝါးဖြင့် ဆင့်ကာ ဆင့်ကာ ရိုက်ချပြီး ဇိဝိန်ခြွေပစ်လိုက်ခြင်းကြောင့် ဖြစ်လေသည်။

ငရဲပွက်သကဲ့သို့ ကျွက်ကျွက်ညံသွားသည်။ မြေပေါ်တွင် သွေးခြင်းခြင်း နီရဲသွားသည်။

ထို့နောက် ဝန်းကျင်တစ်ခုလုံး အပ်ကျသံကြားရလောက် အောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



လီထင်းက မြေပေါ် ဒူးထောက်နေသည်။

သူ၏မျက်လုံးများက ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်နေသည်။

ကြောက်ရွံ့ခြင်းက သူ၏တစ်ကိုယ်လုံး လွှမ်းခြုံထားပေတော့သည်။

သွေးမြေခွေး၏ ရက်စက်ကြမ်းကြုတ်မှုအား မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

သွေးမြေခွေးသည် သိုင်းသမားများအား တစ်ယောက်မကျန် သုတ်သင်ရှင်းလင်းပြီးလျှင် ကြိုလင်းဘက်သို့ လှည့်လိုက်လေသည်။

"ငါ့မြေး ဘာမှမဖြစ်ဘူးမဟုတ်လား"

ဟု စိုးရိမ်ပူပန်သောလေသံဖြင့် မေးလာလေသည်။

"ကျွန်မက ဘိုးဘိုးရဲ့မြေးပဲ ... ဘာဖြစ်ရမှာလဲ"



ဟု ပြောလိုက်၏။

သူမ၏စကားကြောင့် သွေးမြေခွေး ကျေနပ်သွားလေသည်။ ဦးခေါင်း တဆတ်ဆတ်ညိတ်လိုက်ပြီး ...

"ကောင်းတယ် ကောင်းတယ် ... သိုင်းလောကထဲကို ရောက်လာရင် ဘယ်သူ့ကိုမှ ညှာတာစရာမလိုဘူး၊ ယုံကြည်စရာလည်း မလိုဘူး"

ဟု ပြောလေသည်။

ထိုစကားကြောင့် လီထင်း၏ခန္ဓာကိုယ် ဆတ်ခနဲတုန်ခါသွားလေတော့၏။

သွေးမြေခွေး၏အကြည့်သည် လီထင်းထံသို့ ရောက်ရှိလာပါသည်။ လီထင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး...

"မင်းက ငါ့ကို ဂါရဝပြုတယ် ... ဟုတ်လား"

ဟု မေးလိုက်သည်။ လီထင်းက ထပ်မံ ဂါရဝပြုလိုက်လေသည်။

"ဟုတ်ပါတယ် ... ကျွန်တော်က ဘိုးဘိုးကို ဂါရဝပြု"

စကားဆုံးအောင် မပြောလိုက်ရပါချေ။

သွေးမြေခွေးသည် သူ၏အနီးသို့ ရိပ်ခနဲ ရောက်ရှိလာပြီး ပါးရိုက်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း'

ပြင်းထန်သော ရိုက်ချက်ကြောင့် လီထင်း၏ ပါးပြင်တစ်ခုလုံး ထူပူသွားသည်။

နှုတ်ခမ်းများလည်း ပေါက်ပြဲသွားကာ သွေးများ စီးကျလာလေသည်။

ရုတ်တရက်မို့ လီထင်း ဒေါသထွက်သွားလေသည်။

သို့တိုင် သွေးမြေခွေးအား မည်သို့မျှမယှဉ်နိုင်ကြောင်း သဘောပေါက်ထားသဖြင့် ခေါင်းငုံ့ထားလိုက်လေသည်။

သွေးမြေခွေးက လီထင်းအား ခပ်စိန်းစိန်းကြည့်ကာ ...

"ခွေးကောင် ... နောက်တစ်ခါ ငါ့ကို ဘိုးဘိုးလို့ ခေါ်ကြည့်၊ မင်းရဲ့လျှာကိုဖြတ်ပစ်မယ်"

ဟု အော်ငေါက်လိုက်လေသည်။

လီထင်းက ...

"ကျွန်တော် အပြောအဆိုမှားသွားတာကို ခွင့်လွှတ်ပါခင်ဗျာ"

ဟု ဦးညွှတ်တောင်းပန်လိုက်လေသည်။ သွေးမြေခွေးက...

"အေး ... မင်းက ငါ့မြေးကို ကူညီခဲ့လို့ မင်းကို အသက်ချမ်းသာပေးလိုက်မယ်"



ဟုပြောကာ ကြိုလင်းဘက်သို့ လှည့်လိုက်လေသည်။

"ငါ့မြေး ... သူက ငါ့မြေးနဲ့ ဘယ်လိုပတ်သက်နေသလဲ"

ဟု မေးလိုက်လေသည်။

ကြိုလင်း သက်ပြင်းချကာ ...

"သူက ကျွန်မကိုကူညီခဲ့ပါတယ် ဘိုးဘိုး"

ဟု ပြောလေသည်။

အမှန်တော့ သူမသည် လီထင်း၏အသက်ကို ကယ်တင်လိုက်ခြင်း ဖြစ်လေသည်။

လီထင်းကို သူက သဘောကျ၍ မဟုတ်ပါချေ။ သူမအား ကူညီရန် ကြိုးစားခြင်းကြောင့်သာလျှင် အခွင့်အရေးပေးလိုက်ခြင်း ဖြစ်လေသည်။

သူမ၏စကားကြောင့် ခက်ထန်နေသော သွေးမြေခွေး၏ မျက်နှာ ပျော့ပျောင်းသွားလေသည်။

လီထင်းကိုကြည့်လိုက်ပြီး ...

"မင်း ကံကောင်းသွားတယ်"

ဟု ပြောလိုက်သည်။

လီထင်းသည် အသက်ချမ်းသာခွင့်ရပြီဖြစ်ကြောင်းသဘောပေါက်လိုက်လျှင် ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ချမ်းသာပေးလို့ ဆရာကြီးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

ဟုပြောကာ အထပ်ထပ် ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

သွေးမြေခွေးက ...

"စကားအပိုတွေ လုပ်မနေနဲ့၊ မင်းက ဘာကြောင့် ငါ့မြေးကို ကူညီရတာလဲ ... ပြောစမ်း"

ဟု မေးလေသည်။

လီထင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

သို့သော် သူ့အတွက် အကွက်ဝင်လာပြီဟု သဘောပေါက်လိုက်သည်။

"ဒီလိုပါ ခင်ဗျာ ... ကျွန်တော့်ရဲ့ ပညာသင်ဘက် ညီဖြစ်တဲ့ ကျင်းစန်းဟာ ညီမလေးကျုံလင်းကို ဒုက္ခပေးဖို့ ကြံစည်ကြိုးစားခဲ့ပါတယ်၊ ဒါကြောင့် မဖြစ်သင့်တာ မဖြစ်ရလေအောင် ကျွန်တော်က ကြားဝင်တားဆီးကူညီခဲ့တာပါ"

ဟု ကျင်းစန်းကို ချောက်တွန်းရင်း ပြောလိုက်လေသည်။

သွေးမြေခွေးက ...

"မင်းရဲ့ ပညာသင်ဘက် ညီအစ်ကိုက ဘယ်သူလဲ"

ဟု မေးလိုက်၏။



လီထင်းက ...

"ကျင်းစန်းလို့ ခေါ်ပါတယ် ခင်ဗျာ"

သွေးမြေခွေးသည် ကျင်းစန်းဆိုသောအမည်ကို မှတ်သားထားလိုက်ပြီး ...

"နေပါဦး ... မင်းတို့ဆရာက ဘယ်သူလဲ၊ ပြောစမ်းပါဦး"

ဟု မေးပြန်သည်။ လီထင်းသည် မလိမ်ဝံ့ဘဲ အမှန်အတိုင်း ဖြေလိုက်ရလေသည်။

"ကျွန်တော်တို့ဆရာဟာ မိုးကြိုးလက်ဝါး ရှောင်ကောင်းပါ ခင်ဗျာ"

"ဘာကွ"

ကျယ်လောင်သောအသံကိုကြားလျှင် လီထင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

သွေးမြေခွေး၏မျက်နှာတစ်ခုလုံး နီရဲခက်ထန်နေလေသည်။

လီထင်းအား မျက်လုံးပြူးကာ ကြည့်လိုက်ပြီး ...

"မင်းရဲ့ဆရာဟာ ရှောင်ကောင်း ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကောင်းပြီ"

www.burmeseclassic.com

www.burmeseclassic.com



သွေးမြေခွေးသည် လီထင်း၏ဦးခေါင်းပေါ်သို့ လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်လိုက်လေသည်။

"ဟာ"

မမျှော်လင့်သော အဖြစ်ကြောင့် လီထင်း အထိတ်တလန့် အော်လိုက်မိ၏။

"ကျွန် ... ကျွန်တော့်ကို မသတ်ပါနဲ့"

ကပျာကယာ တောင်းပန်လိုက်လေသည်။ ကြိုးလင်းလည်း အံ့သြသွားပြီး ...

"ဘိုးဘိုး"

ဟု လွှတ်ခနဲ အော်လိုက်လေသည်။

သွေးမြေခွေးသည် လူ့အသက်ကို ဖက်ရွက်ပမာ သဘော ထားနေသူတစ်ယောက် ဖြစ်ပေသည်။

လီထင်းအား အဆုံးစီရင်ပစ်ဖို့ ဝန်လေးတုံ့ဆိုင်းနေမည့်သူ မဟုတ်ပါချေ။

ယခု လီထင်းအား လက်ဝါးဖြင့် ရိုက်ချရန် ဟန်ပြင်ပြီးမှ သူ၏လက်ဝါးကို ပြန်လည်ရုပ်သိမ်းလိုက်လေသည်။

ထို့နောက် ...

"ဟား ဟား ဟား"



ကောင်းကင်ပေါ် ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက် လေသည်။

သူ၏ရယ်မောသံကြောင့် လီထင်းမှာ နားအူသွားသလို ခန္ဓာကိုယ်ထဲမှသွေးများ ဆူပွက်လာသလို ခံစားလိုက်ရလေသည်။

နားနှစ်ဖက်ကို လက်ဝါးဖြင့် ကပျာကယာ ပိတ်ထားလိုက် ရလေသည်။

သွေးမြေခွေးသည် အတန်ကြာ ရယ်မောလိုက်ပြီးမှ ...

"ကောင်းကွာ ... ရှောင်ကောင်းရဲ့တပည့်နဲ့မှ လာပြီး တွေ့ ရတာကိုး"

ဟု ရေရွတ်လိုက်လေသည်။

လီထင်း မျက်နှာပျက်နေသည်။ သူ၏ဆရာ ရှောင်ကောင်း အား သွေးမြေခွေးက သိရှိနေသည် မဟုတ်ပါလား။

သွေးမြေခွေးသည် လီထင်းကိုကြည့်ကာ မဲ့ပြုံးပြုံးလိုက်ပြီး

"ငါဟာ သူ့ရဲ့ရန်သူဖြစ်တယ်ဆိုတဲ့အကြောင်းကို မင်းရဲ့ ဆရာက ပြောမပြဘူးလား"

ဟု မေးလိုက်လေသည်။ လီထင်း ကပျာကယာ ခေါင်းခါ ယမ်းလိုက်သည်။

"ဆ ဆရာက မပြောပါဘူးခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



သွေးမြေခွေးက ...

"ဟော့ကောင် မလိမ်နဲ့ ... မှန်မှန်ပြောစမ်း"

လီထင်းက ကြောက်ကြောက်ရွံ့ရွံ့နှင့် ...

"ကျွန် ကျွန်တော် မလိမ်ဝံ့ပါဘူး ခင်ဗျာ၊ ဦးရဲ့ရန်သူတော်တွေ ဖြစ်တဲ့အကြောင်းကို ဆရာက တစ်ကြိမ်တစ်ခါမှ ပြောမပြခဲ့ပါဘူး"

"နေပါဦး ... သူက ဘာကြောင့် ပြောမပြရတာလဲ"

"ဒါ ဒါတော့ ကျွန်တော်လည်း မသိပါဘူးခင်ဗျာ"

သွေးမြေခွေး နှာခေါင်းရှုံ့လိုက်သည်။

"ရှောင်ကောင်းက တော်တော်ဘဝင်မြင့်တာပဲ၊ တကယ်ဆိုရင် သူ့ရဲ့တပည့်တွေကို သိုင်းလောကမှာ ကျင်လည်ကျက်စားဖို့ စေလွှတ်လိုက်တာနဲ့ ငါ့ရဲ့အကြောင်းကို ပြောပြလိုက်သင့်တာပေါ့၊ ထားပါတော့လေ ... မကြာခင်မှာ သူဟာ ငါ့အကြောင်း သိရတော့မှာပါ၊ မင်းက ငါ့မြေးကို ကူညီခဲ့တဲ့အတွက် အသက်ကို ချမ်းသာပေးလိုက်မယ်လို့ ငါပြောခဲ့တယ်၊ ဒါကြောင့် ငါ့ရဲ့ကတိအတိုင်း မင်းကို အသက်ချမ်းသာပေးလိုက်မယ်"

လီထင်းက ...

"ဦးရဲ့ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူးခင်ဗျာ"



ဟု ဦးညွတ်ကာ ပြောလိုက်သည်။ သူ၏မျက်နှာ ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်။ သွေးမြေခွေး သူ့အား အခွင့်အရေး ပေးလိုက်ပြီဟု ထင်မိလေသည်။

သို့သော် သွေးမြေခွေး ဆက်ပြောလိုက်သောစကားကို ကြားရလျှင် ပါးစပ်အဟောင်းသား ဖြစ်သွားရလေတော့သည်။

သွေးမြေခွေးက ...

"ဒါပေမဲ့ မင်းဟာ ရှောင်ကောင်းရဲ့တပည့် ဖြစ်နေတာကြောင့် မှတ်လောက်သားလောက်ဖြစ်အောင် ပညာပေးတဲ့အနေနဲ့ ခြေကြောလက်ကြောတွေ ဖြတ်ပစ်ရလိမ့်မယ်"

လီထင်းမှာ သတိလစ်လုံကျမတတ် ဖြစ်သွားလေသည်။

"အောင်မလေး"

ဟုလည်း အော်ဟစ်လိုက်လေသည်။

"ဘိုးဘိုး"

ကြိုလင်းက ကြားဝင်လာလေသည်။ လီထင်းက ...

"ဘာလဲ ... သူ့ကိုချမ်းသာပေးဖို့ ငါ့မြေးက ပြောချင်လို့လား"

သွေးမြေခွေး ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်ဘူး ... ဘယ်နည်းနဲ့မှ ချမ်းသာပေးလို့ မဖြစ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြံ့လင်းက ...

"ဘိုးဘိုးရယ် ... ဘာဖြစ်လို့များ သူ့ကို"

သူမ၏စကားမဆုံးမီ သွေးမြေခွေးက ကြားဖြတ်ပြောလိုက်သည်။

"ငှါမြေးရဲ့မိဘတွေ သေဆုံးသွားရတဲ့ကိစ္စမှာ သူ့ဆရာရဲ့ လက်ချက်လည်း ပါဝင်နေတယ်ဆိုတာ မှတ်ထားစမ်းပါ"

"ရှင်"

ကြံ့လင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

လီထင်းကား ချက်ချင်းပင် မိုးပျံမြေလျှိုးကာ ထွက်ပြေးသွားလိုစိတ်များ ဖြစ်ပေါ်လာလေသည်။

ကြံ့လင်းနှင့်ပတ်သက်ပြီး အမြတ်ထုတ်ဖို့ ကြံရွယ်ထားခဲ့သည်မှာ ကိုယ့်သေတွင်းကိုယ်တူးသကဲ့သို့ ဖြစ်နေပြီ မဟုတ်ပါလား။

သွေးမြေခွေးက ...

"အဖြူရောင်သိုင်းသမားကြီးတွေလို့ အမည်ခံထားတဲ့ သိုင်းသမားခြောက်ယောက်ဟာ ငှါမြေးရဲ့မိဘတွေကို သတ်ပြီး ကြိုးဂံရွှေပြားတွေကို လုယက်ယူငင်သွားခဲ့ကြတယ်၊ အဲဒီသိုင်းသမား ခြောက်ယောက်ထဲမှာ ရှောင်ကောင်းဆိုတဲ့လူလည်း တစ်ယောက် အပါအဝင်ဖြစ်တယ်"



ကြံ့လင်းက ခေါင်းငုံ့ထားလိုက်လေသည်။

သွေးမြေခွေးက ...

"လီထင်း ... မင်းဆရာအတွက် မင်းကို ဆုံးမရလိမ့်မယ်"

ဟုပြောကာ လက်တစ်ဖက် ဆန့်ထုတ်လိုက်လေသည်။ လီထင်း ကပျာကယာ လက်ကာပြလိုက်ပြီး ...

"ကျွန် ကျွန်တော့်ကို မသတ်ပါနဲ့ခင်ဗျာ၊ ဆရာ့ရဲ့လုပ်ရပ်ဟာ ကျွန်တော်နဲ့ ဘာမှမဆိုင်ပါဘူး၊ ကျွန်တော့်ကို ချမ်းသာပေးပါ၊ ဆရာ့ကိုဆုံးချင်တယ်ဆိုရင် ကျွန်ဖ်တော် လိုက်ပို့ပေးပါ့မယ်"

ဟု ပြောလိုက်လေသည်။ သွေးမြေခွေး မျက်မှောင်ကြုတ်သွားသည်။

"ဘာကွ ... မင်းဆရာ့ဆီကို လိုက်ပို့ပေးမယ် ... ဟုတ်လား"

ဟု မေးလေသည်။ လီထင်းက ...

"ဟုတ် ... ဟုတ်ပါတယ် ခင်ဗျာ"

သွေးမြေခွေးက ...

"ကောင်းတယ် ... ငါက တခြားလူတွေကို လိုက်ရှာလို့တွေ့ခဲ့ပေမယ့် မင်းဆရာနဲ့ သူ့ရဲ့သွေးသောက်ကိုတော့ ခုထိ ရှာလို့မတွေ့သေးဘူး၊ မင်းရဲ့ဆရာကို တွေ့ချင်နေတာနဲ့ အတော်ပဲ"

လီထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ ခင်ဗျာ ... ဆရာ့ဆီကိုရောက်အောင် ကျွန်တော် လိုက်ပို့ပေးပါ့မယ်"

ဟု ကတိပေးလိုက်လေသည်။

သွေးမြေခွေးသည် လီထင်း အား ခပ်စိန်းစိန်းကြည့်လိုက်ပြီး

"နေပါဦး ... ငါ့ကို မင်းရဲ့ဆရာဆီကို လိုက်ပို့ပေးမယ်ဆိုရင် မင်းက ဆရာ့အပေါ်မှာ သစ္စာဖောက်ရာကျနေမယ်ဆိုတာကို မတွေးမိဘူးလား"

ဟု မေးလိုက်လေသည်။

လီထင်းက ...

"ဒါတော့ ကျွန်တော်လည်းမတတ်နိုင်ပါဘူး၊ အသက်ရှင်နေတာက သေသွားတာထက် ပိုပြီး တန်ဖိုးရှိတယ်လို့ ကျွန်တော် ယုံကြည်ထားပါတယ်"

ထိုစကားကြားလျှင် ...

"ဟား ဟား ဟား"

သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်လေသည်။

"တော်တော် သဘောကျဖို့ကောင်းတဲ့ကောင်လေးပဲ၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုတဲ့ သဘောပေ့ါ"

လီထင်းက ...



"ဒီလိုတော့ မဟုတ်ပါဘူးခင်ဗျာ၊ ဦးနဲ့ပတ်သက်ခဲ့တာကို ဆရာက ပြောပြမထားခဲ့လို့ပါ"

"ဪ"

"ပြီးတော့ ဦးအပေါ်မှာ မတရားလုပ်ခဲ့တယ်ဆိုတာ ကျွန်တော် လက်မခံနိုင်ပါဘူး၊ ဒါကြောင့် ဆရာရှိတဲ့နေရာကို လိုက်ပို့ဖို့ ဆုံးဖြတ်လိုက်တာပါ"

သွေးမြေခွေးက ...

"မင်းဟာ ကောက်ကျစ်စဉ်းလဲတဲ့စိတ်ထားလည်း ရှိသေးတာကိုး"

လီထင်း မျက်နှာပျက်သွားလေသည်။

သို့သော် သွေးမြေခွေး ဆက်ပြောလိုက်သောစကားကို ကြားလိုက်ရသောအခါ စိတ်သက်သာရာ ရသွားလေသည်။

"ကောင်းတယ်၊ ငါ ငယ်ငယ်ကလည်း မင်းလိုစိတ် ထားခဲ့တာပဲ၊ ဒါကြောင့် ဘယ်သူမှရှာမတွေ့ခဲ့တဲ့ တြိဂံရွှေအဲပြားတွေကို ငါက ရှာတွေ့ခဲ့တာပေ့ါ၊ ဒါပေမဲ့ ငါ့သားကတော့ ငါ့လိုမဟုတ်တဲ့ အတွက် သူတစ်ပါးလက်ချက် မိသွားတာပေ့ါ၊ မင်းဆရာက ငါ့အပေါ်မှာ မတရားလုပ်တယ်လို့ မင်းက ဘာကြောင့် ပြောနိုင်တာလဲ"

လီထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးပြောတဲ့စကားကို ကြားရလို့ ရိပ်မိလိုက်တာပါ ခင်ဗျာ"

သွေးမြေခွေး ရယ်မောလိုက်လေသည်။

"မင်းက ငါထင်တာထက်တောင် ပိုပြီးပါးနပ်နေသေးတာပဲ၊ မင်းက ငါ့အကြောင်းသိချင်သလား"

"ကျွန်တော် ..."

"မင်းသိချင်တယ်ဆိုရင် ငါပြောပြမယ်လေ"

လီထင်းက မြေပေါ်ဒူးထောက်ချလိုက်ပြန်လေသည်။

"ကျွန်တော်ဟာ ဦးစကားကို ရိုရိုသေသေ နားထောင်နေပါတယ် ခင်ဗျာ"

ဟု ပြောလိုက်လေသည်။

ကြုံလင်းသည် လီထင်းက သွေးမြေခွေးအား ချဉ်းကပ်နေကြောင်း သတိပြုမိလိုက်ပြီး သဘောမကျနိုင်အောင် ဖြစ်သွားလေသည်။ သွေးမြေခွေးက ...

"နေဦး ... ငါ့အကြောင်းကို နားမထောင်ခင်မှာ မင်းက ငါခိုင်းတာတစ်ခုကို အရင်လုပ်ပေးရမယ်"

လီထင်း အံ့သြသွားသည်။

"ကျွန်တော် ဘာလုပ်ပေးရမယ်ဆိုတာ ပြောပြပါ ခင်ဗျာ"

ဟု မေးလိုက်လေသည်။



သွေးမြေခွေးက ...

"မင်းက သူတို့ကို ရှင်းပစ်ရလိမ့်မယ်"

ဟု တစ်နေရာဆီသို့ လက်ညှိုးညွှန်ကာ ပြောလိုက်လေသည်။

လီထင်း လှမ်းကြည့်လိုက်သောအခါ မြေပေါ်၌ လူးလိမ့်နေသူနှစ်ယောက်အား တွေ့လိုက်ရလေသည်။

ထိုလူနှစ်ယောက်မှာ ထွက်ပြေးရင်း သွေးမြေခွေး၏ လက်ချက်မိကာ သွေးအလိမ်းလိမ်းဖြင့် လဲကျသွားကြသူများ ဖြစ်လေသည်။

အခြားသူများကဲ့သို့ ချက်ချင်းသေဆုံးသွားကြခြင်း မရှိသေးဘဲ လူးလိမ့်ညည်းတွားနေကြလေသည်။

လီထင်း ပြုံးလိုက်သည်။

ခုခံနိုင်ခြင်းမရှိသူများအား သုတ်သင်ရှင်းလင်းပစ်ရမည်မှာ လွယ်ကူလှသည် မဟုတ်ပါလား။

"စိတ်ချပါ ခင်ဗျာ ... သူတို့ကို ကျွန်တော် တာဝန်ယူလိုက်ပါ့မယ်"

စကားဆုံးလျှင် ထိုလူနှစ်ယောက်အနီးသို့ လှမ်းသွားလိုက်လေ၏။ သို့သော် လဲကျကာ လူးလိမ့်နေသူများနှင့် ခြေလှမ်းသုံးလှမ်း

www.burmeseclassic.com

www.burmeseclassic.com



အကွာတွင် ခြေလှမ်းရပ်လိုက်လေသည်။

သူက ထိုလူနှစ်ယောက်အား လွယ်လင့်တကူ သုတ်သင်လိုက်လျှင် သွေးမြေခွေးက အထင်ကြီးမည်မဟုတ်သည်ကို သဘောပေါက်လိုက်ခြင်းကြောင့်ဖြစ်သည်။

သွေးမြေခွေး အထင်ကြီးလာအောင် ပညာပြရမည်ဟုလည်း ဆုံးဖြတ်လိုက်၏။

လီထင်းက လဲကျနေသူနှစ်ယောက်အား ကြည့်လိုက်ပြီး မြေပေါ်တွင် ခြေနှစ်ဖက်ကို ချကား၍ ရပ်လိုက်လေသည်။ ထို့နောက် လက်ဝါးနှစ်ဖက်၌ အတွင်းအားစုစည်းကာ ...

"ယား"

ဗြာသံပေးပြီး လက်ဝါးများကို ရိုက်ထုတ်လိုက်လေသည်။

'ဝုန်း ဝုန်း'

မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သောအသံများ ထွက်ပေါ်လာ၏။

လူးလိမ့်နေသူနှစ်ယောက်မှာ လက်ဝါးရိုက်ချက်မှ ဖြစ်ပေါ်လာသော လေပွေလှိုင်းများ၏ ရိုက်ထုတ်မှုကြောင့် အဝေးသို့ လွင့်စဉ်သွားကြလေတော့သည်။

ထိုလူနှစ်ယောက်သည် တစ်ကိုယ်လုံးရှိ အရိုးများကြေမွ



ကာ သေဆုံးသွားကြပြီဖြစ်လေသည်။

လီထင်းက ဝင့်ကြွားစွာဖြင့် သွေးမြေခွေးအား လှည့်ကြည့်လိုက်လေသည်။ သွေးမြေခွေးက ...

"ဟား ဟား ဟား"

ကျယ်လောင်စွာဖြင့် ဟားတိုက်ရယ်မောလိုက်လေသည်။

လီထင်းက ဦးညွှတ်လိုက်သည်။

"ကျွန်တော် နောက်ထပ် ဘာများ လုပ်ပေးရဦးမလဲခင်ဗျာ"

ဟု မေးလိုက်လေသည်။ သွေးမြေခွေးက ...

"မင်းဆရာရဲ့ မိုးကြိုးလက်ဝါးသိုင်းကွက်က ဘယ်ဆိုးလို့လဲ၊ ကောင်းတယ် ကောင်းတယ် ... မင်းကို ဘာမှထပ်ပြီးနိုင်းစရာ မလိုတော့ပါဘူး၊ မင်းကို မေးစရာပဲရှိတယ်"

လီထင်းက ...

"ဟုတ်ကဲ့ ... မေးပါခင်ဗျာ"

သွေးမြေခွေးက ...

"မင်းရဲ့ဆရာက မင်းကို ပညာအကုန် သင်ကြားပေးထားပြီးပြီလား"

ဟု စတင်မေးလေသည်။

လီထင်း ခေါင်းခါယမ်းလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မသင်ပေးသေးပါဘူး ခင်ဗျာ"

သွေးမြေခွေးက ...

"ဘာဖြစ်လို့လဲ"

လီထင်းက ...

"ဆရာက သိုင်းပညာ သုံးပုံနှစ်ပုံသင်ပေးပြီး အတွေ့အကြုံရှာဖို့ သိုင်းလောကကို စေလွှတ်လိုက်တာပါ။ သုံးနှစ်လောက် အတွေ့အကြုံရှာပြီးမှ ဆရာ့ဆီကို ပြန်ပြီး သိုင်းပညာ ထပ်သင်ရမှာပါ"

သွေးမြေခွေးက ...

"ဩော် ... မင်းတို့ကိုပညာသင်ပေးပြီး လက်တွေ့ အသုံးပြုတဲ့ သဘောပေ့ါ ... ဟုတ်လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"အင်း ... သူ့အကြံလည်း မဆိုးပါဘူး"

"ခင်ဗျာ"

လီထင်း ကြောင်အမ်းအမ်းဖြစ်သွားလေသည်။ သွေးမြေခွေးက ...

"မင်းက ရှောင်ကောင်းရဲ့အကြံကို မသိသေးဘဲကိုး၊ ရှောင်ကောင်းဟာ မိုးကြိုးလက်ဝါးသိုင်းပညာကို မှတ်တမ်းတင်ထားတဲ့ တြိဂံရွှေပြားကို ရထားတယ်၊ အဲဒီ တြိဂံရွှေပြားပေါ်က သိုင်းပညာရပ်



တွေကို ကိုယ်တိုင်လေ့ကျင့်နေခဲ့တာပဲ၊ သူက လေ့ကျင့်ပြီး မင်းတို့ကို သင်ပေးတယ်၊ ဒါဟာ သူ့ပညာ ဘယ်လိုရှိတယ်ဆိုတာကို ကိုယ်စားလွှတ်ပြီး စမ်းသပ်တဲ့သဘောပဲ"

လီထင်းက မဲ့ကာရွဲ့ကာဖြင့် ...

"ဆရာ ဒီလိုလုပ်တာတော့ မကောင်းပါဘူး"

ဟု ပြောလေသည်။

သွေးမြေခွေးက ...

"အေး ... မင်းရဲ့ဆရာက မင်းတို့ကိုအသုံးချခဲ့တာ၊ ကဲ ... မင်းကို မေးဦးမယ်၊ သူ့မှာ တပည့်ဘယ်နှယောက် ရှိသလဲ"

လီထင်းက အနည်းငယ် စဉ်းစားလိုက်ပြီး ...

"လေးငါးယောက်လောက်တော့ ရှိပါလိမ့်မယ်၊ ဒါပေမဲ့ သိုင်းလောကထဲ ဆင်းသွားကြပြီး တစ်ယောက်မှ ဆရာ့ဆီကို ပြန်မလာကြတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်တော်လည်း မသိပါဘူး ခင်ဗျာ၊ ဒါပေမဲ့ ကျွန်တော်နဲ့အတူ ပညာသင်ဘက် ကျင်းစန်းဆိုတဲ့လူတစ်ယောက် ရှိပါတယ်၊ ကျင်းစန်းဟာ ကျွန်တော့်ထက်ပိုပြီး ပညာတော်ပါတယ်၊ သူဟာ ဆရာသင်ပေးတဲ့ သိုင်းပညာကို အမျိုးမျိုးတီထွင်ပြီး ပေါင်းစပ်အသုံး

www.burmeseclassic.com

www.burmeseclassic.com



ပြုနိုင်ပါတယ်၊ ညီမလေး ကြိုလင်းကို ဒုက္ခပေးဖို့ ကြိုးစားခဲ့တာ
လည်း သူပါပဲ"

သွေးမြေခွေးက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... ကျင်းစန်းကိုပါ ရှင်းပစ်ဖို့ ကျုပ် တာဝန်ယူ
တယ်၊ မင်းကော သဘောတူတယ် မဟုတ်လား"

လီထင်းက ဝမ်းသာအားရ သဘောတူလိုက်လေသည်။

"ကျွန်တော် သဘောတူပါတယ် ခင်ဗျာ"

သွေးမြေခွေးက လီထင်းအား စိုက်ကြည့်လိုက်ပြီး ...

"မင်းက ငါ့ကို ရိုရိုသေသေ ဆက်ဆံတယ်၊ ငါ့မြေးကိုကော
ငါ့ကိုပါ ကူညီလိုစိတ်ရှိတယ်၊ ဒါကြောင့် မင်းကို ငါက တပည့်အဖြစ်
လက်ခံမယ်ဆိုရင်ကော ဘယ်လိုသဘောရသလဲ"

သူက ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့လိုက်လေသည်။ ပြီး
လျှင် ...

"ဆရာ"

ဟု အားရပါးရ ခေါ်လိုက်လေသည်။ သွေးမြေခွေးက ဦး
ခေါင်း တဆတ်ဆတ် ညိတ်လိုက်လေသည်။

"ကောင်းပြီ ... ဒီကနေ့ကစပြီး မင်းဟာ ငါ့ရဲ့တပည့် ဖြစ်
သွားပြီ၊ ငါ့နောက်ကို လိုက်နိုင်ပြီ၊ ဒါပေမဲ့"



"ဒါပေမဲ့ ဘာဖြစ်သလဲ ခင်ဗျာ"

လီထင်းက အလောတကြီး မေးလိုက်လေသည်။

"မင်းက ရှောင်ကောင်းအပေါ် သစ္စာဖောက်ရဲတော့ ငါ့ကို
ကော သစ္စာမဖောက်ဘူးလို့ ဘယ်သူက ပြောနိုင်မလဲ"

လီထင်း ကပျာကယာ လက်ကာပြလိုက်ပြီး ...

"ကျွန် ကျွန်တော် ဆရာ့ကို သစ္စာမဖောက်ဝံ့ပါဘူး ခင်ဗျာ"

ဟု ပြောလိုက်သည်။

သွေးမြေခွေးက ...

"မင်း သေချာရဲ့လား"

"ကျွန်တော် တကယ်ပြောတာပါ ... ကတိပေးပါတယ်၊
သစ္စာမဖောက်ဝံ့ပါဘူး ခင်ဗျာ"

"ဟား ဟား ဟား"

သွေးမြေခွေးက ရယ်မောလိုက်လေသည်။

လီထင်းက ...

"ကျွန် ကျွန်တော် တကယ်ပြောတာပါ"

ဟု ထပ်ပြောလိုက်လေသည်။ ထိုစဉ် ကြိုလင်းက ကြား
ဖြတ် ဝင်ပြောလိုက်လေသည်။

"ဘိုးဘိုး သူ့ကို ယုံကြည်လို့ မဖြစ်ဘူးထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သွေးမြေခွေး ရယ်မောလိုက်သည်။

"ကိစ္စမရှိဘူး ... ယုံကြည်နိုင်တဲ့နည်းလမ်း ရှိပါတယ်"

သူက လီထင်းကို စိုက်ကြည့်လိုက်ပြီး ...

"မင်းက ငါ့အပေါ် သစ္စာခံမယ်ဆိုရင်တော့ ဟောဒီဆေးလုံးလေးကို သောက်ရဲရမယ်"

ဟုပြောကာ အင်္ကျီရင်ဘတ်ကြားမှ ဆေးပုလင်းလေး တစ်လုံး ထုတ်ယူလိုက်လေသည်။ ဆေးပုလင်းထဲ၌ အစိမ်းရောင်ဆေးလုံးလေးများ ရှိနေပါ၏။

ထိုအစိမ်းရောင်ဆေးလုံးလေးတစ်လုံးကို ထုတ်ယူကာ လှမ်းပေးလိုက်လေသည်။

လီထင်း ရင်ထိတ်သွား၏။

ဆေးလုံးလေးကို ယူရကောင်းနိုး မယူဘဲနေရကောင်းနိုး ဝေခွဲမရ ဖြစ်သွားလေသည်။

သွေးမြေခွေးက ...

"ဘာမှမပူနဲ့ ... ဒီဆေးလုံးလေးကို သောက်ပြီးတာနဲ့ မင်းဟာ ငါ့တပည့် ဖြစ်သွားပြီ"

ဟု ပြောလိုက်လေသည်။

လီထင်း မနေနိုင်တော့ပါ။



"ကောင်းပါပြီ ခင်ဗျာ"

ဟုပြောကာ အစိမ်းရောင်ဆေးလုံးလေးကို လှမ်းယူကာ သောက်ချလိုက်လေသည်။

ဆေးလုံးလေးသည် ပါးစပ်ထဲရောက်သွားသည်နှင့် ချက်ချင်း အရည်ပျော်သွားပြီး ဝမ်းဗိုက်ထဲသို့ စီးဝင်သွားလေတော့သည်။

အနံ့အရသာ လုံးဝမရှိဘဲ ပါးစပ်ထဲ ငုံလိုက်သည်နှင့် အရည်ပျော်သွားခြင်းဖြစ်သည်။

လီထင်း ရင်ထိတ်သွားလေသည်။

အမှန် တော့ သူက ဆေးလုံးလေးကို ငုံထားပြီး အလစ်တွင် ထွေးထုတ်ပစ်ရန် စိတ်ကူးထားလေသည်။

သို့သော် ဆေးလုံးလေး ပါးစပ်ထဲရောက်သွားသောအခါ သူမျှော်လင့်သလိုဖြစ်မလာဘဲ ဝမ်းဗိုက်ထဲ ပျော်ဝင်သွားခြင်းကြောင့် မျက်လုံးပြူးသွားရခြင်း ဖြစ်လေတော့သည်။

သွေးမြေခွေး ပြုံးလိုက်သည်။

"ကောင်းပြီ ... မင်းက ငါ့ရဲ့ သစ္စာဆေးလုံးကို သောက်လိုက်ပြီးပြီဆိုတော့ ငါ့ရဲ့ တပည့်ဖြစ်သွားပြီပေါ့။ ကဲ ... မင်းရဲ့ဆရာဆီကို သွားကြရအောင်"

လီထင်းက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သွေးမြေခွေးက ကြိုလင်း၏လက်ကိုဆွဲပြီး ...

"ကဲ ... လမ်းပြပေတော့"

လီထင်းအား လမ်းပြခိုင်းလိုက်သည်။

လီထင်းသည် ဘာမှမတတ်နိုင်တော့ဘဲ လမ်းပြခေါ် ဆောင်သွားလေတော့သည်။



## သေကံမရောက်သက်မပျောက်

"အား ... ကျွတ် ကျွတ်"

ညည်းတွားသံနှင့်အတူ ကျင်းစန်း သတိရလာလေသည်။

မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဖြူဖွေးနေသော အခန်း မျက်နှာကြက်ကို တွေ့မြင်လိုက်ရလေသည်။

ထို့အပြင် ကျောပြင်၏ အထိအတွေ့အရ နူးညံ့ပျော့ပျောင်းသော မွေ့ရာတစ်ခုပေါ်၌ လဲလျောင်းနေရသည့် အဖြစ်ကိုလည်း သတိပြုမိလိုက်လေသည်။

ကျင်းစန်း ကပျာကယာ လူးလိမ့်ထရန် ဟန်ပြင်လိုက်၏။

လှုပ်လှုပ်ရှားရှားလုပ်လိုက်သည်နှင့် ရင်ထဲအောင့်တက်လာပြီး ဦးခေါင်းထဲ မူးနောက်ရီဝေလာလေသည်။

ထို့ကြောင့် မွေ့ရာပေါ် ပြန်လည်လှဲချလိုက်ရလေသည်။

ကျင်းစန်းသည် သတိရလာသည်နှင့် အဖြစ်အပျက်များကို ပြန်လည် မြင်ယောင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက ကြိုလင်းအား ကူညီဖို့ ကြိုးစားခဲ့သည်။

လီထင်းက ရောက်လာပြီး အကောက်ကြံသည်။

သွေးမြေခွေး ပြန်ရောက်လာပြီး လျှပ်တစ်ပြက် တိုက်ခိုက်သွားသောအခါ မမျှော်လင့်ဘဲ ခံလိုက်ရပြီး ဒုက္ခရောက်ခဲ့ရလေသည်။

ထို့နောက်တွင် သတိလစ်မေ့မြောသွားကာ ဘာဆိုဘာမှ မသိတော့ပါ။

ယခု နွေးထွေးသော အခန်းတစ်ခုအတွင်း၌ ရောက်နေသည်မှာ အဘယ်ကြောင့်ပါနည်း။

ကျင်းစန်းသည် အတန်ကြာငြိမ်သက်ကာ အနားယူနေလိုက်ပြီးမှ တမင် လူးလိမ့်ထလိုက်ပြန်လေသည်။

ယခုတစ်ကြိမ်တွင် ကောင်းစွာ လူးလိမ့်ထလာနိုင်လေသည်။

ကျင်းစန်းက အခန်းကို ဝေ့ကြည့်လိုက်၏။

ဤတွင် …

"ဟင်"

မယုံကြည်နိုင်သောဖြစ်ရပ်ကြောင့် လွတ်ခနဲ ရေရွတ်လိုက်လေသည်။

အကြောင်းကား …



သူရောက်ရှိနေသောအခန်းမှာ သူ၏အခန်း ဖြစ်နေခြင်းကြောင့်။

သူ၏အိမ်၊ သူ၏အခန်းသို့ အဘယ်ကြောင့် ပြန်လည်ရောက်ရှိနေပါသနည်း။

ကျင်းစန်း မယုံနိုင်အောင်ဖြစ်သွားကာ မျက်လုံးကို လက်ဖြင့် ပွတ်၍ ကြည့်လိုက်လေသည်။

သူ့အခန်းမှ သူ့အခန်းပင် ဖြစ်လေသည်။

"ငါဟာ ထိုက်ကျူးမြို့မြင်တောအုပ်ထဲမှာ ဒုက္ခများခံနေခဲ့တာပဲ၊ ဘာကြောင့် ငါ့အိမ်ကို ပြန်ရောက်နေရတာလဲ"

ကျင်းစန်းက အားယူကာ အခန်းတံခါးဝဆီသို့ လှမ်းသွားလိုက်လေသည်။

တံခါးအနီးသို့ ရောက်သွားလျှင် ခြေလှမ်းရပ်ကာ အားယူလိုက်လေသည်။ ပြီးမှ တံခါးဖွင့်ရန် ဟန်ပြင်လိုက်လေသည်။

ထိုစဉ် အခန်းအပြင်ဘက်မှ စကားသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ကျင်းစန်းသည် တံခါးမဖွင့်သေးဘဲ စကားသံများကို နားထောင်လိုက်လေသည်။

ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့၏

www.burmeseclassic.com

www.burmeseclassic.com



စကားသံများ ဖြစ်လေသည်။

"ကံကောင်းလို့ပေါ့၊ ကျွန်မကသာ နောက်တစ်ခေါက် သွား မကြည့်ဘူးဆိုရင် သူ ဒုက္ခရောက်သွားမှာ သေချာတယ်"

"ကျေးဇူးပါပဲဗျာ၊ ကျုပ်သားက အတွေ့အကြုံ နုနယ်သေး တော့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာပေါ့၊ ခင်ဗျားအပေါ်မှာ မောက် မောက်မာမာ ဆက်ခံခဲ့တာတွေကို ခွင့်လွှတ်ပါလို့ တောင်းပန်ပါတယ် ဗျာ"

"အို ... ကိစ္စမရှိပါဘူး၊ ကျွန်မက ရှင့်ရဲ့သားမှန်း အစက မသိလို့ပါ၊ ခွင့်မလွှတ်နိုင်စရာအကြောင်း မရှိပါဘူးရှင်"

ထိုစကားသံများကိုကြားလျှင် အသံရှင်မှာ မည်သူမည်ဝါ ဖြစ်မှန်း ကျင်းစန်း နားလည်လိုက်လေသည်။

စကားသံများ ဆုံးသွားသလို ခြေသံများသည်လည်း အခန်း တံခါးဝသို့ ရောက်လာလျှင် ရပ် တန့်သွားလေသည်။

ကျင်းစန်းက တံခါးကို ဆွဲဖွင့်လိုက်သည်။

ထိုအခါ အခန်းအပြင်ဘက်၌ရပ်နေကြသော ကျင်းရှောင်နှင့် ရုပ်ဆိုးအဘွားအို မင်းဟွာတို့အား တွေ့မြင်လိုက်ရလေတော့သည်။

✸



ရုပ်ဆိုးအဘွားအိုမင်းဟွာနှင့် ကျင်းရှောင်တို့သည် အခန်းဝ ၌ ရပ်နေကြလေသည်။

သူတို့သည် ကျင်းစန်းကိုမြင်လျှင် အံ့ဩသွားကြသည်။

ကျင်းရှောင် ပျာပျာသလဲ ဖြစ်သွားပြီး ...

"သား ကျင်းစန်း ... ဘာဖြစ်လို့ အပြင်ထွက်လာရတာလဲ၊ အိပ်ရာထဲမှာ နားနားနေနေ နေမှပေါ့ ... လာ လာ"

ဟုပြောကာ ကျင်းစန်းအား ဖေးမခေါ်သွားလေသည်။

အိပ်ရာထက်၌ ပြန်လည်လဲလျောင်းစေပြီး နွေးနွေးထွေး ထွေးဖြစ်အောင် ပြုလုပ်ပေးလိုက်၏။

မင်းဟွာက ကျင်းစန်း၏အခြေအနေကို ကြည့်ကာ ...

"အင်း ... သွေးမြေခွေးဟာ အတော့်ကို ကြောက်စရာ ကောင်းတယ်ဆိုတာ ပေါ်လွင်နေတာပဲ"

ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အင်္ကျီအိတ်ထဲမှ ဆေးပုလင်းလေးတစ်လုံး ထုတ်ယူပြီး ...

"ဒီဆေးကို တစ်နေ့တစ်လုံးကျ တိုက်ကျွေးလိုက်ပါ၊ ဆေးတစ်ပုလင်းကုန်သွားတာနဲ့ သိသာလိမ့်မယ်"

ကျောင်းစန်းအတွက် ဆေးပုလင်းလေးတစ်လုံးအား ကျောင်းရှောင်ကို ပေးလိုက်လေသည်။

ကျောင်းရှောင်က ယူထားလိုက်၏။

ကျောင်းစန်း ကြည့်လိုက်သောအခါ ဆေးပုလင်းထဲ၌ ရွှေရောင်ဆေးလုံးလေးများ ရှိနေသည်ကို တွေ့လိုက်ရလေသည်။

ကျောင်းရှောင်က ...

"ကျေးဇူးပါပဲဗျာ၊ သွေးမြေခွေး သိုင်းလောကထဲကို ဆင်းလာပြီဆိုတဲ့သတင်းကြောင့် ကျုပ်က အိမ်ကထွက်သွားခဲ့တာ၊ ကျုပ်ရဲ့သားက အိမ်မှာပဲကျန်နေရစ်ခဲ့မယ် ထင်နေခဲ့တာ၊ သူက ထိုက်ကျူးမြို့ပြိုင်ပွဲကိုသွားတာ ကျုပ် မသိလိုက်ဘူး"

ဟု ရှင်းပြလိုက်၏။ မင်းဟွာက ...

"သွေးမြေခွေးက ထိုက်ကျူးမြို့ ပတ်ဝန်းကျင်ကို ရောက်လာတာ ရသေ့နဲ့သူတော်ကို လာရှာတာပဲ၊ မကြာခင် ရှင့်ဆီကို ရောက်လာနိုင်တယ်"



ကျောင်းရှောင်က ...

"ကိစ္စမရှိဘူး ... ကျုပ်က သူ့ကို မမှုသေးပါဘူး"

မင်းဟွာ လက်ကာပြလိုက်သည်။

"ရှင် ဒီလို ပေါ့ပေါ့တန်တန် သဘောထားလို့ မရဘူးရှင့်၊ သွေးမြေခွေးရဲ့ပညာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်ကထက် ပိုပြီး ထက်မြက်လာတယ်၊ သူ့ကြောင့် သူတော်ရော ရသေ့ပါ သေဆုံးသွားခဲ့ကြပြီ"

ကျောင်းရှောင်က ...

"သူတော်နဲ့ ကျုပ် အဆက်အသွယ်ရှိပါတယ်၊ သူတို့ဟာ ကြိုက်ရွှေပြားပေါ်က သိုင်းပညာရပ်တွေကို လေ့ကျင့်ကြပေမယ့် ဆုံးခန်း မတိုင်ခဲ့ကြသေးဘူး၊ ဒါကြောင့် သူတို့ခံလိုက်ရတာပဲ"

မင်းဟွာက ...

"အင်း ... ဒီအတိုင်းဆို ကျွန်မလည်းမလွယ်ဘူးရှင့်"

ဟု ညည်းတွားလိုက်လေသည်။

ကျောင်းရှောင်က ...

"ဘာဖြစ်လို့လဲဗျ"

"ကျွန်မလည်း ကြိုက်ရွှေပြားပေါ်ကပညာကို ဆုံးအောင် မလေ့ကျင့်နိုင်ခဲ့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျင်းရှောင်က ...

"ကျုပ်လည်း အတူတူပါပဲဗျာ"

သူတို့၏စကားသံများ တိတ်ဆိတ်သွားလေသည်။

ကျင်းစန်းက ငြိမ်သက်စွာ နားထောင်နေပြီး မင်းဟွာပေးသည့် ဆေးပုလင်းလေးကို ကြည့်နေလေသည်။

ဆေးပုလင်းထဲမှ ရွှေရောင်ဆေးလုံးလေးများသည် အစွမ်းထက်လိမ့်မည်ဟု နားလည်ထား၏။

အခန်းတွင်း၌ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ ...

"သွေးမြေခွေးကိုတော့ ဖြစ်တဲ့နည်းနဲ့ ဟန့်တားရမှာပဲ ... ကျွန်မ သွားတော့မယ်"

ဟု မင်းဟွာက ပြောလာလေသည်။

ကျင်းရှောင်က ...

"ကျုပ်လည်းလိုက်မယ်"

ဟု ပြောလိုက်လေသည်။

မင်းဟွာ လက်မခံပါချေ။

"ရှင်လိုက်လို့ မဖြစ်ဘူး၊ ရှင့်သားကို ဂရုစိုက်ဖို့လိုတယ်၊ ဒီ ... လေးဟာ တစ်နေ့ လူတော်လူကောင်းလေးတစ်ယောက် ဖြစ်လာလိမ့်မယ်၊ သူ့ကို သေသေချာချာ လမ်းပြပေးဖို့ပဲလိုမယ်"



ကျင်းရှောင် သက်ပြင်းချလိုက်လေသည်။

"ကောင်းပြီလေ ... ကျုပ်တို့ ပြန်တွေ့ကြသေးတာပေါ့"

မင်းဟွာက ကျင်းစန်းအား ပြုံးပြလိုက်ပြီး ...

"သွေးမြေခွေးရဲ့လက်ဝါးတစ်ချက် အရိုက်ခံရတာတောင် မင်းက ခုထိ အသက်ရှင်နေနိုင်သေးတာ အင်မတန်ကံထူးလို့ပဲ၊ မင်းဟာ တစ်နေ့ ထူးချွန်အောင်မြင်လာလိမ့်မယ်၊ ဆက်ပြီးကြိုးစားပါ"

ဟု ပြောလေသည်။

ကျင်းစန်း ဦးညွှတ်လိုက်သည်။

"ဒေါ်ဒေါ်ပြောတဲ့စကားကို ကျွန်တော် သေသေချာချာ မှတ်ထားလိုက်ပါ့မယ် ခင်ဗျာ"

မင်းဟွာက ကျေနပ်သွားပြီး အခန်းထဲမှ ထွက်သွားလေသည်။

ကျင်းရှောင်က လိုက်ပို့ပေးလေသည်။

ကျင်းစန်းငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

✹

www.burmeseclassic.com

www.burmeseclassic.com



## ရွှေပြားရာဇဝင်

မင်းဟွာ ထွက်သွားပြီဖြစ်သည်။

များမကြာမီ ကျောင်းရှောင် ပြန်လည်ရောက်ရှိလာလေသည်။

ကျောင်းရှောင်သည် ကျောင်းစန်း၏နဖူးပြင်ကို စမ်းကြည့်ရင်း ...

"အင်း ... တော်ပါသေးရဲ့၊ ငါ့သားမှာ အင်အားနည်းနေတာပဲ ရှိတော့တယ်၊ မကြာခင် သက်သာသွားမှာ"

ဟု ပြောလေသည်။ တစ်ဖန် ...

"ရော့ ... ဒီဆေးလုံးလေးကို သောက်လိုက်"

မင်းဟွာပေးခဲ့သော ဆေးလုံးလေးတစ်လုံး ထုတ်ယူကာ တိုက်ကျွေးလိုက်လေသည်။

ကျောင်းစန်းက ဆေးသောက်လိုက်သည်။

ကျောင်းရှောင်က စောင်တစ်ထည်ခြုံပေးလိုက်ပြီး ...

"ကဲ သား ... တစ်ရေးလောက် အိပ်လိုက်ဦးနော်"

ဟုပြောကာ ထွက်သွားရန် ဟန်ပြင်လိုက်လေသည်။



ကျောင်းစန်းက ...

"ဖေဖေ ခဏနေပါဦး"

ဟု ဟန့်တားလိုက်လေသည်။

ကျောင်းရှောင်က ...

"သား ဘာပြောချင်လို့လဲ"

ဟု မေးလေသည်။

ကျောင်းစန်းက ...

"ဖေဖေ ... ဖေဖေ့ဆီမှာ တြိဂံရွှေပြားလေးတစ်ခု ရှိနေတယ် မဟုတ်လားဟင်"

ဟု မေးလိုက်လေသည်။

မှန်ပေသည် ...။

တြိဂံရွှေပြားလေးတစ်ခုအား သူက တွေ့မြင်ခဲ့ဖူးသည်ဟု သတိထားမိခဲ့သည်။

မည်သည့်နေရာ၌ တွေ့မြင်ခဲ့ဖူးသည်ကိုမူ ရုတ်တရက် စဉ်းစား၍မရပါချေ။

ယခုမူ ဖခင်ဖြစ်သူထံ၌လည်း တြိဂံရွှေပြားလေးတစ်ခု ရှိနေကြောင်း သတိရလာခြင်း ဖြစ်ပေတော့သည်။

ကျောင်းရှောင် ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် သား ... ဖေဖေ့ဆီမှာ တစ်ခုရှိတယ်၊ ဘာဖြစ်လို့လဲ"

ကျင်းစန်းက ...

"အဲဒီတြိဂံရွှေပြားဟာ သေမင်းရဲ့အမှတ်တံဆိပ်ပဲ ဖေဖေ"

ဟု ပြောလိုက်လေသည်။

ကျင်းရှောင် သက်ပြင်းချလိုက်သည်။

"ဒီအကြောင်းတွေကို သားတောင်သိနေပြီကိုး"

ကျင်းစန်းက ...

"သွေးမြေခွေးဟာ တြိဂံရွှေပြားတွေကို ရယူဖို့ လူတွေကို ရက်ရက်စက်စက် သတ်ဖြတ်နေတာကို ကျွန်တော်ကိုယ်တိုင် တွေ့မြင်ခဲ့ရလို့ပါ ဖေဖေ"

ကျင်းရှောင်က ...

"ဟုတ်တယ် သားရဲ့ ... ဒီတြိဂံရွှေပြားဟာ သိုင်းလောကနဲ့ ပတ်သက်လာရင် အဖိုးမဖြတ်နိုင်တဲ့ ပစ္စည်းတစ်ခုဖြစ်သလို သေမင်းရဲ့ အတိတ်နိမိတ်တစ်ခုလည်း ဖြစ်တယ်ကွဲ့"

ဟု ပြောပြလေ၏။ ကျင်းစန်းက ...

"တြိဂံရွှေပြားနဲ့ ဖေဖေ ဘယ်လိုပတ်သက်နေတယ်ဆိုတာ ပြောပြပါလားဟင်"



ဟု မေးလိုက်လေသည်။ ကျင်းရှောင်က သက်ပြင်းချလိုက်ပြီး ...

"အင်း ... ဒီကိစ္စကို သားသိအောင် ပြောပြမှ ဖြစ်မယ်လို့ ဖေဖေ နားလည်နေပါပြီ၊ ကဲ ... သား နားထောင်ပေတော့"

ဟု အစချီကာ တြိဂံရွှေပြားအကြောင်းကို ပြောပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

တြိဂံရွှေပြား ထိုတြိဂံရွှေပြားသည် သိုင်းပညာရပ် တစ်မျိုးစီကို ရေးသားမှတ်တမ်းတင်ထားသော အဖိုးမဖြတ်နိုင်သည့် သိုင်းကျမ်းတစ်ခု ဖြစ်လေသည်။

ခုနစ်စဉ်ကြယ်ဂိုဏ်း၏ မူပိုင်ပစ္စည်းလည်း ဖြစ်ပေသည်။

ခုနစ်စဉ်ကြယ်ဂိုဏ်း ပျက်စီးသွားပြီးသည့်နောက်ပိုင်းတွင် ရွှေပြားခုနစ်ခုလည်း ပျောက်ဆုံးသွားခဲ့သည်။

သို့ဖြင့် နှစ်ပေါင်းအတန်ကြာအောင် သိုင်းလောကသားများ မေ့ပျောက်နေခဲ့ပြီးမှ ထူးခြားသောသတင်းတစ်ခု ထွက်ပေါ်လာသောအခါ သိုင်းလောကသားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

မြို့ကြီးသုံးမြို့တွင် ထူးဆန်းသော လူသတ်မှုများ ဖြစ်ပွားခဲ့ခြင်းပင်။

ထိုလူသတ်မှုများတွင် လူသတ်သမားသည် မိသားစုသုံးစု



အား ရက်ရက်စက်စက် သတ်ဖြတ်သွားခဲ့လေသည်။

သက်ကြီးရွယ်အိုများမှ ကလေးသူငယ်များပါ မကျန် လူမဆန်စွာ သုတ်သင်ရှင်းလင်းပစ်ခဲ့လေသောကြောင့် သိုင်းလောက၌ အုတ်အော်သောင်းတင်း ဖြစ်ခဲ့ရလေသည်။

သိုင်းသမားများသည် ဖြစ်ကြောင်းကုန်စင် စုံစမ်းကြတော့သည်။

ဤတွင် လှုပ်ကြံခံရသော မိသားစုများသည် တစ်ချိန်က ခုနစ်စဉ်ကြယ်ဂိုဏ်းမှ အရေးပါသောခေါင်းဆောင်များ ဖြစ်ကြပြီး သူတို့ လျှို့ဝှက်သိမ်းဆည်းထားကြသော တြိဂံရွှေပြားများကြောင့် လုပ်ကြံခံရခြင်းဖြစ်ကြောင်း သတင်းပေါ်ပေါက်လာလေသည်။

လုယက်သွားသူမှာ တောင်ပင်လယ်မှ သွေးမြေခွေးဆိုသူ ဖြစ်ကြောင်းလည်း သိလာရလေသည်။

များမကြာမီ အခြားနေရာ သုံးနေရာ၌လည်း လူသတ်မှုများ ဖြစ်ပေါ်လာလေသည်။

သိုင်းလောကသားများက လိုက်လံစုံစမ်းပြန်ရာ သွေးမြေခွေး၏ လက်ချက်ဖြစ်ကြောင်း သိရပြန်သည်။

သိုင်းလောကသားများသည် သွေးမြေခွေးအား သုတ်သင်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းစုရုံးကာ တောင်ပင်လယ်သို့ သွားကြလေသည်။

သို့သော် လမ်းခုလတ်မှာပင် လှိုင်းတံပိုးပြင်းထန်ခြင်း၊ လေပြင်းမုန်တိုင်း ကျရောက်ခြင်းများကြောင့် ဒုက္ခရောက်ကြရမြန်သည်။

လှေမှောက်ကာ သေသူသေကြသည်။

အစာငတ် ရေငတ် ဖြစ်ကြသည်။

နောက်ဆုံးတော့ ပင်လယ်သို့ မသွားဖုံဘဲ နောက်ကြောင်းပြန်လှည့်ကြတော့သည်။

သိုင်းလောကသားတချို့သာလျှင် တောင်ပင်လယ်သို့ရောက်ရှိသွားကြလေသည်။

ထိုသို့ ရောက်ရှိသွားကြသော သိုင်းသမားများတွင် ကျင်းရှောင်သည်လည်း တစ်ယောက်အပါအဝင် ဖြစ် ခဲ့လေတော့သည်။

✿



ကျင်းရှောင်၏မျက်နှာ တည်ကြည်လေးနက်နေသည်။ ကျင်းစန်းက ဖခင်ဖြစ်သူ၏ စကားကို စိတ်ဝင်စားစွာ နားထောင်နေလေသည်။

ကျင်းရှောင်သည် ရေနွေးကြမ်းတစ်ခွက် ငုံ့သောက်လိုက်ပြီး

"တောင်ပင်လယ်ကို ခက်ခက်ခဲခဲ အရောက်သွားနိုင်ကြတဲ့ သိုင်းသမားတွေ သိပ်မများဘူး၊ လူနှစ်ဆယ်ကျော်လောက်ပဲ ရှိတယ်၊ အဲဒီအထဲမှာ ဖေဖေလည်း ပါဝင်ခဲ့တယ်၊ တောင်ပင်လယ်ကိုရောက်တော့ သွေးမြေခွေးကို လိုက်ရှာကြတယ်၊ ဒါပေမဲ့ သွေးမြေခွေးဟာ တောင်ပင်လယ်မှာမရှိဘဲ ခရီးထွက်နေတယ်၊ သူ့အိမ်မှာ သူ့သားနဲ့ ချွေးမပဲရှိတယ် ...၊

သိုင်းသမားတချို့ဟာ သွေးမြေခွေးရဲ့သားနဲ့ချွေးမကို သုတ်သင်ပစ်လိုက်ကြပြီး သူတို့အိမ်မှာဝှက်ထားတဲ့ ကြိုဂံရွှေပြား ခြောက်ခုကို ရယူလိုက်ကြတယ်၊ ကြိုဂံရွှေပြားတွေကို သူရထိုက်တယ်, ငါ

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တယ် အချင်းချင်း အငြင်းပွားလာကြတာကြောင့် နောက်ဆုံး သိုင်းလောကကို ပြန်ရောက်မှ ဖြေရှင်းမယ်ဆိုပြီး တောင်ပင်လယ်က ပြန်လာခဲ့ကြတယ်"

ကျင်းစန်းက ...

"သွေးမြေခွေးရဲ့သားနဲ့ချွေးမကို သုတ်သင်ခဲ့ကြသူတွေထဲမှာ ဖေဖေကော ပါဝင်ခဲ့သလား"

ဟု မေးလိုက်လေသည်။

ကျင်းရှောင် မျက်နှာပျက်သွားလေသည်။ သို့သော် ခေါင်းညိတ်ကာ အမှန်အတိုင်း ဝန်ခံလိုက်လေသည်။

"ဟုတ်တယ် သား ... သွေးမြေခွေးဟာ လူဆိုးကြီးတစ်ယောက်ဖြစ်နေလို့ ကျူးပင်ခုတ် ကျူငုတ်မကျန်စေရဆိုတဲ့သဘောနဲ့ သူတို့ကို သုတ်သင်ခဲ့ရတာပါပဲ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်သလဲ ဖေဖေ"

"သူတို့ရဲ့ကလေးငယ်ကိုတော့ မသတ်ဘဲ ဖေဖေကိုယ်တိုင် ဝှက်ထားခဲ့တယ်"

"ဟင်"

ကျင်းရှောင်က ...

"ဖေဖေတို့ဟာ သွေးမြေခွေးရဲ့အိမ်ကို စီးနင်းတိုက်ခိုက်ခဲ့ကြတော့ မမျှော်လင့်ဘဲ ပုခက်တစ်ခုထဲမှာ ကလေးငယ်တစ်ယောက်ကို တွေ့ခဲ့ရတယ်၊ ဒါနဲ့ ဖေဖေကိုယ်တိုင် ကလေးကို ယူပြီး ဖေဖေ ဝှက်ထားခဲ့တယ်"



ထိုကလေးငယ်သည် ကြိုလင်းဖြစ်ရမည်ဟု ကျင်းစန်း သဘောပေါက်လိုက်လေသည်။

ကျင်းရှောင် ဆက်ပြောလိုက်၏။

"ဖေဖေတို့ ပြည်မကိုပြန်ရောက်လာချိန်မှာပဲ သွေးမြေခွေးက လိုက်လာပြီးတိုက်ခိုက်ခဲ့တယ်၊ ဖေဖေတို့လည်း စုပေါင်းပြီး ပြန်လည် တိုက်ခိုက်ခဲ့ကြတယ်၊ နောက်ဆုံး သွေးမြေခွေးရဲ့ လက်ချက်ကြောင့် ဖေဖေတို့ခြောက်ယောက်ပဲ အသက်ရှင်ကျန်ရစ်ခဲ့ပြီး ကျန်တဲ့လူတွေ သေဆုံးသွားခဲ့ကြတယ်၊ သွေးခြေခွေးလည်း ရေထဲကျသွားပြီး ပျောက်ဆုံးသွားခဲ့တယ်၊ သူ သေသွားပြီလို့ အားလုံးက ယုံကြည်လိုက်ကြတယ်လေ"

ကျင်းစန်းက ...

"ကြိုဂံရွှေပြားကိုတော့ ဖေဖေတို့ ခွဲဝေယူလိုက်ကြတာပေါ့ ... ဟုတ်လားဟင်"

ကျင်းရှောင်က ...

"ဟုတ်တယ် သား"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... သွေးမြေခွေးကို တိုက်ခိုက်ခဲ့တဲ့ကိစ္စဟာ တြိဂံရွှေပြားတွေကို လိုချင်ကြတာကြောင့်ပဲ မဟုတ်လား"

ကျင်းရှောင် မျက်နှာပျက်သွားလေသည်။ ကျင်းစန်းက ...

"ခုတော့ သွေးမြေခွေးက ပြန်ပေါ်လာပြီး ဒုက္ခပေးနေပြီ၊ သူ့ကြောင့် ဒုက္ခရောက်ခဲ့ရတဲ့သူ မနည်းတော့ပါဘူး"

ကျင်းရှောင်က ...

"ကိစ္စမရှိဘူး၊ ဖေဖေက သူ့ကို ရင်ဆိုင်နိုင်မှာပါ၊ သားက နေမကောင်းသေးဘူး၊ ဒါကြောင့် အိမ်မှာနေရဦးမယ်၊ ဖေဖေ မကြာခင် ပြန်လာခဲ့မယ်"

ကျင်းစန်း အံ့သြသွားသည်။

"ဖေဖေ ဘယ်ကိုသွားမလို့လဲဟင်"

"သွေးမြေခွေးကို လိုက်ရှာမလို့ပါ"

"ဟင်"

ကျင်းစန်း ထိတ်လန့်သွားလေသည်။ ဖခင်အတွက် စိတ်ပူသွားလေသည်။

"ဖေဖေ ... သွေးမြေခွေးကို လိုက်မရှာပါနဲ့လားဟင်"

ဟု ပြောလိုက်လေသည်။ ကျင်းရှောင်က ...

"မဖြစ်ဘူး သား ... ဖေဖေ လိုက်မရှာရင် သူက ဖေဖေ့ကို



လာရှာမှာပဲ"

"ဖေဖေ"

"သား အိမ်မှာ အနားယူနေပါ၊ ပြီးတော့ မင်းရဲ့အဒေါ် မင်းဟွာ ပေးခဲ့တဲ့ဆေးကို မှန်မှန်သောက်ပါ၊ ဒီဆေးဟာ အတော့်ကို အစွမ်းထက်တယ်၊ သားရဲ့ဒဏ်ရာ ရှင်းရှင်းပျောက်ကင်းသွားမယ့် အပြင် အတွင်းအားပါ တိုးတက်လာလိမ့်မယ်"

ပြောရင်း တြိဂံရွှေပြားလေးနှစ်ခုကို ထုတ်ယူကာ ကျင်းစန်းကို ပေးလိုက်လေသည်။

ကျင်းစန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဒါက ဘာလဲ ဖေဖေ"

"ဒါဟာ ဖေဖေရထားတဲ့ ရွှေပြားနဲ့ မင်းဟွာရခဲ့တဲ့ ရွှေပြားပဲ"

"ဒါ ဒါတွေဟာ"

ကျင်းစန်း ထစ်ထစ်ငေါ့ငေါ့ ဖြစ်နေ၏။ ကျင်းရှောင်က ...

"ဖေဖေတို့ဟာ ဒီရွှေပြားတွေကို ရခဲ့ပေမယ့် မှတ်သားထားတဲ့ ပညာရပ်ကို အစအဆုံး လေ့ကျင့်လို့ မရနိုင်ခဲ့ကြသေးဘူး၊ မင်းဟွာက ပြောတယ် ... သားဟာ မှတ်ဉာဏ်ကောင်းတယ်၊ သိုင်းကွက်တစ်ကွက်ကို မြင်ရုံနဲ့မှတ်မိတယ်၊ သိုင်းကွက်တွေကို ပေါင်းစပ်တီထွင်

www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့ ပါရမီရှိတယ်၊ ဒါကြောင့် ရွှေပြားတွေပေါ်က သိုင်းကွက်တွေကို လေ့လာလိုက်မယ်ဆိုရင် တစ်နေ့ ထိပ်တန်းသိုင်းသမားတစ်ယောက် ဖြစ်လာမယ်လို့ ပြောသွားတယ်၊ သူရထားတဲ့ ရွှေပြားကို သား အတွက် လက်ဆောင်ပေးသွားခဲ့တာပဲ"

ကျင်းစန်း မျက်နှာပျက်သွားလေသည်။

သိုင်းလောကသားတိုင်းသည် ကြိုဂံရွှေပြားအား အလွန် မက်မောကြလေသည်။ မင်းဟွာက သူမ၏ရွှေပြားကို လက်ဆောင် ပေးလိုက်သည်မှာ အကြောင်း ရှိရပေမည်။

သူမသည် သွေးမြေခွေးနှင့် သူသေကိုယ်သေ ရင်ဆိုင်မည် ဖြစ်ကြောင်း ထင်ရှားနေပါတော့သည်။ ကျင်းရှောင်က ...

"ဒီရွှေပြားတွေပေါ်က သိုင်းပညာရပ်တွေကို လေ့လာပါ၊ မကြာခင် ဖေဖေပြန်လာခဲ့မယ်"

ဟုပြောလေသည်။ ကျင်းစန်းက ...

"ဖေဖေ ဘယ်သွားမလို့လဲ"

ကျင်းရှောင် အဖြေမပေးပါချေ။ မကြားချင်ယောင်ဆောင် ကာ အခန်းတွင်းမှ ထွက်သွားလေတော့သည်။



ကျင်းရှောင် ထွက်ခွာသွားပြီဖြစ်လေသည်။ ကျင်းစန်းက ဖခင်အား တားဆီးလိုသည်။ ဖခင်နှင့်အတူ လိုက်သွားလိုသည်။

သို့သော် သွေးမြေခွေး၏လက်ချက်ကြောင့် အတွင်းဒဏ် ရရှိခဲ့သည်ဖြစ်ရကား ကောင်းစွာ မကျန်းမာသေးသဖြင့် ဖခင် နောက်သို့ လိုက်မသွားနိုင်ပါချေ။

ကျင်းစန်းက မတတ်သာဘဲ အိမ်မှာ နေရစ်ခဲ့ရလေသည်။

သူ့အား အိမ်ထိန်းလူယုံတော် ယန်ဝေက ပြုစုစောင့်ရှောက် ခဲ့လေသည်။

ကျင်းစန်းသည် မင်းဟွာပေးခဲ့သောဆေးကို မှန်မှန် သောက်ခဲ့သည်။ ဖခင်ပေးခဲ့သော ရွှေပြားနှစ်ချပ်ကို လေ့လာခဲ့သည်။

သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အာခံဝံ့သူ

နေခြည်ဖြာကျနေသည်။

ဝန်းကျင်တစ်ခုလုံး သာယာလှပနေလေသည်။ ကောင်းကင်ပေါ်တွင် တိမ်ခဲများသည် လေနှင့်အတူ လွင့်မျောနေ၏။

ငှက်ကလေးများက အသံတစာစာပေးကာ ပျံသန်းသွားကြလေသည်။

ကြည့်ပြာရောင် မိုးကောင်းကင်အောက်တွင် စိမ်းလန်းသော တောအုပ်များ၊ တောင်ကုန်းတောင်တန်းများ၊ မြေပြန့်လွင်ပြင်များ၊ ချိုင့်ဝှမ်းများ ရှိနေ၏။

တောလမ်းအတိုင်း ဖြတ်သန်းသွားနေကြသော လီထင်းတို့လူစုမှာ အရိပ်ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်၌ ခြေလှမ်းရပ်ကာ အနားယူလိုက်ကြလေသည်။

လီထင်းက နဖူးပေါ်မှချွေးများ သုတ်လိုက်ပြီး ...

"ဟိုရှေ့က တောင်ထိပ်ပေါ်မှာ ဆရာနေထိုင်ပါတယ်"



ဟု အဝေးရှိ တောင်ညိုကြီးတစ်လုံးအား ညွှတ်ပြကာ ပြောလိုက်လေသည်။ သွေးမြေခွေးက လှမ်းကြည့်လိုက်ပြီး ...

"နေ့ဝက်လောက်တော့ သွားရဦးမယ်ထင်တယ်"

ဟု မှတ်ချက်ချလိုက်လေသည်။ လီထင်းက ...

"ဟုတ်ပါတယ် ခင်ဗျာ"

သွေးမြေခွေးက ...

"ရှောင်ကောင်းအပြင် ဘယ်သူတွေ ရှိသေးသလဲ"

ဟု မေးလိုက်လေသည်။ လီထင်းက ...

"ထမင်းချက်တစ်ယောက်ပဲ ရှိပါတယ်ခင်ဗျာ"

သွေးမြေခွေးက ...

"ကောင်းပြီ ... တို့ သွားကြမယ်"

"ဟုတ်ကဲ့ဆရာ"

သူတို့သည် သစ်ပင်အောက်မှထွက်ကာ ရှေ့ဆက်သွားကြလေသည်။ မကြာပါချေ။ ရှောင်ကောင်းနေထိုင်သည့် တောင်ညိုကြီးနှင့် တစ်စထက်တစ်စ နီးကပ်သွားလေသည်။

ရောင်စုံပန်းကလေးများ ဖူးပွင့်နေသည်။ ပျားပိတုန်းလိပ်ပြာများက ပန်းဝတ်ရည်စုပ်ယူရန် ပျံဝဲနေကြသည်။ ကျေးငှက်သာရကာလေးများလည်း ဘာသာဘာဝ တေးသီကြွေးနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သာယာလှပသော ပတ်ဝန်းကျင်ကြောင့် ကြို့လင်းမှာ ပျော်ရွှင်ကြည်နူး လာလေသည်။

"အတော့်ကို သာယာလှပတဲ့နေရာတစ်ခုပါလား"

ဟု ရေရွတ်လိုက်လေသည်။ လီထင်းက ...

"တောင်ပေါ်မှာဆို ဒီထက်တောင် သာယာလှပသေးတယ် ညီမရဲ့"

ဟု မျက်နှာလိုမျက်နှာရ ပြောလိုက်လေသည်။ ကြို့လင်း၏ မျက်နှာ တင်းမာသွားသည်။

"ရှင့်ကိုမေးတာ မဟုတ်ဘူး"

ဟု ခပ်ပြတ်ပြတ် ပြောကာ သွေးမြေခွေးနောက်သို့ လိုက်သွားလေသည်။ သွေးမြေခွေးကား ပတ်ဝန်းကျင်သဘာဝ အလှအပများကို ဂရုမစိုက်ပါချေ။

တောင်ပေါ်သို့ အရောက်သွားနိုင်ရန်သာ အားခဲနေတော့သည်။ သို့ဖြင့် အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားသည်။ ဆည်းဆာနေညိုချိန်တွင် သွေးမြေခွေးတို့သည် ရှောင်ကောင်းနေထိုင်သည့် တောင်ပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားကြလေတော့သည်။

✹



နေဝင်ဆည်းဆာအချိန် နေဝန်းနီသည် အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားတော့မည် ဖြစ်လေသည်။

ဆည်းဆာတိမ်တောက်ချိန်တွင် ပတ်ဝန်းကျင်တစ်ခုလုံး သာယာလှပနေပါတော့သည်။

ထိုအချိန်တွင် လီထင်း၏ လမ်းပြခေါ်ဆောင်မှုဖြင့် သွေးမြေခွေးနှင့် ကြို့လင်းတို့သည် တောင်ထိပ်ပေါ်သို့ ရောက်လာကြပြီ ဖြစ်လေသည်။

တောင်ပေါ်တွင် သစ်လုံးများဖြင့် ဆောက်လုပ်ထားသော အိမ်ကလေးတစ်လုံး ရှိနေပါသည်။

ထိုအိမ်ကလေးမှာ ရှောင်ကောင်းနေထိုင်သောအိမ် ဖြစ်ပါသည်။

အိမ်ထဲ၌ မီးရောင်များရှိနေ၏။

သွေးမြေခွေး သဘောကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မီးရောင်ရှိနေတယ်ဆိုတော့ ရှောင်ကောင်းရှိလိမ့်မယ်"

ဟု မှတ်ချက်ချလိုက်လေသည်။

လီထင်းက ...

"ဟုတ်တယ် ... သူရှိနိုင်ပါတယ်"

ဟု ထောက်ခံလိုက်လေသည်။

သွေးမြေခွေးက ...

"ကဲ ... မင်းက ရှောင်ကောင်းကို ခေါ်လိုက်စမ်း"

"ဟုတ်ကဲ့ဆရာ"

လီထင်းသည် သွေးမြေခွေး၏အမိန့်အတိုင်း တစ်သဝေမတိမ်း လုပ်ကိုင်ဆောင်ရွက်လိုက်လေသည်။ ရှေ့သို့ လှမ်းထွက်သွားပြီး ...

"ဆရာ ဆရာ"

ဟု အော်ခေါ်လိုက်လေသည်။

သူ၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင် ...

"ဘယ်သူလဲ ... လီထင်းလား"

အိမ်ထဲမှ စကားသံထွက်ပေါ်လာသည်။

အသက်လေးဆယ်အရွယ် လူတစ်ယောက် လှမ်းထွက်လာသည်ကို တွေ့ရလေသည်။



ထိုလူမှာ ထမင်းချက်ကြီး ကျိုခွမ်းဖြစ်လေသည်။

ကျိုခွမ်းသည် လီထင်းကိုတွေ့ရလျှင် ဝမ်းသာအားရဖြစ်သွားပြီး ...

"လီထင်း ... မင်း ပြန်လာတာ ... ဟုတ်လား"

ဟု ဝမ်းသာအားရ ကြိုဆိုလာလေသည်။

လီထင်းက ...

"ဟုတ်တယ် ... အရေးကြီးတဲ့ကိစ္စရှိလို့ ဆရာနဲ့တွေ့ချင်လို့ ပြန်လာခဲ့တာ"

"ဆရာနဲ့တွေ့ချင်လို့"

"ဟုတ်တယ်"

"မင်းက ဘာကိစ္စနဲ့ တွေ့ချင်ရတာလဲ"

လီထင်း လက်ကာပြလိုက်သည်။

"ဒီကိစ္စက ဆရာနဲ့တွေ့မှ ပြောလို့ဖြစ်မယ်၊ ဆရာ ဘယ်မှာလဲ"

ကျိုခွမ်းက ...

"ဆရာမရှိဘူး"

လီထင်း မျက်မှောင်ကြုတ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုခွမ်းအား စိုက်ကြည့်လိုက်သည်။ ကျိုခွမ်း ဂနာမငြိမ် ဖြစ်နေသည်ကို တွေ့ရလေသည်။

"ကျိုခွမ်း ... ဆရာ ဘယ်မှာလဲ"

ဟု ထပ်မေးလိုက်သည်။

ကျိုခွမ်းက ...

"မရှိဘူး ... ဆရာ အပြင်ထွက်သွားတယ်"

"ဘယ်ကိုသွားတာလဲ"

"ကျုပ်ကို ပြောမသွားဘူး"

"ဒါဖြင့် ဘယ်တော့ပြန်လာမလဲ"

"ဒါလည်း ပြောမသွားဘူး"

"ကောင်းပြီ"

လီထင်းသည် မလှမ်းမကမ်း၌ ရပ်နေသော သွေးမြေခွေး တို့ထံသို့ လှမ်းသွားပြီး အကျိုးအကြောင်း ပြောလိုက်လေသည်။

သွေးမြေခွေးက ကျိုခွမ်းအား လှမ်း၍အကဲခတ်ကြည့်လိုက် ပြီး ...

"သူ ဂနာမငြိမ် ဖြစ်နေတာကို မင်းတွေ့တယ်မဟုတ်လား"

ဟု မေးလေသည်။

လီထင်းက ...



"ဟုတ်ကဲ့ ... တွေ့ပါတယ်"

"ဒါဆိုရင် သူ လိမ်ပြောနေတယ်ဆိုတာ ထင်ရှားနေတာပေါ့"

"ဟုတ်ပါတယ် ... သူ လိမ်ပြောနေတာလို့ ကျွန်တော်လည်း ထင်ပါတယ်"

"ဒါဖြင့် သူ အမှန်အတိုင်း ပြောလာအောင် မင်းဘာကြောင့် မလုပ်နိုင်တာလဲ"

လီထင်းက ...

"ကောင်းပါပြီ ဆရာ"

ချက်ချင်းပင် ကျိုခွမ်းထံသို့ ပြန်လှမ်းသွားလိုက်ပြီး ...

"ကျိုခွမ်း"

"ပြောပါ လီထင်း"

"ခင်ဗျား ဘာကြောင့်လိမ်ပြောရတာလဲ"

"ကျုပ်က ဘာလိမ်ပြောလို့လဲ"

"ဆရာရှိတယ် မဟုတ်လား"

"ဆရာ ... ဆရာ မရှိဘူး"

ကျိုခွမ်း ထစ်ထစ်ငေါ့ငေါ့ ပြောလိုက်လေသည်။ လီထင်း မဲ့ပြုံးပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ … ခင်ဗျား အမှန်အတိုင်း ပြောလာအောင် ကျုပ် လုပ်ပေးရတာပေါ့"

စကားဆုံးလျှင် လျှပ်တစ်ပြက်ရွေ့တိုးသွားပြီး ကျိုစွမ်းအား ထိုးကြိတ်လိုက်လေတော့သည်။

'ဖုန်း'

'ခွပ်'

"အား"

ဆူဆူညံညံအသံများ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

များမကြာမီ ကျိုခွမ်းသည် သွေးတလူးလူးဖြင့် မြေပေါ်၌ လဲကျနေလေသည်။

လီထင်း၏လက်ချက်ကြောင့် သေလုမျောပါး ဒဏ်ရာရရှိထားပြီ ဖြစ်လေသည်။

ထိုမျှမကသေး … လီထင်း၏ နှိပ်စက်မှုကို မခံနိုင်ဘဲ ရှောင်ကောင်း ရှိနေသောနေရာကို ပြောပြလိုက်ပြီဖြစ်လေသည်။

လီထင်း၏မျက်နှာ ပြုံးရွှင်သွားလေသည်။ သွေးမြေခွေးအား ဦးညွှတ်လိုက်ပြီး …

"ဆရာဟာ သိုင်းလေ့ကျင့်တဲ့ဂူထဲမှာ ရှိနေပါတယ်"

ဟု ပြောလိုက်လေသည်။

သွေးမြေခွေးက …

"အဲဒီနေရာကို မင်း သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ … သိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သွားရအောင်"

"ဟုတ်ကဲ့ ... ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ ခင်ဗျာ"

လီထင်းက လမ်းပြခေါ်ဆောင်သွားလေသည်။ သွေးမြေ ခွေးတို့လည်း လိုက်ပါသွားကြလေတော့သည်။



တောင်ညိုကြီးတစ်ဖက်တွင် ချောက်ကမ်းပါးကြီးတစ်ခု ရှိလေသည်။

လီထင်းက ထိုချောက်ကမ်းပါးကြီးထဲသို့ သွေးမြေခွေးတို့အား ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

နေဝန်းနီမှာ အနောက်ဘက်တွင် ငုပ်လျှိုးပျောက်ကွယ်သွားလေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်အတိကျသွားပြီး မကြာမီ တောင်းကင်ပေါ်၌ လဝန်းထွက်ပေါ်လာလေသည်။

လရောင်ဖြင့် လင်းလင်းကျင်းကျင်း ဖြစ်လာသည်။

ပတ်ဝန်းကျင်မှာ ပြန်လည် သာယာလှပလာလေသည်။

လီထင်းတို့လူစုသည် ချောက်ထဲသို့ရောက်လာကြပြီ ဖြစ်သည်။

လီထင်း၏လမ်းပြမှုကြောင့် များမကြာမီ ကျောက်ဂူကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုအား တွေ့ရှိသွားကြလေသည်။

ထိုကျောက်ဂူကြီးမှ မီးရောင်များ ထွက်ပေါ်နေပါသည်။ လီထင်းက ...

"ဒီကျောက်ဂူကြီးထဲမှာ ဆရာရှိကယ်"

ဟု ပြောလိုက်သည်။

သွေးမြေခွေး ပြုံးလိုက်လေသည်။

"ကောင်းတယ်၊ ကဲ ... မင်း နောက်ဆုတ်လိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

လီထင်းက နောက်ဆုတ်ကာ ကြံ့လင်းအနီး၌ သွားပြီး ရပ်နေလိုက်၏။

သွေးမြေခွေးက ရှေ့သို့ လှမ်းထွက်လိုက်ပြီး ...

"ရှောင်ကောင်း ... ကျုပ် ရောက်လာပြီလေ၊ မင်းက ခုထိ ပုန်းနေဦးမှာလား"

ဟု မေးလိုက်လေသည်။

သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာပါသည်။

ရုတ်တရက် ကျောက်ဂူထဲမှ မီးရောင်များ ပျောက်ကွယ်သွားတော့သည်။

"ဟား ဟား ဟား"



သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်လေသည်။

"ရှောင်ကောင်း ... မင်းက ထွက်ပြေးဖို့ ကြိုးစားနေတာလား၊ ကျုပ်က မင်းရဲ့နေရာကို ရှာလို့တွေ့ခဲ့ပြီပဲ၊ မင်း ပြေးလို့ လွတ်ဦးမှာလား"

ဟု ပြောလိုက်ပြန်၏။ ထိုစဉ် ...

'ဟူး ဟူး ဟူး'

အဝတ်အစား လေတိုးသံများ ထွက်ပေါ်လာလေသည်။

လူရိပ်တစ်ခု လျှင်မြန်စွာ ပြေးလွှားရောက်ရှိလာသည်ကို တွေ့လိုက်ရလေသည်။

ထိုလူရိပ်သည် ကျောက်ဂူထဲမှ ထွက်ပေါ်လာခြင်းမဟုတ်ပါ။ အဝေးမှ ပြေးလာခြင်းဖြစ်လေသည်။

သွေးမြေခွေးသည် မထင်မှတ်ဘဲ ရောက်ရှိလာသော လူရိပ်ကြောင့် အံ့ဩသွားပြီး ...

"ဘယ်သူလဲ"

ဟု မေးလိုက်လေသည်။ ထိုအခါ ...

"ဟင်း ဟင်း ဟင်း"

ရယ်သံတစ်ချက် ထွက်ပေါ်လာသည်။

"ကျွန်မကိုတောင် မမှတ်မိတော့ဘူးလားရှင်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးတစ်ယောက်၏စကားသံ ထွက်ပေါ်လာ၏။

သွေးမြေခွေး မကျေမနပ် ဖြစ်သွားကာ ...

"မင်းဟွာ ... ခင်ဗျားက သေချင်လို့လာခဲ့တာပဲ"

ဟု ပြောလိုက်၏။

မှန်ပေသည် ...။ မမျှော်လင့်ဘဲ ရောက်လာသူမှာ မင်းဟွာ ဖြစ်လေသည်။

မင်းဟွာက ...

"သွေးမြေခွေး ... ဒီတစ်ခါတော့ ရှင်နဲ့ပြတ်ပြတ်သားသား ဖြေရှင်းဖို့ ကျွန်မလာခဲ့တာပဲ"

ဟု ပြောလေသည်။ သွေးမြေခွေးက ...

"ကောင်းပြီ ... ကျုပ်ကလည်း ခင်ဗျားကို ချမ်းသာမပေးတော့ဘူးဆိုတာ သိရမယ်"

စကားဆုံးလျှင် မင်းဟွာထံသို့ လျှပ်တစ်ပြက် ခုန်ဝင်ကာ တိုက်ခိုက်လိုက်လေသည်။

မင်းဟွာကလည်း ပြန်လည်တိုက်ခိုက်လိုက်သည်။

ပြင်းထန်သောတိုက်ပွဲတစ်ခု ပေါ်ပေါက်လာလေတော့သည်။

✲



လရောင်အောက်တွင် ပြင်းထန်သော တိုက်ပွဲဖြစ်ပေါ်လာ၏။

မင်းဟွာနှင့် သွေးမြေခွေးတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

တိုက်ပွဲမှာ ကြောက်မက်ဖွယ်ကောင်းအောင် ပြင်းထန်နေပြီး တစ်ချက်မှားလိုက်သည်နှင့် အသက်ပျောက်သွားရမည် ဖြစ်လေသည်။

မင်းဟွာသည် သွေးမြေခွေးအား မယှဉ်နိုင်သဖြင့် ရှောင်တိမ်းနေခဲ့သူဖြစ်သည်။

ယခု သူမက ပြန်လည်ရောက်ရှိလာပြီး သွေးမြေခွေးနှင့် ယှဉ်ပြိုင်နေသည်မှာ ရသေ့နှင့်သူတော်တို့ သေဆုံးသွားကြပြီးနောက် သူမသည်လည်း ကြာကြာရှောင်တိမ်းနိုင်မည်မဟုတ်ကြောင်း နားလည်ထား၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အစွမ်းထက်မြက်သော သိုင်းကွက်များကို ထုတ်ဖော်ကာ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်ကြပြီး မကြာမီမှာပင် ...

'ဝုန်း'

ကျယ်လောင်သောအသံတစ်ချက် ထွက်ပေါ်လာလေသည်။

မင်းဟွာသည် သွေးမြေခွေး၏ လက်ချက်မိကာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားရလေသည်။

"ဟား ဟား ဟား"

သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်လေသည်။

"ဘယ်လိုလဲ ... မင်း ဘာတတ်နိုင်သေးလဲ"

ဟု ခနဲ့လိုက်သည်။ မင်းဟွာ အံကြိတ်ကာ ...

"ဘာတတ်နိုင်တယ်ဆိုတာ အခုတွေ့ရမယ်"

ပြောရင်း တရကြမ်း ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သွေးမြေခွေးကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

တိုက်ပွဲမှာ ပြင်းထန်စွာ ဖြစ်ပေါ်လာပြန်သည်။

သွေးမြေခွေးသည် မင်းဟွာအား သုတ်သင်ရှင်းလင်းရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။



ထို့ကြောင့် သူ၏ အကောင်းဆုံး သိုင်းကွက်များကို ထုတ်ဖော်ကာ တိုက်ခိုက်နေခြင်းဖြစ်ပါသည်။

သူ၏တိုက်ကွက်များသည် အပေါ်စီးရရှိကာ မင်းဟွာ၏ တစ်ကိုယ်လုံး လွှမ်းခြုံထားလိုက်လေသည်။

မင်းဟွာသည် ခုခံ၍ နောက်ဆုတ်ရမည် ဖြစ်လေသည်။

သို့သော် မင်းဟွာက နောက်မဆုတ်သည့်အပြင် ရှေ့တိုးကာ သူတင်ကိုယ်တင် တိုက်ခိုက်လိုက်လေသည်။ သို့ဖြစ်၍လည်း ထိပ်တိုက်ရင်ဆိုင်မိသည်နှင့် ...

'ဝုန်း'

သွေးမြေခွေး၏ လက်ဝါးတစ်ဖက်သည် မင်းဟွာ၏ ဝဲဘက်ပခုံးကို ရိုက်ချလိုက်မိလေသည်။

"အောင်မလေး"

မင်းဟွာ စူးရှစွာအော်ဟစ်လိုက်၏။

သူမ၏ ဝဲဘက်ပခုံးရိုး ကျိုးသွားပြီဖြစ်လေသည်။

သူမသည် ဒဏ်ရာပြင်းစွာရလိုက်သဖြင့် နောက်ဆုတ်လိုက်ရမည်ဖြစ်သလို သွေးမြေခွေးကလည်း သူမ နောက်ဆုတ်သွားမည်ဟု ယုံကြည်ထားမိသည်။

သို့သော် မင်းဟွာသည် နောက်မဆုတ်သည့်အပြင် ရှေ့တိုး

www.burmeseclassic.com

www.burmeseclassic.com



ကာ သွေးမြေခွေး၏ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်လေသည်။

သွေးမြေခွေး ရင်ထိတ်သွား၏။

"ဒါ ဘာလုပ်တာလဲ"

ဟု အော်ငေါက်ရင်း လက်ဝါးနှစ်ဖက်ဖြင့် ခုခံလိုက်၏။

သို့တိုင် မင်းဟွာ၏လက်ဝါးရိုက်ချက်က သူ၏ရင်ဝကို အဖျားခတ်ကာ ထိမှန်သွားလေသည်။

ထို့အတူ သွေးမြေခွေး၏ လက်ဝါးရိုက်ချက်သည်လည်း မင်းဟွာ၏ ရင်ဝကို ရိုက်ချလိုက်မိလေတော့သည်။

'ဝုန်း'

"အား"

စူးရှသောအော်ဟစ်သံများ ထွက်ပေါ်လာသည်။

သွေး မြေခွေးက ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

မင်းဟွာကား အဝေးသို့ လွင့်စဉ်သွားလေတော့သည်။



တိုက်ပွဲပြီးဆုံးသွားပြီဖြစ်လေသည်။

မင်းဟွာသည် မြေပေါ်တွင် စန့်စန့်ကြီး လဲနေ၏။

သွေးမြေခွေး၏လက်ချက်ကြောင့် အသက်ပျောက်သွားပြီ ဖြစ်လေသည်။

မင်းဟွာ၏လက်ချက်ကြောင့်လည်း သွေးမြေခွေး ဒဏ်ရာ ရရှိသွားလေတော့သည်။

"တောက်"

သွေးမြေခွေးမှာ မကျေမနပ်ဖြင့် တက်ခေါက်လိုက်သည်။

"သွားစမ်း"

ဟု ငေါက်ကာ မင်းဟွာ၏အလောင်းကို ကန်ထုတ်လိုက်လေသည်။

'ဝုန်း'

မင်းဟွာ၏အလောင်းမှာ အဝေးသို့ လွင့်စဉ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘိုးဘိုး"

ကြိုလင်းက ပြေးသွား၏။

"ဆရာ"

လီထင်းကလည်း မျက်နှာလိုမျက်နှာရ ပြေးသွားလိုက်လေသည်။

သို့သော် ...

"ဖယ်ကြစမ်း"

သွေးမြေခွေးက အော်ငေါက်လိုက်လေသည်။ သူ့အား ဖေးမလာသည်ကို လက်မခံပါချေ။

"ကျုပ်က ဂရုစိုက်ရမှာလား"

ဟု ပြောလိုက်လေသည်။ ထိုစဉ် ...

"ခင်ဗျား တော်တော် ဒေါသကြီးတာပဲ"

စကားသံတစ်ချက် ထွက်ပေါ်လာလေသည်။

သွေးမြေခွေးတို့ လှမ်းကြည့်လိုက်သောအခါ ကျောက်ဂူထဲမှ လှမ်းထွက်လာသည့် ရှောင်ကောင်းအား တွေ့လိုက်ရလေသည်။

သွေးမြေခွေးက ...

"နောက်ဆုတ်လိုက်စမ်း"

ကြိုလင်းတို့အား နောက်ဆုတ်ခိုင်းလိုက်လေသည်။



ကြိုလင်းနှင့် လီထင်းတို့ ကပျာကယာ နောက်ဆုတ်လိုက်ကြလေသည်။

သွေးမြေခွေးက ရှေ့သို့လှမ်းထွက်ကာ ရှောင်ကောင်းနှင့် ရင်ဆိုင်လိုက်လေသည်။

ရှောင်ကောင်း၏မျက်နှာ တည်ကြည်လေးနက်နေသည်။ သွေးမြေခွေးအား စိုက်ကြည့်လိုက်ပြီး ...

"ခင်ဗျားက ရေထဲကျသွားပေမယ့် မသေဘဲ အသက်ရှင်လိမ့်မယ်၊ တစ်ချိန်မှာ သိုင်းလောကထဲကို ဆင်းလာပြီး ဒုက္ခပေးလိမ့်မယ်ဆိုတာ ကျုပ်နဲ့ ကျင်းရှောင်တို့ ရိပ်မိခဲ့ကြတယ်၊ ဒါကြောင့် ကျုပ်တို့ဟာ သိုင်းပညာလေ့ကျင့်ရင်း ခင်ဗျားရောက်လာမယ့်အချိန်ကို စောင့်မျှော်နေကြတာပဲ"

ဟု ပြောလေသည်။

သွေးမြေခွေးက ...

"ဩော် ဩော် ... ဒါဆိုရင် မင်းရဲ့သိုင်းပညာ အတော်ကို တိုးတက်လာပြီပေါ့ ... ဟုတ်လား၊ ကောင်းပြီ ... မင်းဘယ်လောက် စွမ်းသလဲ ကြည့်ကြသေးတာပေါ့"

စကားဆုံးလျှင် ရှောင်ကောင်းထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ကောင်းကလည်း ပြန်လည်တိုက်ခိုက်လိုက်လေသည်။

ပြင်းထန်သော တိုက်ပွဲတစ်ခု ဖြစ်ပေါ်လာလေတော့သည်။



ရှောင်ကောင်းနှင့် သွေးမြေခွေးတို့ သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နေကြလေသည်။

ရှောင်ကောင်းသည် ရရှိခဲ့သော တြိဂံရွှေပြားပေါ်မှ မိုးကြိုးလက်ဝါးပညာရပ်ကို အသုံးပြုကာ တိုက်ခိုက်လိုက်ခြင်း ဖြစ်လေသည်။

သွေးမြေခွေးကား ဒဏ်ရာရရှိထားသော်လည်း ရှောင်ကောင်း၏ တိုက်ကွက်များကို ချေဖျက်နိုင်သည့်အပြင် ပြန်လည် တိုက်ခိုက်နိုင်ခဲ့လေသည်။

သွေးမြေခွေးသည် တြိဂံရွှေပြားခုနစ်ခုစလုံးကို ရရှိခဲ့ပြီး ထိုရွှေပြားများပေါ်မှ သိုင်းပညာရပ်များအား လေ့လာထားခဲ့သည် မဟုတ်ပါလား။

ထို့ကြောင့် ရှောင်ကောင်း၏ မိုးကြိုးလက်ဝါး ပညာရပ် အကြောင်းကို သိထားသည့်အပြင် ခုခံချေဖျက်ကာ ပြန်လည်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်နိုင်ခြင်း ဖြစ်ပေတော့သည်။

တိုက်ပွဲသည် တစ်စတက်တစ်စ ပြင်းထန်လာလေသည်။

သွေးမြေခွေးသည် ရှောင်တိမ်းရမည့်အခြေအနေကို လုံးဝ အရောက်မခံဘဲ ရှေ့တိုးတိုက်ခိုက်ခြင်းကိုသာ အားပြုလေသည်။

ရှောင်ကောင်း ထိတ်လန့်လာသည်။

သွေးမြေခွေးသည် လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ကထက် ပို၍ကြောက်စရာကောင်းလာသည် မဟုတ်ပါလား။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်လိုက်ကြပြီး မကြာမီ ...

'ဝုန်း'

ကျယ်လောင်သောအသံ ထွက်ပေါ်လာသည်။

သွေးမြေခွေးရော ရှောင်ကောင်းပါ နောက်ဆုတ်သွားကြလေတော့သည်။

✹

သွေးမြေခွေးသည် ရှောင်ကောင်း၏လက်ချက်ဖြင့် နောက်ထပ် ဒဏ်ရာရရှိသွားပြီ ဖြစ်လေသည်။

ထို့အတူ ...

'ဝေါ့'

ရှောင်ကောင်းသည် သွေးမြေခွေး၏လက်ချက်မိကာ သွေးများ အန်ထုတ်လိုက်လေသည်။

"ဟား ဟား ဟား"

သွေးမြေခွေးက ဟားတိုက်ရယ်မောလိုက်သည်။

"မင်းဆီက တြိဂံရွှေပြားကိုရရင် ကျုပ်ဆီမှာ ရွှေပြား ခြောက်ခု ရှိသွားပြီပေါ့"

ဟု ပြောလေသည်။

ရှောင်ကောင်းက ...

"ကျုပ်ဆီက ရွှေပြားကို ဘယ်တော့မှ မရဘူးမှတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အံကြိတ်ကာ ပြောလိုက်လေသည်။

သွေးမြေခွေးက…

"စောင့်ကြည့်သေးတာပေါ့"

ဟု ကြုံးဝါးကာ ရှေ့သို့ ခုန်ဝင်တိုက်ခိုက်လိုက်၏။

ရှောင်ကောင်းလည်း ရှိသမျှအင်အားကို အသုံးပြုကာ ပြန်လည်တိုက်ခိုက်လိုက်၏။

နှစ်ယောက်သား ထိပ်တိုက်ရင်ဆိုင်မိပြန်လျှင် …

'ဝုန်း'

"အား"

ကျယ်လောင်စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာလေသည်။

ယခုတစ်ကြိမ် ရှောင်ကောင်းရော သွေးမြေခွေးပါ မြေပေါ်လဲကျသွားလေတော့သည်။

❀



"ဘိုးဘိုး"

ကြုံလင်းက အထိတ်တလန့် ခေါ်လိုက်၏။

သွေးမြေခွေးထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် သွေးမြေခွေးမှာ မြေပေါ်မှ ခုန်ထလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ယခုမှ ကြုံလင်း စိတ်သက်သာရာ ရရှိသွား၏။

မည်သို့ဆိုစေ ရှောင်ကောင်း၏ သူသေကိုယ်သေ တိုက်ကွက်ကြောင့် ဒဏ်ရာရရှိသွားပြီ ဖြစ်လေသည်။

ရှောင်ကောင်းကား မြေပေါ်တွင် မလှုပ်မယှက်ဖြစ်နေ၏။

သွေးမြေခွေး၏လက်ချက်ကြောင့် အသက်ပျောက်သွားပြီ ဖြစ်လေသည်။

ထိုအချိန်မှာပင် …

"အင်း … ကျုပ်နောက်ကျသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချသံနှင့်အတူ စကားသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

သွေးမြေခွေး ရင်ထိတ်ကာ လှည့်ကြည့်လိုက်သောအခါ လူရိပ်တစ်ခု ရောက်ရှိလာသည်ကို တွေ့မြင်လိုက်ရလေသည်။

"ကျင်းရှောင်"

မှန်ပေသည် ...။

ရောက်လာသူမှာ ကျင်းရှောင်ဖြစ်ပေသည်။

ကျင်းရှောင်က ...

"ခင်ဗျားက ရှောင်ကောင်းဆီကိုသွားမယ်လို့ သတင်းရတာကြောင့် ကျုပ်လိုက်လာခဲ့တာ၊ ကျုပ်သာ အချိန်မီရောက်လာမယ်ဆိုရင် ခင်ဗျားသက်သာမှာ မဟုတ်ဘူး"

ဟု ပြောလေသည်။

သွေးမြေခွေး မဲ့ပြုံးပြုံးလိုက်သည်။

"မင်းနဲ့ရှောင်ကောင်းက ကျုပ်ကို ပူးပေါင်းတိုက်ခိုက်ကြဖို့ စီစဉ်ထားတာပေါ့ ... ဟုတ်လား"

ကျင်းရှောင်က ...

"ဟုတ်တယ် ... ခင်ဗျားဟာ တစ်နေ့သိုင်းလောကမှာ ပြန်ပေါ်လာလိမ့်မယ်ဆိုတာ ကျုပ်တို့ သိထားတယ်"



သွေးမြေခွေးက ...

"မင်း နောက်ကျသွားပြီ"

ကျင်းရှောင် ခေါင်းခါယမ်းလိုက်သည်။

"ကျုပ် နောက်မကျသေးပါဘူး၊ ဘာကြောင့်လဲဆိုရင် ခင်ဗျားဟာ ဒဏ်ရာရထားပြီဆိုတာ ကျုပ်သိထားလို့ပါ"

သွေးမြေခွေး မျက်နှာပျက်သွားလေသည်။

"ကျုပ်က မင်းကို ဂရုစိုက်ရမှာလား၊ သေဖို့သာပြင်ထားပေတော့"

စကားဆုံးလျှင် ကျင်းရှောင်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်၏။ ကျင်းရှောင်ကလည်း ပြန်လည် တိုက်ခိုက်လိုက်လေတော့သည်။

✿

www.burmeseclassic.com

www.burmeseclassic.com

သွေးမြေခွေးသည် ဒဏ်ရာရရှိထားပြီး ဖြစ်သည်။

သို့သော် ကျင်းရှောင်အား အနိုင်ယူနိုင်မှ သူ၏ရည်ရွယ်ချက် အောင်မြင်မည်ဖြစ်ကြောင်း သဘောပေါက်ထားလေသည်။

ထို့ကြောင့် အကောင်းဆုံး သိုင်းကွက်များ ဖော်ထုတ်ကာ ပြင်းပြင်းထန်ထန် တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

လူရိပ်များ ပူးကပ်သွားကြပြီး မကြာမီ ...

'ဝုန်း'

"အား"

စူးရှကျယ်လောင်သော အော်ဟစ်သံများ ထွက်ပေါ်လာသည်။

ကျင်းရှောင်ကော သွေးမြေခွေးပါ မြေပေါ် လဲကျသွားကြလေတော့သည်။

❁

ယခုတစ်ကြိမ်တွင် ပထမဦးစွာ ပြန်ထလာသူမှာ သွေးမြေခွေးပင် ဖြစ်လေသည်။

ကျင်းရှောင်က မလှုပ်မယှက် လဲကျနေ၏။

တြိဂံရွှေပြားအတွက် သွေးမြေခွေးက သိုင်းလောကသားများအား တိုက်ခိုက်ခဲ့သည်။

သိုင်းလောကသားများကလည်း သွေးမြေခွေး၏မိသားစုကို သုတ်သင်ကာ ရွှေပြားများကို ရယူခဲ့ကြပြန်သည်။

သွေးမြေခွေးက မကျေနပ်ဘဲ လိုက်လံတိုက်ခိုက်သည်။ ရန်ငြိုးရန်စနှင့် လက်တုံ့ပြန်ခြင်း သံသရာသည် အဘယ်မှာ အဆုံးသတ်နိုင်ပါတော့မည်နည်း။

"ဘိုးဘိုး"

ကြုံလင်းက စိုးရိမ်တကြီးခေါ်လိုက်သည်။

သွေးမြေခွေးက ...

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား … တွေ့ဂံရွှေပြားခုနစ်ပြားစလုံး ငါ့လက်ထဲကို ပြန်ရောက်ပြီဟေ့"

ဟု ကြွေးကြော်လိုက်သည်။ ရုတ်တရက် သူ၏ခန္ဓာကိုယ်ဆတ်ခနဲ တုန်ခါသွားပြီး …

'ဝေါ့'

ပါးစပ်ထဲမှ သွေးများအန်ထုတ်ကာ မြေပေါ်လဲကျသွားတော့သည်။

"ဟင်"

ကြံ့လင်းသည် အဘိုးဖြစ်သူ မြေပေါ်မှပြန်ထလာသဖြင့် ဝမ်းသာမည်ကြံရုံ ရှိသေးသည် … သွေးမြေခွေးက သွေးအန်ကာ မြေပေါ်လဲကျသွားသည်ကို တွေ့ရသဖြင့် ထိတ်လန့်သွားတော့သည်။

"ဘိုးဘိုး"

ဟုခေါ်ကာ ပြေးသွားရန် ဟန်ပြင်လိုက်စဉ်မှာပင် အကွက်င်းနေသော လီထင်းက ကြံ့လင်း၏ သွေးကြောတစ်ခုကို ပိုင်ပိုင်နိုင် ထိုးချလိုက်လေသည်။

"အင့်"

ကြံ့လင်းလည်း မြေပေါ်လဲကျသွားတော့သည်။



"ဟား ဟား ဟား"

လီထင်းက အောင်မြင်ဝံ့ကြွားစွာ ရယ်မောလိုက်လေတော့သည်။

❁

www.burmeseclassic.com

www.burmeseclassic.com

ရွှေပြားငါးပြား ...။

တြိဂံရွှေပြားငါးပြားသည် လီထင်း၏လက် ထဲရောက်လာပြီ ဖြစ်သည်။

သို့သော် ကျင်းရှောင်နှင့်မင်းဟွာတို့၏ ရွှေပြားများ လိုနေသေး၏။

လီထင်း မကျေမနပ် ဖြစ်သွားလေသည်။

"တောက် ... ကျန်တဲ့ရွှေပြားတွေက ဘယ်ရောက်ကုန်ပြီလဲ"

ဟု ရေရွတ်လိုက်လေသည်။ ထိုစဉ် ...

"ကျုပ်ဆီမှာ"

စကားသံနှင့်အတူ ကျင်းစန်းရောက်လာသည်ကို တွေ့လိုက်ရလေသည်။

လီထင်း မျက်နှာပျက်သွားသည်။



သို့သော် ဟန်ဆောင် ပြုံးလိုက်ပြီး ...

"ညီလေး ... မင်းရောက်လာတာနဲ့ အတော်ပဲ"

ဟု ပြောလိုက်သည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်၏။

"အစ်ကိုကြီးဟာ ဆရာ့အပေါ် သစ္စာဖောက်ခဲ့တယ်၊ ကျွန်တော့်ကိုလည်း မကောင်းကြံခဲ့တယ်ဆိုတာ ကျွန်တော် သိထားပြီးပါပြီ"

"ဘာကွ"

"ကျွန်တော်က ဖေ့ဖေ့နောက်က လိုက်လာခဲ့တာပါ၊ အဖြစ်အပျက်အားလုံးကို တွေ့မြင်ထားပြီးပါပြီ"

"ကျင်းစန်း ... မင်း ..."

ကျင်းစန်းက ဝမ်းနည်းကြေကွဲသောလေသံဖြင့် ...

"ကျွန်တော့်အဖေဟာ သွေးမြေခွေးရထားတဲ့ ရွှေပြားတွေကို လိုချင်လို့ တောင်ပင်လယ်ကို သွားရောက်တိုက်ခိုက်ခဲ့တဲ့ သိုင်းသမားတွေထဲမှာ ပါဝင်ခဲ့တယ်၊ ခုတော့ ဖေဖေဟာ သူမက်မောခဲ့တဲ့ ရွှေပြားအတွက် အသက်ပေးလိုက်ရပါပြီ"

ဟုပြောလေသည်။

သူသည် အခြေအနေအရပ်ရပ်ကို နားလည်သဘောပေါက်

www.burmeseclassic.com

www.burmeseclassic.com



ထားပြီဖြစ်လေသည်။

ရွှေပြားများကို မက်မောကာ သိုင်းလောကသားအချင်းချင်း လုပ်ကြံကြသည်။ တိုက်ပွဲများ ဖန်တီးကြလေသည်။

သူ၏ဖခင်သည်ပင် အပြစ်မရှိသော သွေးမြေခွေး၏သား နှင့်ဇနီးကို လုပ်ကြံရာတွင် ပါဝင်ခဲ့သည် မဟုတ်ပါလား။

လီထင်းက ...

"ညီလေး ... မင်း ဘာတွေ ပြောနေတာလဲ၊ ညီလေးဆီက ရွှေပြားနဲ့ ကျုပ်ရဲ့ရွှေပြား ပေါင်းလိုက်ရင် ခုနစ်ခုပြည့်စုံသွားပြီ၊ သိုင်း လောကကို စိုးမိုးနိုင်ပြီကွ"

ဟု ပြောလိုက်လေသည်။ ကျင်းစန်းက ...

"ဒီရွှေပြားတွေ ရှိနေသေးရင် သိုင်းလောကမှာ တိုက်ပွဲတွေ ပေါ်ပေါက်နေဦးမှာပဲ၊ ဒါကြောင့် ဖျက်ဆီးပစ်လိုက်ဖို့ ဆုံးဖြတ်ထား ပြီးပါပြီ"

စကားဆုံးလျှင် ရွှေပြားနှစ်ပြားကို ထုတ်ယူကာ လက်ဝါး နှစ်ဖက်ဖြင့် ညှပ်ကာ ရိုက်ချလိုက်လေသည်။

"ညီလေး မလုပ်နဲ့"

လီထင်းက အထိတ်တလန့် ဟန့်တားလိုက်သော်လည်း နောက်ကျသွားချေပြီ။



'ခွမ်း'

ရွှေပြားလေးနှစ်ချပ်မှာ ပြင်းထန်သော ရိုက်ချက်ကြောင့် ပျက်စီးသွားရလေတော့သည်။ လီထင်း ဒေါသခြောင်းခြောင်း ထွက် သွားလေသည်။

"သေပေတော့"

ဟု ကြုံးဝါးကာ ကျင်းစန်းထံသို့ ပြေးဝင်တိုက်ခိုက်လိုက်၏။

သို့သော် သူက လှုပ်ရှားလိုက်သည်နှင့် ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားပြီး ...

'ဝေါ့'

ပါးစပ်ထဲမှ သွေးမည်းများ အန်ထုတ်ကာ မြေပေါ်လဲကျ သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

လီထင်းမှာ မြေပေါ်လဲကျကာ သေဆုံးသွားပြီ ဖြစ်လေသည်။

ကျင်းစန်း ကြောင်အမ်းအမ်းဖြစ်သွား၏။

မည်သို့ဆိုစေ လီထင်းနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခြင်း မပြုရသည်ကို ကျေနပ်မိသည်။

အမှန်မှာ သွေးမြေခွေး တိုက်ထားသော အဆိပ်ဆေးက အစွမ်းပြလာသဖြင့် လီထင်း အဖြစ်ဆိုးကြုံသွားရခြင်းဖြစ်ပါသည်။

သွေးမြေခွေး၏လက်ချက်ကြောင့် ဒဏ်ရာရရှိခဲ့ရာ ကောင်းစွာ ပျောက်ကင်းမှု မရှိသေးခြင်းကြောင့် ဖြစ်လေသည်။

ကျင်းစန်းသည် ကြုံလင်းအား သွေးကြောဖွင့်ပေးလိုက်၏။ ကြုံလင်းက လှုပ်ရှားလာနိုင်သည်နှင့် ...

"သေပေတော့"

ကျင်းစန်းအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေသည်။



ကျင်းစန်းက မလှုပ်မယှက် ရပ်နေလိုက်၏။ ကြုံလင်း အံ့သြသွားပြီး

"ရှင် မခုခံဘူးလား"

ဟုမေးလိုက်သည်။

ကျင်းစန်း ခေါင်းခါယမ်းလိုက်သည်။

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ရှင့်"

"ကျုပ်က အကြောင်းမဲ့ ယှဉ်ပြိုင်တိုက်ခိုက်ရတာကို မလိုလားလို့ပါဗျာ"

"ရှင် ရှင်"

ကျင်းစန်း သက်ပြင်းချလိုက်သည်။

"တစ်ယောက်ကိုတစ်ယောက် ရန်ငြိုးထားပြီး အပြန်အလှန် လက်စားချေနေကြတဲ့ သိုင်းလောကကို ကျုပ် စိတ်ကုန်သွားပါပြီ၊ ညီမရဲ့အဘိုးနဲ့မိဘတွေ ကျုပ်ရဲ့အဖေနဲ့ ဆရာတွေဟာ မှားယွင်းတဲ့ လုပ်ရပ်တွေကြောင့် လက်စားချေတဲ့ သံသရာထဲ နစ်မြုပ်ခဲ့ရပြီး ဘဝဆုံးခဲ့ရပါပြီ၊ ဒီလိုအဖြစ်မျိုးတွေကို ကျုပ်မလိုလားပါဘူး၊ ဒါကြောင့် ကျုပ် သိုင်းလောကကို ကျောခိုင်းဖို့ ဆုံးဖြတ်လိုက်တာပါ၊ ညီမလည်း တောင်ပင်လယ်ကို ပြန်သွားတာ အကောင်းဆုံးပါပဲ"

စကားဆုံးလျှင် ချာခနဲလှည့်ကာ ဖခင်ဖြစ်သူ၏ အလောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆီသို့ လှမ်းသွားလိုက်၏။ ထို့နောက် ဖခင်ကို ပခုံးပေါ်ထမ်းကာ ထွက်ခွာသွားလေသည်။

ကြုံလင်း ငိုင်နေ၏။ တရွေ့ရွေ့ ဝေးသွားသော ကျင်းစန်းကို ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ရန်ငြိုးသံသရာ။ ကျင်းစန်းက ရန်ငြိုးသံသရာကို ချေဖျက်လိုက်ချေပြီ။

ကြုံလင်းသည် ကျန်နေသေးသည့် ရွှေပြားငါးခုကို ဖျက်ဆီးပစ်ပြီး တောင်ပင်လယ်သို့ ပြန်သွားရန် ဆုံးဖြတ်လိုက်လေတော့သည်။

ပြီး၏။

တက္ကသိုလ်နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com